# ကြေးမုံ
**The Mirror Daily**
Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 22 April 2020 ၉၉၉၀


# ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းပြီး လုံခြုံရေးအခြေအနေများ ပြန်လည်ကောင်းမွန်လာချိန်တွင် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
သတင်းထုတ်ပြန်ချက်
၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၁ ရက်)

၁။ စားနပ်ရိက္ခာ ပြတ်လပ်၍ အတိဒုက္ခရောက်လျက်ရှိသော ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှ ပြည်သူများအတွက် ရိက္ခာဆန်များကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၉ ရက်နေ့၊ နေ့လယ်ပိုင်းတွင် ရောက်ရှိအောင် ပို့ဆောင်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ကြားသိရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

○ **ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အသက်စွန့်၍ ရှပ်ရှပ်ချုံချုံ တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သား အရာရှိ၊ စစ်သည်များ အားလုံးကို အသိအမှတ်ပြု ချီးကျူးဂုဏ်ပြု**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူများ တစ်ဦးချင်း တစ်ဦးချင်း တာဝန်ကျေစေချင်ကြောင်း သတင်းစကားပါး

**နေပြည်တော် ဧပြီ ၂၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူများ တစ်ဦးချင်း တစ်ဦးချင်း တာဝန်ကျေစေချင်ကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည်-

ကျွန်မတို့နိုင်ငံ အနယ်နယ်အရပ်ရပ်က ပြည်သူများနဲ့ video တွေ့ဆုံဆွေးနွေးပွဲတွေလုပ်ခြင်းရဲ့ အကြီးမားဆုံး ရလဒ်ကတော့ COVID-19 စိန်ခေါ်မှုတွေကိုကျော်လွှားဖို့ ကြိုးပမ်းနေကြသူတွေရဲ့ အရေးကြီး လိုအပ်ချက်တွေကို သိနိုင်ခြင်းပဲ ဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနနဲ့ အခြားသက်ဆိုင်ရာဌာနတွေက ဆွေးနွေးပွဲပြီးတာနဲ့ ဘယ်နေရာမှာ ဘာတွေဖြည့်ဆည်းပေးဖို့လိုတယ်ဆိုတာကို သုံးသပ်ပြီး လုပ်နိုင်တာတွေကို ချက်ချင်းလုပ်ပါတယ်။


ဥပမာပေးရမယ်ဆိုရင် ရောဂါဝတီတိုင်းနဲ့ ဆွေးနွေးပြီးတာနဲ့ masks, thermometer, PPE, လက်အိတ်တွေ ဘယ်လောက်များများ၊ ဘယ်လောက်မြန်မြန်ပို့နိုင်မယ်ဆိုတာကို ကြည့်ပြီးစီစဉ်ပါတယ်။ ဝန်ထမ်းအိမ်ရာ အဆင်မပြေတာမျိုးကိစ္စကတော့ ချက်ချင်းမဖြေရှင်းနိုင်ပေမဲ့ လုပ်နိုင်မဲ့နည်းတွေ စပြီးလေ့လာနေပါပြီ။

သူနာပြုဆရာမလေး ပြောခဲ့တာတွေထဲမှာ အထူးသတိရနေတာ တစ်ခုရှိပါတယ်။ အချို့ ပြည်သူတွေက ကျန်းမာ ရေးဝန်ထမ်းတွေကို ကျေးဇူးမတင်ကြဘူး၊ လခရလို့လုပ်တာ၊ ဘာလို့ကျေးဇူးတင်ရမှာလဲတဲ့။ ရပိုင်ခွင့်ကို ရှေ့တန်းတင်တဲ့ ခေတ်ကြီးမှာ ဒီလိုမြင်တာ မထူးဆန်းပါဘူး။ ဒါပေမဲ့ တာဝန်ရဲ့တန်ဖိုး၊ ကျေးဇူးရဲ့မင်္ဂလာကို အလေးမထားတာက ဝမ်းနည်းစရာပါ။

နှစ်သစ်ကူးချိန်တစ်ချိန်က မြန်မာနိုင်ငံအတွက် ဘာဆုတောင်းချင်လဲလို့ ကျွန်မကိုမေးတာရှိခဲ့ပါတယ်။ စိတ်ထဲမှာရှိတဲ့အတိုင်း ပြည်သူတွေ တစ်ဦးချင်း တစ်ဦးချင်း တာဝန်ကျေစေချင်တယ်လို့ ဖြေလိုက်ပါတယ်။

ဒီဆုသာပြည့်ရင် နိုင်ငံအတွက် အားလုံးပြည့်စုံပါပြီ။

○ **နှစ်သစ်ကူးချိန်တစ်ချိန်က မြန်မာနိုင်ငံအတွက် ဘာဆုတောင်းချင်လဲလို့ ကျွန်မကို မေးတာရှိခဲ့ပါတယ်။ စိတ်ထဲမှာရှိတဲ့အတိုင်း ပြည်သူတွေ တစ်ဦးချင်း တစ်ဦးချင်း တာဝန်ကျေစေချင်တယ်လို့ ဖြေလိုက်ပါတယ်။ ဒီဆုသာပြည့်ရင် နိုင်ငံအတွက် အားလုံးပြည့်စုံပါပြီ။**







# ကြေးမုံ

## လူအများရှောင်ရှား ရောဂါကူးစက်မှုကာကွယ်

သင်္ကြန်ရုံးပိတ်ရက်ကာလပြီးဆုံးသည့် ဧပြီလ ၂၁ ရက်နေ့မှစတင်၍ ရန်ကုန်မြို့ရှိပြည်သူများသည် မိမိတို့၏ လုပ်ငန်းခွင်များသို့ တဖွဲဖွဲဝင်ရောက်လာကြသည်။ ပြည်သူများအနေဖြင့် ရုံးပိတ်ရက်ရှည် အလုပ်မဆင်းရသည့်ရက်များမှသည် လုပ်ငန်းခွင်သို့ဝင်ရောက်ရေးကိုသာ ဆန္ဒစောနေကြသည်။ အမှန်တွင် ပြီးခဲ့သည့်ရက်များမှာ အများပြည်သူရုံးပိတ်ရက်ဖြစ်သလို ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပြန့်ပွားနေသောအချိန်အခါဖြစ်၍ လူစုလူဝေး မနေရန်၊ မိမိတို့၏နေအိမ်တွင်သာနေထိုင်ရန် ရပ်ရွာအလိုက် ဒေသန္တရအမိန့်များဖြင့် တားမြစ်ထားဆဲဖြစ်သည်။

သို့သော် ရောဂါကူးစက်မှုဘေးအန္တရာယ် ကြီးမားသည်မှာ မှန်သော်လည်း၊ လိုက်နာရမည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်မှာ မှန်သော်လည်း မိမိတို့၏စားဝတ်နေရေးနှင့် အလုပ်အကိုင်ဝင်ငွေရရှိရေးအတွက် ရောဂါဘေးကိုအန်တုပြီး အရဲစွန့်ကာ သွားလာလုပ်ကိုင်နေကြသည့် အချို့ပြည်သူများကို ရန်ကုန်မြို့ ကန့်သတ်မြို့နယ် ခုနစ်မြို့နယ်မှလွဲ၍ မြင်တွေ့ခဲ့ရသည်။

ယခု မတ်လ ၂၃ ရက်နေ့မှ ဧပြီလ ၂၁ ရက်နေ့အထိ ရောဂါကူးစက်သူ ၁၂၁ ဦးရှိပြီး လူဦးရေအထူထပ်ဆုံး၊ အလုပ်အကိုင်အများဆုံး ရန်ကုန်မြို့တွင် အများဆုံးကူးစက်ခံရသည်။ ယခုရောဂါဖြစ်မှုသည် မတ်လနှင့် ဧပြီလ အစောပိုင်းက ထိတွေ့မှုများကြောင့် ရောဂါကူးစက်ဖြစ်ပွားရခြင်းဖြစ်ပြီး ရောဂါကူးစက်မှု မတိုးပွားရန်အတွက် အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ပြီး တားဆီးကာကွယ်နေရသည်။

အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်သည်ဆိုရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများအပေါ်၌ မေတ္တာ၊ စေတနာထားကာ ငဲ့ညှာထောက်ထားသောအားဖြင့် အဖြစ်နိုင်ဆုံး ဆောင်ရွက်နေခြင်းဖြစ်ပြီး ပြည်သူများအပေါ်တွင် တင်းတင်းကျပ်ကျပ် ပြင်းပြင်းထန်ထန် မပြုလုပ်ပေ။ ပြည်သူသာလျှင်အဓိကဖြစ်၍ ပြည်သူပြည်သားများအနေဖြင့် အသိစိတ်ဓာတ်ရှိစွာ လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းသည့်သဘောဖြစ်သည်။

ယခုရောဂါကူးစက်ခံရသူ ၁၂၁ ဦးမှာ အစောပိုင်းကာလ ထိတွေ့မှုများကြောင့်သာဖြစ်ပြီး ယခုနောက်ပိုင်းထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာမှုအားနည်းပါက လာမည့်ရက်သတ္တပတ်များတွင် ရောဂါကူးစက်မှု ယခုထက်ဆတိုးများပြားလာမည်ကို သတိချပ်ရမည်ဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့်လည်းကောင်း၊ အလုပ်လုပ်ကြမည့်သူများအနေဖြင့်လည်းကောင်း မိမိတို့၏ လက်ရှိအရေးထက် လာမည့်အရေးသည် ပိုမိုအရေးကြီးကြောင်း သတိပြုကြရမည် ဖြစ်သည်။

ယခုအခါ နယ်ဒေသများတွင် ညွှန်ကြားချက်နှင့်အညီ ရောင်းဝယ်ဖောက်ကားလုပ်ကိုင်ဆောင်ရွက်နေကြသည်ကို စိတ်ချမ်းမြေ့ဖွယ်မြင်တွေ့ရပါသည်။ အချို့နေရာဒေသများတွင် ညွှန်ကြားချက်ကို အလေးမမူဘဲ သွားလာလုပ်ကိုင်နေကြသည်ကို စိုးရိမ်ဖွယ်တွေ့ရသည်။ လက်ရှိတွင် ရောဂါရှိသူနှင့်ထိတွေ့မှုကြောင့် ကူးစက်ခံရခြင်းများရှိသလို ရောဂါရှိသူနှင့် မထိတွေ့ဘဲ ကူးစက်ခံရသူများရှိလာသည်မှာ စိုးရိမ်ဖွယ်ဖြစ်သည်။

ကိုဗစ်–၁၉ ရောဂါပိုးရှိသူများမှ ရောဂါပိုးစွန့်ထုတ်သည့်ကာလမှာ ရောဂါလက္ခဏာမပြမီ နှစ်ရက်မှ ရောဂါလက္ခဏာပြပြီး ၂၈ ရက်နေ့အထိ ရှိကြောင်းနှင့် အဆိုပါကာလအတွင်း အခြားသူများသို့ ရောဂါဖြန့်ဝေပေးနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိပေးထားသည်။ ယခုအခါ ဆေးရုံများ၌ ကိုဗစ် – ၁၉ လူနာများအား ကုသမှုနှင့် လူနာများကို ထိတွေ့ခဲ့သူများအား ရှာဖွေဖော်ထုတ်ခြင်းကို ပထမဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။ လူနာများနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေဖော်ထုတ်နေဆဲတွင် ထိတွေ့ခဲ့သူမှတစ်ဆင့် အခြားသူများအဆင့်ဆင့်သို့ ထပ်မံထိတွေ့ခဲ့ပါက ကြီးမားကျယ်ပြန့်သောပြဿနာ ဖြစ်လာနိုင်သည်။

သို့ဖြစ်ရာ ပြည်သူအားလုံးအနေဖြင့် မိမိတို့၏ စားဝတ်နေရေး အရေးကိစ္စများသည် အရေးကြီးသည်မှန်သော်လည်း ယင်းအတွက် မိမိတို့လှုပ်ရှားသွားလာလုပ်ကိုင်ရင်းဖြင့် ရောဂါရှိသူတစ်ဦးနှင့် ထိတွေ့မှုရှိခဲ့မည်ဆိုပါက ရောဂါဘေးအန္တရာယ် ကျယ်ပြန့်လာနိုင်သောကြောင့် နှာခေါင်းစည်းအုပ်ခြင်း၊ လက်ဆေးခြင်း၊ လူထူထပ်သောနေရာများကို ရှောင်ရှားခြင်းနှင့် သက်ဆိုင်ရာမှ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်းဖြင့် ရောဂါကူးစက်မှုကို ကာကွယ်ကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်"စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများ အနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID–19 အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၁–၄–၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၀,၀၀၀ | ၅,၄၀၀ | ၅၄,၀၀၀,၀၀၀ |
| MTSH | ၃,၆၅၀ | ၃,၆၅၀ | ၂,၈၁၆ | ၁၀,၂၇၈,၂၅၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၈ | ၁၇၂,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၂၀၉ | ၅၈၅,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧပြီ ၂၁

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၄၅/၄၈၀ ကျပ် | ၄၆၀/၄၉၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၄၄၀/၅၀၀ ကျပ် | ၄၉၅/၅၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၃၁၀/၃၅၀ ကျပ် | ၃၅၀/၃၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၅၅/၄၉၀ ကျပ် | ၄၇၅/၅၀၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၂၀/၄၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၃၀/၄၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၂၈၀/၂၉၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၉.၅ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၄၉.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၁.၇၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၀၃၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၅.၅၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၆၀၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၃၁.၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၆.၀၇ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၀.၆၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၁.၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သော အရပ်သားများ သေဆုံး/ဒဏ်ရာရရှိမှု ဖြစ်စဉ်များ ကြားသိရသည့်အတွက် များစွာဝမ်းနည်း စိတ်မကောင်းဖြစ်ရ။ ယင်းသို့ သေဆုံး/ ဒဏ်ရာရရှိခဲ့သော အရပ်သားများ၊ ယင်းတို့၏ မိသားစုဝင်များအတွက်လည်း နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့် ပံ့ပိုးကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည်

☆ ရှေ့ဖုံးမှ

၂။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းပြီး လုံခြုံရေးအခြေအနေများ ပြန်လည်ကောင်းမွန်လာချိန်တွင် ဒေသခံပြည်သူများအတွက် စားဝတ်နေရေးနှင့် ရေရှည်ဖွံ့ဖြိုးရေးအတွက် ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် နိုင်ငံတစ်ဝှမ်းလုံးရှိ အစိုးရ၊ ပြည်သူ၊ စေတနာ့ဝန်ထမ်းများက အလေးထား ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ULA/ AA အကြမ်းဖက်အုပ်စုက ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်း အဖျက်၊ အမှောင့် လုပ်ရပ်များ လုပ်ဆောင်နေသဖြင့် ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အသက်စွန့်၍ ရွပ်ရွပ်ချွံချွံ တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သား အရာရှိ၊ စစ်သည်များအားလုံးကို အသိအမှတ်ပြု ချီးကျူးဂုဏ်ပြုပါသည်။

၄။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သော အရပ်သားများ သေဆုံး/ ဒဏ်ရာရရှိမှု ဖြစ်စဉ်များကြားသိရသည့်အတွက် များစွာဝမ်းနည်း စိတ်မကောင်းဖြစ်ရပါသည်။ ယင်းသို့ သေဆုံး/ ဒဏ်ရာရရှိခဲ့သော အရပ်သားများ၊ ယင်းတို့၏ မိသားစုဝင်များအတွက်လည်း နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့် ပံ့ပိုးကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၅။ လက်နက်ကိုင်ပဋိပက္ခကြောင့် ဆင်းရဲဒုက္ခ တွေ့ကြုံနေရသည့် ဖြစ်ရပ်များမှ မိမိတို့ပြည်သူများ ကင်းဝေးနိုင်စေရန်အတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးဖြစ်စဉ်ကို အောင်မြင်သည်အထိ မဆုတ်မနစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

# သတင်းထုတ်ပြန်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ဒေသခန့်ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးပြည့်စုံဝင်းမောင်သည် ၂၀-၄-၂၀၂၀ ရက်နေ့က ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ရာမောင်းတံတားအနီးတွင် ၎င်းမောင်းနှင်လာသည့် မော်တော်ယာဉ်အား တိုက်ခိုက်ခြင်းခံရမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး၊ အင်္ဂါနေ့ နံနက်စောစောက ကွယ်လွန်သွားကြောင်း အထူးဝမ်းနည်းစွာဖြင့် ကြားသိရပါသည်။ ယင်းဖြစ်ရပ်မှာ WHO တံဆိပ်အမှတ်အသား ထင်ရှားစွာတပ်ဆင်ထားသော မော်တော်ယာဉ်တစ်စီးကို တိုက်ခိုက်ခြင်းဖြစ်သည့်အပြင် ယင်းမော်တော်ယာဉ်သည် COVID–19 ရောဂါ သံသယရှိလူနာများ၏ နှာခေါင်းတို့ဖတ်နမူနာများအား ရန်ကုန်မြို့ရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပို့ဆောင်ရန် ထွက်ခွာလာစဉ် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း သိရှိရသည့်အတွက် ပိုမို၍ပင် တုန်လှုပ်မိပါသည်။

မြန်မာအစိုးရအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဝန်ထမ်းတစ်ဦး အသက်ဆုံးရှုံးခဲ့ရသည့်အတွက် ကုလသမဂ္ဂ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကျန်ရစ်သူမိသားစုတို့အား အထူးစာနာထောက်ထား ဝမ်းနည်းကြေကွဲမိပါကြောင်း ဖော်ပြလိုပါသည်။ COVID–19 ကပ်ရောဂါအား တိုက်ဖျက်ရေးအတွက် မြန်မာအစိုးရ၏ မဆုတ်မနစ် ကြိုးပမ်းမှုများကို ကူညီပံ့ပိုးရန် လူသားချင်းစာနာထောက်ထားမှုတာဝန် ထမ်းဆောင်နေသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မော်တော်ယာဉ်တစ်စီးအပေါ် ယင်းသို့သော ပြစ်တင်ရှုတ်ချဖွယ်ရာလုပ်ရပ် ကျူးလွန်ခဲ့ခြင်းအတွက် မြန်မာအစိုးရအနေဖြင့် များစွာစိတ်မကောင်း ဖြစ်မိပါသည်။

မြန်မာအစိုးရအနေဖြင့် လက်နက်ကိုင်အဖွဲ့များကြောင့် ကြုံတွေ့နေရသည့် အခက်အခဲ စိန်ခေါ်မှုများရှိလင့်ကစား ကမ္ဘာ့ကပ်ရောဂါဘေး ကျော်လွှားနိုင်ရေးအတွက် ကုလသမဂ္ဂ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့နှင့် အတူတကွ နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အစိုးရအနေဖြင့် ယခုဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားရေးအတွက် လည်းကောင်း၊ ယခုကဲ့သို့ ရှုတ်ချဖွယ်လုပ်ရပ်မျိုး ထပ်မံမဖြစ်ပွားစေရန် ကာကွယ်တားဆီးရေးအတွက်လည်းကောင်း ဆောင်ရွက်သွားရန် ခိုင်မာစွာ ဆုံးဖြတ်ထားပါကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၁ ရက်

# နိုင်ငံတော်အရန်ဆန်အဖြစ် ပြည်ပတင်ပို့ပမာဏ၏ ၁၀ ရာခိုင်နှုန်းကို ပို့ကုန်လုပ်ငန်းရှင်များထံမှ ဝယ်ယူမည် နိုင်ငံတော်အရန်ရိက္ခာများ ဝယ်ယူစုဆောင်းရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဧပြီ ၂၁**

နိုင်ငံတော်အရန်ရိက္ခာများ ဝယ်ယူစုဆောင်းရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။

**စိုးရိမ်စရာမရှိ**

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဆန်ဖူလုံမှုရှိနေသည့်အတွက် စိုးရိမ်စရာမရှိပါကြောင်း၊ ပိုလျှံသည့်ဆန်များကို ပြည်ပသို့တင်ပို့လျက်ရှိရာ ပို့ကုန်လုပ်ငန်းရှင်များထံမှ ပြည်ပတင်ပို့သည့် ပမာဏ၏ ၁၀ ရာခိုင်နှုန်းကို နိုင်ငံတော်အရန်ဆန်အဖြစ် တန်ချိန် ၅၀၀၀၀ ဝယ်ယူရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စားအုန်းဆီအနေဖြင့်လည်း တန်ချိန် ၁၂၀၀၀ ဝယ်ယူရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အရန်ရိက္ခာအဖြစ် ဝယ်ယူရန်အတွက် ခွင့်ပြုရန်ပုံငွေလည်း ရရှိပြီးဖြစ်ကြောင်း၊ ယခုအစည်းအဝေးမတိုင်မီကတည်းကပင် အရန်ရိက္ခာထားရှိရေးနှင့်ပတ်သက်၍ အသင်းအဖွဲ့များနှင့် အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးထားပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော်အရန်ရိက္ခာအဖြစ် ဝယ်ယူရာတွင် သင့်လျော်သည့် ဈေးနှုန်း၊ သင့်လျော်သည့် အရည်အသွေးရှိစေရန်နှင့် သိုလှောင်ရာတွင် လေလွင့်ပျက်စီးမှုမရှိစေရန် ဆောင်ရွက်မည့် အသေးစိတ်အခြေအနေများကို အသင်းအဖွဲ့များက ညှိနှိုင်းဆွေးနွေးတင်ပြစေလိုကြောင်း ပြောကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထူးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အသင်းအဖွဲ့များနှင့် ယခင်ကတည်းကပင် အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးတိုင်ပင်ခဲ့ပါကြောင်း၊ ကုန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ တားမြစ်ကုန်စည်များကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားလာပြီး အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက အရန်ရိက္ခာအဖြစ် ဆန်တန်ချိန် ၅၀၀၀၀ နှင့် စားအုန်းဆီ တန်ချိန် ၁၂၀၀၀ ဝယ်ယူနိုင်ရေးစီမံချက် တင်ပြဆောင်ရွက်ခဲ့ပါကြောင်း၊ အရန်ရိက္ခာအဖြစ် ဝယ်ယူရန် ပထမဆုံးအကြိမ် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ကုန်သည်လုပ်ငန်းရှင်အသင်းအဖွဲ့များက အရန်ရိက္ခာများကို ဝယ်ယူရန် ဈေးနှုန်း၊ သိုလှောင်မည့်နေရာ၊ ဖြန့်ဖြူးမည့်အစီအစဉ်များအတွက် အကြံဉာဏ်များ တင်ပြဆွေးနွေးပေးရန် ဖြစ်ပါကြောင်း၊ ပြည်တွင်းတွင် ဆန်ဖူလုံမှုရှိနေသည့်အတွက် ဆန်အတွက် စိုးရိမ်စရာမရှိပါကြောင်း၊ ပြည်ပတင်ပို့မှု၏ ၁၀ ရာခိုင်နှုန်းကို နိုင်ငံတော်အရန်ဆန်အဖြစ် ဝယ်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာ့ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်တို့မှ တာဝန်ရှိသူများက အရန်ရိက္ခာဝယ်ယူမည့် ကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းရန်ကိစ္စများ၊ ဝယ်ယူမည့်ဈေးနှုန်းနှင့် အရည်အသွေးသတ်မှတ်ချက်များ၊ ထားရှိသိုလှောင်မည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

○ ကျောဖုံးမှ

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် ကြုံတွေ့နေရသည့် အခက်အခဲများနှင့်စပ်လျဉ်း၍ ဖြေရှင်းနိုင်ရန် အာရှ-ပစိဖိတ်ဒေသရှိ ခေါင်းဆောင်များအကြား ပုံမှန်ထိတွေ့မှုများ ဆောင်ရွက်သွားရန်ကျင်းပခြင်းဖြစ်သည်။

အစည်းအဝေးတွင် ဒေသတွင်းစည်းလုံးမှုကို ပိုမိုခိုင်မာစေခြင်းနှင့် အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုများ သက်သာစေရန်နှင့် စီးပွားရေး ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ အသိအမြင်များ ဖလှယ်ခြင်းနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် လူသားတို့၏ ရှင်သန်ရေးနှင့် စားဝတ်နေရေးသာမက ကမ္ဘာ့စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ် ဆိုးရွားစွာ ထိခိုက်စေလျက်ရှိသော ကိုဗစ်-၁၉ ကပ်ရောဂါသည် နေရာဒေသမရွေး ဖြစ်ပွားနိုင်သည့်အတွက် ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုမှာ အလွန်အရေးပါလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ အလွန် ဒေသတွင်းစီးပွားရေးနှင့် ကမ္ဘာ့စီးပွားရေးတစ်ရပ်လုံး ပြန်လည်နိုးထရေးအတွက် ဆောင်ရွက်ရာတွင်လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံချင်းရပ်တည်၍ ဆောင်ရွက်ရုံမျှနှင့် မလုံလောက်နိုင်ကြောင်း၊ အထူးသဖြင့် ဒေသတွင်းရိက္ခာဖူလုံရေး၊ ရောဂါကာကွယ်ကုသရေးနှင့် စီးပွားရေးများ ပုံမှန်ပြန်လည်လည်ပတ်နိုင်ရန်အတွက် ဘဏ္ဍာရေးအကူအညီ အထောက်အပံ့များရရှိရေးမှာလည်း အရေးကြီးသကဲ့သို့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဦးစားပေးအဆင့်အလိုက် လွယ်ကူချောမွေ့စွာ လည်ပတ်နိုင်ရေးလည်း အရေးကြီးကြောင်းပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံချင်းသာမက နိုင်ငံတကာမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အာဆီယံဒေသတွင်းနှင့် ကမ္ဘာ့စီးပွားရေးဖိုရမ်၏ မိတ်ဖက်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်ချိတ်ဆက်နိုင်ရန်၊ ဈေးကွက်ပွင့်လင်းစေရန်၊ အရေးပေါ်နှင့် ရေရှည်ဖွံ့ဖြိုးမှုအကူအညီများကို ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ဆိုးကျိုးသက်ရောက်မှုများဖြစ်စေနိုင်မည့်ကဏ္ဍများသို့ ထောက်ပံ့ပေးနိုင်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးကျော်မျိုး ကန့်သတ်စောင့်ကြည့်စခန်းအဖြစ် အသုံးပြုမည့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်း ကောလိပ်အား ကြည့်ရှုစစ်ဆေး



**ရန်ကုန် မေ ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ကန့်သတ်စောင့်ကြည့်စခန်းအဖြစ် အသုံးပြုမည့် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ကောလိပ်သို့ ယနေ့နံနက်ပိုင်းက လာရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ကန့်သတ်စောင့်ကြည့်စခန်းအဖြစ် အသုံးပြုရန်အတွက် ကျောင်းသားအိပ်ဆောင်များ၊ Multimedia အဆောင်နှင့် အစာရှိလောင်းစားရိပ်သာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ် ကျောင်းအုပ်ကြီး ဦးဇော်လွင်ဦး၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဇော်နှင့် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်မှ တာဝန်ရှိသူများက လိုက်လံပြသခဲ့ကြသည်။

"ကျွန်တော့်အနေနဲ့ဆိုရင် ဒီလိုမျိုးဟောခန်းကြီးတွေကို ပိုပြီးအသုံးပြုစေချင်ပါတယ်။ ထားမယ့်သူတွေရဲ့ အကွာအဝေးကို လိုအပ်သလိုချဲ့ထားပြီး အသုံးပြုလို့ရတာပေ့ါ။ ကန့်သတ်စောင့်ကြည့်စခန်းလုပ်မယ်ဆိုရင် ကျန်းမာရေးဌာနက တာဝန်ရှိသူတွေ လာကြည့်ကြမှာပါ။ လာကြည့်ပြီး သင့်တော်တဲ့အဆောင်ကို ရွေးပြီးထားမှာပါ"ဟု ဒုတိယဝန်ကြီးက ပြောကြားသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာန ၁၈ ခုတွင် ကန့်သတ်စောင့်ကြည့်စခန်းလုပ်ရန် သင့်တော်သည့် နေရာများရှိပါက စာရင်းပေးရန် တောင်းခံလာခြင်းကြောင့် ကောလိပ်ရှိ အဆောင်သုံးခုကို စာရင်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ လာရောက်ကြည့်ရှုကြမည်ဖြစ်ကြောင်း၊ လိုအပ်ချက်ရှိပါက လက်ခံဆောင်ရွက်ပေးနိုင်ရန်အတွက် ကောလိပ်ရှိအဆောင်သုံးဆောင်ကို အသင့်ပြင်ထားကြောင်း မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်မှ ကျောင်းအုပ်ကြီး ဦးဇော်လွင်ဦးက ပြောသည်။

ကိုထက်

# ပြန်ကြားရေးဝန်ကြီးဌာနသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ရန်ကုန် မေ ၂၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရန်အတွက် တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်း(CNPC) က ပြန်ကြားရေးဝန်ကြီးဌာနသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအထောက်အကူပြုပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း ၆၀၀၀ နှင့် ပိုးသတ်လက်ဆေးဆပ်ပြာရည်များကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံး၌ ပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ ကုမ္ပဏီသည် မတ် ၂၄ ရက်တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ ပထမအသုတ်အနေဖြင့် နှာခေါင်းစည်း ၂၀၀၀ ကိုလည်းကောင်း၊ မေ ၆ ရက်တွင် ဒုတိယအသုတ်အနေဖြင့် နှာခေါင်းစည်း ၂၀၀၀၀၊ ပိုးသတ်လက်ဆေးဆပ်ပြာရည်ဘူး ၅၀၀၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ အစုံ ၁၀၀၊ အဖျားတိုင်းကိရိယာ အခု ၂၀ တို့ကိုလည်းကောင်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့ပြင် သတင်းအချက်အလက် နှီးနှောဖလှယ်မှုဆိုင်ရာ ပလက်ဖောင်းကို တည်ထောင်ကာ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ သတင်းအချက်အလက်များကို အချင်းချင်း နှီးနှောဖလှယ်လျက်ရှိပြီး ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာ ဗဟုသုတများနှင့် အတွေ့အကြုံများကို မျှဝေလျက်ရှိကြောင်း သိရသည်။

အေးမင်းသူ





# ထားဝယ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ထားဝယ် မေ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကမ်းနားဈေး၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ယနေ့ မွန်းလွဲ ၁ နာရီက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။

ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းအား ထားဝယ်ခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်းနှင့်အဖွဲ့နှင့် အမှတ်(၈) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးငြိမ်းသတ်ယာဉ်တစ်စီးနှင့် တပ်မတော်ရေသယ်ယာဉ်တစ်စီးဖြင့် ကမ်းနားဈေးအတွင်းအပြင်နှင့် ဈေးအဆောက်အဦများ၊ ဈေးအတွင်းရှိ လူဝင်လူထွက်များသောနေရာများနှင့် လူအများသွားလာသောနေရာများအား ပိုးသတ်ဆေးဖျန်းခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

လူအများသွားလာလျက်ရှိသည့်နေရာများဖြစ်သော ဈေး၊ လေဆိပ်နှင့်အဝေးပြေးကားဂိတ်များတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထားဝယ်ခရိုင် မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်းထံမှ သိရသည်။

ထားဝယ်(ပြန်/ဆက်)

❖ မန္တလေးတောင်ခြေအနီးမှ

ထို့ပြင် အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ယနေ့မွန်းလွဲပိုင်းတွင်လည်း ပုသိမ်ကြီးမြို့နယ်ရှိ ရန်ကင်းတောင်၊ မဟာအောင်မြေမြို့နယ်ရှိ မြင်းဝန်မင်းကြီးကျောင်းတိုက်နှင့် ချမ်းမြသာစည်မြို့နယ်အတွင်းရှိ မြို့ဟောင်းဘူတာတို့တွင် မန္တလေးခရိုင် မီးသတ်တပ်ဖွဲ့နှင့် တပ်မတော်သားများ ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

"ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိစေဖို့ ကာကွယ်တားဆီးရေးလုပ်ငန်းတွေအနေနဲ့ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းတွေကို ကျွန်တော်တို့ မီးသတ်ဦးစီးဌာနက ရှိသမျှ အင်အားအကုန်အသုံးပြုပြီး ဆောင်ရွက်ပေးနေပါတယ်"ဟု ၎င်းက ပြောသည်။

မန္တလေးခရိုင်ဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများကို မြန်မာနိုင်ငံ၌ အဆိုပါ ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစ၍ ခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်အလိုက် စီမံချက်များရေးဆွဲကာ လေးရက်လျှင် တစ်ကြိမ်နှုန်းဖြင့် မန္တလေးမြို့အတွင်းရှိ ရပ်ကွက်များ၊ ဈေးများ၊ ဆေးရုံများနှင့် အထင်ကရနေရာများတွင် တပ်ဖွဲ့ဝင်အင်အားများဖြင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)




နေပြည်တော် တပ်ကုန်းမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် မေ ၂၁ ရက်က ပင်စင်လစာများ လာရောက်ထုတ်ယူကြသည့် အငြိမ်းစားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်ဆေးစေခြင်း၊ နှာခေါင်းစည်းများတပ်ခိုင်းခြင်းနှင့် သုံးပေကွာ သတ်မှတ်ထားသောနေရာများတွင် စည်းကမ်းတကျ တန်းစီ၍လစာငွေများ ထုတ်ပေးနေစဉ်။

တင်ထွန်းတာ(တပ်ကုန်း)

## ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေး၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြားတွင် သံသယစိတ်ကင်းစင်ပြီး ခိုင်မာသောယုံကြည်မှု တည်ဆောက်နိုင်ရေး၊ ဒီမိုကရေစီစံချိန်စံညွှန်းများ၊ လူ့အခွင့်အရေး စံနှုန်းစံထားများနှင့်ကိုက်ညီပြီး နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် ဆီလျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

*[ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက် ]*



## မဖြစ်မနေကိစ္စများကြောင့် နေအိမ်ပြင်ပထွက်ရသူများအား ကိုဗစ်-၁၉ ရောဂါကင်းဝေးစေရေး ကြက်ခြေနီမှ ကူညီဆောင်ရွက်ပေးနေ

**နေပြည်တော် မေ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းထဲ၌ မြန်မာ့စီးပွားရေးဘဏ် (ထားဝယ်ဘဏ်ခွဲ)မှ ထုတ်ပေးသည့် ပင်စင်လစာငွေများကို လာရောက်ထုတ်ယူကြသော နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များအား ဘဏ်ဝန်ထမ်းများနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာ့ လုပ်အားရှင်များသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကိုယ်အပူအချိန်တိုင်းတာပေးခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်သန့်စင်ပေးခြင်း၊ အသက်အရွယ်ကြီးသူများအား ဝိုင်းဝန်းကူညီခြင်းများကို ယနေ့နံနက်ပိုင်းမှ စတင်ကာ ဆောင်ရွက်ခဲ့ကြသည်။

ထို့အတူ မေ ၂၀ ရက်ကလည်း စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာ့လုပ်အားရှင်များသည် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းကာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများနှင့် မီတာခ လာရောက်ပေးဆောင်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် လက်ဆေးကန်များထားရှိပြီး ဆပ်ပြာနှင့် စနစ်တကျလက်ဆေးရန် လမ်းညွှန်ပေးခြင်း၊ ကိုယ်အပူချိန် တိုင်းတာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နိုင်လင်းကြည်**



## မန္တလေးမှထွက်ခွာမည့် ရထားခရီးစဉ်အချို့ မေ ၃၀ အထိ ယာယီရပ်နားမည်

**မန္တလေး မေ ၂၁**

လတ်တလောကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုလျှော့ချနိုင်ရေးအတွက် မြန်မာ့မီးရထားမှ ပြေးဆွဲနေသည့် မန္တလေး-ရန်ကုန်၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတို့မှ ရထားအချို့နှင့် မန္တလေး-ပုဂံ ၊ မန္တလေး-လားရှိုး၊ မန္တလေး-မုံရွာ၊ မန္တလေး-ခင်ဦး ၊ မန္တလေး-မတ္တရာ နှင့်မန္တလေး-နဘားလမ်းပိုင်းတို့မှ ရထားခရီးစဉ်များကို မေ ၃၀ ရက်ထိ ယာယီရပ်နားထားပြီး မန္တလေး-ရန်ကုန် ရထားပြေးဆွဲချိန်ကို ပြောင်းလဲထားကြောင်း သိရသည်။ မေ ၁၀ ရက်မှ စတင်ပြီး ရထားပြေးဆွဲမှု ခရီးစဉ်အချို့ကို ယာယီရပ်ဆိုင်းထားသည်။

"မဖြစ်မနေသွားလာရမည့် ဒေသခံပြည်သူများအတွက် မန္တလေး- ရန်ကုန်အတွက် ၁၁ အဆန်၊ ၁၂ အစုန်၊ မန္တလေး-မြစ်ကြီးနားအတွက် ၄၁ အဆန်၊ ၄၂ အစုန် ရထားနှစ်စင်းကို နေ့စဉ် ပြေးဆွဲပေးပါတယ်။ မန္တလေး-မြစ်ကြီးနား ၄၁ အဆန်ကို ညနေ ၅ နာရီခွဲ ထွက်ပါတယ်၊ ခရီးသည် ၈၀ ဝန်းကျင်စီးနင်းပါတယ်၊ မန္တလေး-ရန်ကုန်ရထားမှာ ညနေ ၄ နာရီခွဲထွက်ပါတယ်၊ ခရီးသည် ၇၀ ဝန်းကျင်စီးပါတယ်"ဟု မြန်မာ့မီးရထားမှ မန္တလေးဘူတာရုံပိုင်ချုပ် ဦးမြင့်သိန်းက ပြောသည်။

"သင်္ကြန်အပြီးကာလမှာ မန္တလေးတိုင်းဒေသကြီးတွင် ညမထွက်ရ သတ်မှတ်ထားသည့်အတွက် ညပိုင်းရထားဝင်ရောက်မှုမရှိအောင် မေ ၁၉ ရက်မှ စတင်ပြီး နံနက် ၅ နာရီထွက်သည့် ၁၂ အစုန်ရထား၊ ရန်ကုန်မှ ဝင်ရောက်လာမည့် ၁၁ အဆန်ရထား ည ၁၁ နာရီ ရောက်ပါတယ်၊ အဲဒီရထားကို အစီအစဉ်သစ်အနေဖြင့် ညနေ ၄ နာရီခွဲမှာ အမှတ် ၄ အစုန်ထွက်သည့်အရှေ့မှာ စီစဉ်ပေးထားပါတယ်။ အမှတ် ၄ အစုန်ရထားမှာ အမှတ် ၁၂ အစုန်ရပ်တန့်သည့် ဘူတာတိုင်းမှာ ရပ်တန့်ပါတယ်၊ အစီအစဉ် ပြောင်းလဲပြေးဆွဲထားပါတယ်"ဟု ဦးမြင့်သိန်းက ဆက်လက်ပြောပြသည်။

ယခုအခါ မန္တလေး-ရန်ကုန်ရထားကို ညနေ ၄ နာရီခွဲတွင် ရိုးရိုးတန်း ခုနစ်တွဲ အထက်တန်း လေးတွဲပါသည့် အမှတ် ၄ အစုန်ရထားနှင့် မန္တလေး-မြစ်ကြီးနားရထားကို ညနေ ၅ နာရီခွဲတွင် အမှတ် ၄၁ အဆန်ရထားဖြင့် မန္တလေးဘူတာကြီးမှ နေ့စဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**အောင်သူရ**

## ဂျပန်နိုင်ငံမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာအကူအညီများ ပေးအပ်

**နေပြည်တော် မေ ၂၁**

ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံအစိုးရ၏ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များအတွက် ထောက်ပံ့ကူညီမှုများ ပေးအပ်ခဲ့သည်။

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က ဖေဖော်ဝါရီ ၂၅ ရက်တွင် test kit အစုံ ၁၀၀၀ ကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာန (NHL) သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဂျပန်လူမျိုး ကျွမ်းကျင်ပညာရှင်က စစ်ဆေးမှုနည်းစနစ်များကို သင်ကြားပြသပေးသည့် နည်းပညာပူးပေါင်းဆောင်ရွက်မှုကို ပြုလုပ်ခဲ့သည်။

ထို့ပြင် မေ ၉ ရက်တွင် JICA က ထပ်မံ၍ စစ်ဆေးမှု အကြိမ် ၁၀၀၀၀ စာ test Kit များကို NHL သို့ ပေးအပ်ခဲ့ပြီး မေ ၂၂ ရက်တွင်လည်း စစ်ဆေးမှုအကြိမ် ၁၀၀၀၀ စာ test Kit များကို NHL သို့ ထပ်မံလွှဲပြောင်းပေးအပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။


JICA သည် ဓာတ်ခွဲနမူနာစစ်ဆေးမှုများကို ပိုမိုတိကျစွာနှင့် လုံခြုံမှုရှိစွာ ဆောင်ရွက်နိုင်ရန်အတွက် မေ ၁၄ ရက်တွင် ဓာတ်ခွဲနမူနာများ ရယူခြင်း၊ ထုပ်ပိုးခြင်း၊ သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို တိတိကျကျလုပ်ဆောင်နိုင်စေရန် ညွှန်ကြားချက်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးအတွက် ရုပ်သံအစီအစဉ်များကို ရိုက်ကူးခဲ့သည်။

ထို့အပြင် ကျန်းမာရေး ဝန်ထမ်းများသို့ ရောဂါကူးစက်မှု ကာကွယ်ရန်အတွက် တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံကို စနစ်တကျ ဝတ်ဆင်ခြင်းနှင့် ချွတ်၍ စွန့်ပစ်ခြင်း နည်းစနစ်များကို သရုပ်ဖော်သင်ကြားပြသသည့် ရုပ်သံအစီအစဉ်များကို ရိုက်ကူး၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အင်တာနက်စာမျက်နှာနှင့် Facebook စာမျက်နှာများတွင် ထုတ်လွှင့်လျက်ရှိသည်။

ဂျပန်စီးပွားရေးကုမ္ပဏီ KITAJIMA Co., Ltd. က မေ ၂၁ ရက်တွင် ဖောင်ကြီး ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန၌ Medical Oxygen Gas ကို အသုံးပြုနိုင်ရန် ကူညီထောက်ပံ့ခဲ့သည်။

ဂျပန်နိုင်ငံအစိုးရအနေဖြင့် ဆက်လက်၍ မြန်မာနိုင်ငံအစိုးရနှင့် အနီးကပ်လက်တွဲ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို အစွမ်းကုန်ကူညီထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

### အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။

# နီတိ

**ကောင်းမြတ်နွယ်(စင်ကာပူ)**

> ❖ **လောကနီတိက လောကကြီးထဲမှာရှိတဲ့ မင်းနဲ့ပြည်သူ၊ ရဟန်းနဲ့ဒကာ၊ ဆရာနဲ့တပည့်၊ လင်နဲ့မယား၊ သားသမီးနဲ့ မိဘ လောကကြောင်း၊ ဓမ္မကြောင်းလိုက်နာရန် ကျင့်ဝတ်ဝတ္တရားတွေကို ပြဋ္ဌာန်းထားတာဖြစ်**
>
> ❖ **ပြည်သူ့နီတိကတော့ လူမျိုးဘာသာ အသားအရောင်မရွေး ပြည်သူ ပြည်သား နိုင်ငံသားတိုင်း လိုက်နာကျင့်ကြံရမယ့် တာဝန်ဝတ္တရားတွေကို "ပြည်သူ့နီတိ"လို့ ဖွင့်ဆို**

နီတိဆိုတဲ့ ဝေါဟာရဟာ သသ်ကရိုက်ပါဠိဘာသာစကားဖြစ်ပြီး ကျင့်ကြံလိုက်နာရန် ကျင့်ဝတ်လမ်းညွှန်လို့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။

လောကနီတိက လောကကြီးထဲမှာရှိတဲ့ မင်းနဲ့ ပြည်သူ၊ ရဟန်းနဲ့ ဒကာ၊ ဆရာနဲ့ တပည့်၊ လင်နဲ့မယား၊ သားသမီးနဲ့ မိဘ လောကကြောင်း၊ ဓမ္မကြောင်းလိုက်နာရန် ကျင့်ဝတ်ဝတ္တရားတွေကို ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။

ပြည်သူ့နီတိကတော့ လူမျိုးဘာသာ အသားအရောင်မရွေး ပြည်သူ ပြည်သား နိုင်ငံသားတိုင်း လိုက်နာကျင့်ကြံရမယ့် တာဝန်ဝတ္တရားတွေကို "ပြည်သူ့နီတိ"လို့ ဖွင့်ဆိုပါတယ်။

ပြည်သူတို့ နေ့စဉ်ကြုံတွေ့နေရတဲ့ ကျန်းမာရေး၊ ပေါင်းသင်းဆက်ဆံရေး၊ လူမှုရေး၊ ယဉ်ကျေးသိမ်မွေ့မှုနဲ့ တွေးခေါ်မြော်မြင်မှုအားလုံးကို မီးမောင်းထိုးပြပါတယ်။ ကိုယ့်တာဝန်ကိုယ်ကျေပွန်ပြီး နိုင်ငံသူ နိုင်ငံသားကောင်းတို့၏ ဂုဏ်သိက္ခာမြင့်မားသော နိုင်ငံတော်ဖြစ်ပေါ်လာစေရန် "ပြည်သူ့နီတိ"က ရှေ့ဆောင်တာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မူလတန်းကျောင်းသားဘဝ သုံးတန်း၊ လေးတန်းမှာ လောကသာရပျို့ သင်ရတယ်။ လောကနီတိ၊ ပြည်သူ့နီတိတွေ သင်ရပါတယ်။ ၁၉၆၀–၁၉၇၀ ပြည့်နှစ်များဆီကပါ။

နီတိတွေသာမက ဗုဒ္ဓဘာသာစာမေးပွဲက ရှိသေးတယ်။ ဒါကိုတော့ တခြားဘာသာဝင် ကျောင်းသားတွေက မသင်ယူဘဲနေလို့ရပါတယ်။ အဲဒီဘာသာရပ်မှာ ဗုဒ္ဓဘာသာဆိုင်ရာ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်၊ ငါးပါးသီလ၊ ရှစ်ပါးသီလစသည်ဖြင့် ဗုဒ္ဓဘာသာ အခြေခံတွေကို သင်တာပါ။ စာမေးပွဲလည်း ဖြေရပါတယ်။ ကျောင်းရဲ့နှစ်ပတ်လည် ဆုပေးပွဲမှာ ဗုဒ္ဓဘာသာ ပထမဆု၊ ဒုတိယဆုနဲ့ တတိယဆုပေးတဲ့အတွက် မက်မောစရာဖြစ်ပါတယ်။ ထိုစဉ်က ဝန်ကြီးချုပ်ဦးနုရဲ့ ပထစအစိုးရ အုပ်ချုပ်နေပြီး ဝန်ကြီးချုပ်က မြန်မာနိုင်ငံရဲ့ဘာသာကို ဗုဒ္ဓဘာသာအဖြစ် ပြဋ္ဌာန်းဖို့ ကြိုးပမ်းခဲ့တာကြောင့် ဗုဒ္ဓဘာသာဟာ ကျောင်းသင်ခန်းစာဖြစ်နေတာပါ။ ယခုမျက်မှောက်ကမ္ဘာမှာတော့ ငယ်ရွယ်နုနယ်တဲ့ နှလုံးသားထဲကို ဘာသာရေးနဲ့ လူမျိုးရေးတွေမကပ်ငြိစေဘဲ၊ လူမျိုးမရွေး၊ ဘာသာမရွေး နိုင်ငံတော်ကို အကျိုးပြုနိုင်သူ နိုင်ငံသားမှန်သမျှ စိတ်သဘောထားညီညွတ်မျှတ သဟဇာတဖြစ်အောင် ကြိုးပမ်းနေကြပါတယ်။

ပြည်သူ့နီတိက နိုင်ငံ့သမိုင်း၊ ဘာသာရေး၊ တရားဥပဒေ၊ စိတ်ပိုင်းဆိုင်ရာတွေနဲ့ ယှဉ်တွဲနေတာမို့ ငယ်ရွယ်တဲ့ နှလုံးသားမှာ ဒါတွေအားလုံး စွဲထင်သွားရင်တော့ နိုင်ငံ့သားကောင်း၊ နိုင်ငံ့သမီးကောင်း၊ ခေါင်းဆောင်ကောင်းများ ဖြစ်လာမှာ ဧကန်မုချပါ။

ဘာသာရေးမှာ သူ့အသက်မသတ်ရ၊ သူတစ်ပါးပစ္စည်းမခိုးရ၊ သူတစ်ပါးသားမယား မပြစ်မှားရ၊ လိမ်လည်မပြောဆိုရ၊ မူးယစ်ဆေးဝါး အရက်သေစာမသောက်ရ။ အားနည်းသူကို စွန့်ကြဲရမယ်၊ မိဘကို လုပ်ကျွေးရမယ်… စတဲ့ လူ့ဘဝအတွက် တည့်မတ်လမ်းညွှန်ချက်တွေက ပါပြီးသားပါ။ ဘာသာတိုင်းမှာ ရှိပါတယ်။

**မြန်မာဗုဒ္ဓဘာသာက မဂ္ဂင်ရှစ်ပါးကို ရှုပါ။**

- သမ္မာဒိဋ္ဌိ – မှန်စွာမြင်ခြင်း၊
- သမ္မာသင်္ကပ္ပ – မှန်စွာတွေးတောကြံစည်ခြင်း၊
- သမ္မာဝါစာ – မှန်စွာပြောဆိုခြင်း၊
- သမ္မာကမ္မန္တ – မှန်စွာပြုမူခြင်း၊
- သမ္မာအာဇီဝ – မှန်စွာအသက်မွေးဝမ်းကျောင်းခြင်း၊
- သမ္မာဝါယမ – မှန်စွာကြိုးစားအားထုတ်ခြင်း၊
- သမ္မာသတိ – မှန်စွာအောက်မေ့ခြင်း၊
- သမ္မာသမာဓိ – မှန်စွာတည်ကြည်ထိန်းချုပ်နိုင်ခြင်း။

မဂ္ဂင်ရှစ်ပါးဟာ လောကနီတိ၊ ပြည်သူ့နီတိအတွက် အမြင့်မားဆုံး အခြေခံနီတိကြီး ဖြစ်ပါတယ်။

- လောဘ – အလိုရမက်ကြီးမားခြင်း၊
- ဒေါသ – အမျက်ရန်မာန်ကြီးမားခြင်း၊
- မောဟ – အမိုက်မှောင်ဖုံးလွှမ်းခြင်းကြောင့် ပူလောင်ဆင်းရဲခြင်း။

ဒါတွေကိုလည်း ပြဆိုထားတာပါ။

မေတ္တာ၊ ကရုဏာ၊ မုဒိတာနဲ့ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရား လေးပါးကြောင့် အေးချမ်းစိတ်ချမ်းသာမှုတို့ ရစေနိုင်တယ်ဆိုတာကလည်း မြင့်မြတ်သောဗုဒ္ဓရဲ့ အခြေခံနီတိများပဲ ဖြစ်ပါတယ်။ ဒါကြောင့် နီတိဟာ ဘာသာရေးနဲ့လည်း ဆက်နွယ်နေတာ ဖြစ်ပါတယ်။

နီတိဟာ သမိုင်းနဲ့ဆက်နွယ်လျက်ရှိပါတယ်။ မြန်မာ့သမိုင်းကြောင်း၊ ကမ္ဘာ့သမိုင်းကြောင်းမှာ ဖြစ်ပျက်ခဲ့သမျှတွေကို သင်ခန်းစာယူပြီး ဆောင်ရန်၊ ရှောင်ရန်တွေကို သက်ဆိုင်သူတွေက လိုက်နာကျင့်သုံးရမှာ ဖြစ်ပါတယ်။ အစိုးရမင်းတွေ အုပ်ချုပ်သူတွေကြောင့် သူ့ကျွန်ဘဝရောက်ရခြင်း၊ နိုင်ငံတော်စည်းလုံးရေးပြိုကွဲရခြင်း၊ တိုင်းရင်းသားချစ်ကြည်ရေး ပျက်သုဉ်းရခြင်း၊ နိုင်ငံတော်လူမွဲစာရင်းဝင်ဖြစ်လာခြင်း၊ လူကြီးတွေက မျိုးဆက်သစ်တို့အပေါ် တာဝန်မကျေခဲ့ခြင်း စသည်တို့ကို လေ့လာကြည့်ရင် သက်ဆိုင်သူတို့ နီတိပျက်ခြင်းကြောင့်ဆိုတဲ့အဖြေက ပေါ်လာပါတယ်။

နီတိကို စိတ်ပိုင်းဆိုင်ရာ (Moral) နဲ့ တွဲလျက်မြင်နိုင်ပါတယ်။

တိုင်းပြည်အုပ်ချုပ်သူအစိုးရတွေရဲ့ စိတ်နေသဘောထား၊ တိုင်းပြည် ကောင်းကျိုးလုပ်မလား၊ ကိုယ့်မိသားစုချမ်းသာရေးလုပ်မလား၊ နီတိတွေမရှိဘူးလား၊ မင်းကျင့်တရား ၁၀ ပါးဟာ အစိုးရမင်းတွေအတွက် ပြုစုထားတဲ့နီတိပဲ ဖြစ်ပါတယ်။

**ရှေးဟောင်းမင်းကျင့်တရား (၁၀)ပါးက–**

၁။ အလှူပေးခြင်း၊
၂။ ငါးပါးသီလဆောက်တည်ခြင်း၊
၃။ ပေးကမ်းစွန့်ကြဲခြင်း၊
၄။ ဖြောင့်မတ်ခြင်း၊
၅။ နူးညံ့ခြင်း၊
၆။ ရှစ်ပါးသီလစောင့်ထိန်းခြင်း၊
၇။ အမျက်မထွက်ခြင်း၊
၈။ ပြည်သူကို မညှဉ်းဆဲခြင်း၊
၉။ သည်းခံခြင်း၊
၁၀။ ပြည်သူ ပြည်သားတို့ရဲ့ ဆန္ဒကို မဆန့်ကျင်ခြင်းလို့ ဆိုခဲ့ပါတယ်။

မင်းကျင့်တရား ၁၀ ပါးကို ပြန်လည်သုံးသပ်ရာမှာ–

နံပါတ်(၁) အလှူပေးခြင်းတွင် ဟိုစဉ် သက်ဦးဆံပိုင်ဘုရင်မင်းများခေတ်မှာ ဘုရင်တွေက အဝတ်အစား၊ အသုံးအဆောင်၊ အစားအစာတွေကို မဏ္ဍပ်ဆောက်ပြီး ပေးဝေလှူဒါန်းပါတယ်။ ရရှိတဲ့ အခွန်ဘဏ္ဍာတွေနဲ့ ပြည်သူပြည်သားတွေကို ပေးဝေလှူဒါန်းခြင်းပါ။ ယခုခေတ် အတွေးအခေါ်ကောင်းတဲ့ အုပ်ချုပ်သူတွေကတော့ နိုင်ငံတော်က ကောက်ခံရရှိတဲ့ အခွန်ဘဏ္ဍာတွေနဲ့ တိုင်းပြည်ကို ပိုမိုကောင်းအောင် စီမံကြတယ်။ အခွန်ထမ်းပြည်သူတွေ ပိုမိုတိုးတက်ရာ တိုးတက်ကြောင်း ပြန်လည်ထောက်ပံ့ပါတယ်။ အင်အားနည်းသူ ပြည်သူတွေအတွက် ဘတ်ဂျက်ထားကာ ဆေးကုသပေးခြင်း၊ ထောက်ပံ့လှူဒါန်းခြင်းပြုကြပါတယ်။

နံပါတ်(၂) ငါးပါးသီလဆောက်တည်ခြင်းနဲ့ နံပါတ်(၆) ရှစ်ပါးသီလဆောက်တည်ခြင်းကို ပေါင်းစပ်ရမယ်ထင်ပါတယ်။ အာဏာပါဝါရှိတဲ့အလျောက် သက်ဦးဆံပိုင်တို့က ဒေါသနှင့် မတရား သတ်ဖြတ်မိခြင်း၊ နိုင်ငံ့ဘဏ္ဍာကို ခိုးယူလုယက်မိခြင်း၊ လင်ရှိမယားတွေကို မတရားသိမ်းပိုက်မိခြင်း၊ လိမ်လည်မိခြင်း၊ မူးယစ်သောက်စား မှားယွင်းမိခြင်းတွေ မပြုမိအောင်ပညတ်ထားတာပါ။ ဒီငါးပါးသီလအပြင် နောက် သုံးပါးပေါင်းပြီး ရှစ်ပါးသီလစောင့်ထိန်းရန်မှာ … (အပြဟ္မာ့စရိယာဝေရမဏီ သိက္ခာပနံ သမာဒိယာမိ) ကာမဂုဏ်သားတို့၏ အလေ့အထတွေကို မပြုကျင့်ဖို့ စောင့်ထိန်းပါဆိုရင် စောင့်ထိန်းကောင်း စောင့်ထိန်းနိုင်ပါလိမ့်မယ်။ တေးဂီတ ကခုန် မြူးထူးခြင်းမှာ မွေ့လျော်ခြင်း၊ နံ့သာလိမ်းကျံ ပန်းလှပန်ခြင်း၊ တန်ဖိုးကြီးမားလွန်းသော အသုံးအဆောင်တွေ၊ မြင့်မြတ်လွန်းသော အိပ်ရာနေရာထိုင်ခင်းတွေ မသုံးရဆိုတာကတော့ လိုက်နာဖို့ ခက်နေပါပြီ။ ငါးပါးသီလမြဲနေရုံနဲ့ လုံလောက်ပါပြီ။

နံပါတ် (၇) အမျက်မထွက်ခြင်းနဲ့ နံပါတ် (၉) သည်းခံခြင်းတို့မှာ သဘောတရား ဆင်တူပြီး အာဏာရှိသူတွေအတွက် လိုက်နာဖို့ အထူးလိုအပ်ပါတယ်။

နံပါတ်(၈) ပြည်သူတို့ကို မညှဉ်းဆဲခြင်းနဲ့ နံပါတ် (၁၀) ပြည်သူတို့နဲ့ မဆန့်ကျင်ခြင်းမှာလည်း အကြောင်းတရားဆင်တူပါပဲ။ "ပြည်သူ့အား ဧကရာဇ်မဆန်သာ"ဆိုတာ နိယာမတစ်ခုပါ။

မင်းတို့ကျင့်ဝတ်ကောင်းရုံမျှဖြင့် မပြီးသေးပါ။ တိုင်းသူပြည်သားတို့ ကျင့်ဝတ်ကောင်းဖို့က ပိုအရေးကြီးပါတယ်။ ပြည်သူမကောင်းရင် မင်းကောင်းမရနိုင်ပါ။ ဒါကြောင့် ပြည်သူတို့ရဲ့ အသိဉာဏ် "ပြည်သူ့နီတိ" က ပိုလို့အရေးကြီးတာပါ။

ကမ္ဘာ့နီတိမှာ အမှုထမ်း၊ လယ်လုပ်၊ ကုန်သည်တို့ရဲ့ အလုပ်တွေဟာ သမ္မာအာဇီဝ ဖြစ်ပါတယ်။ မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်တို့ကလည်း တိုင်းပြည်အင်္ဂါရပ်များ ဖြစ်ပါတယ်။ နီတိမသိတဲ့မင်းက သူဌေးသူကြွယ်တွေကို အမြတ်ကြီးစား ခေါင်းပုံဖြတ် ကုပ်သွေးစုပ်ဆိုတဲ့ ဝေါဟာရသုံးပြီး နှိပ်ကွပ်ခဲ့တယ်။ ကုန်ရောင်းကုန်ဝယ်လုပ်ငန်းတွေကို ပျက်သုဉ်းစေပြီး မှောင်ခိုဘဝရောက်စေခဲ့တယ်။ နီတိမရှိတဲ့ ပြည်သူတချို့က ကြိုက်ခဲ့တယ်။ နီတိပျက်တဲ့မင်းက အများပြည်သူရဲ့ဆန္ဒနဲ့ ဆန့်ကျင်ခဲ့တဲ့အတွက် သမိုင်းကြောင်း အကျည်းတန်ခဲ့ရဖူးပါတယ်။

**အဋ္ဌာရသ ၁၈ ရပ်–**

၁။ ဗေဒင် အကြား အမြင် ဝေဒကျမ်းအတတ်
၂။ တရားဥပဒေ ဓမ္မသတ်ကျမ်းအတတ်
၃။ ဂဏန်းအတတ် သင်္ချာအတတ်
၄။ ယောဂအတတ်
၅။ နီတိကျမ်းအတတ်
၆။ ဝိသေသိကတတ်ကျမ်းအတတ်
၇။ ကဗျာဂီတ သီချင်းအတတ်
၈။ တံစည်းဆူးဆောက်အတတ်
၉။ လေးမြားလက်ပစ်အတတ်
၁၀။ ဆေးဝါးမန္တာန်အတတ်
၁၁။ သမိုင်းအတတ်
၁၂။ နက္ခတ်ဗေဒင် ယာယီ ယတြာစသော ဗျာကရိဏ်းအတတ်
၁၃။ လှည့်ပတ်မှု ပြောဆိုမှု သံခင်း တမန်ခင်း ချေငံစွာပြောဆိုမှု အတတ်
၁၄။ အလင်္ကာကျမ်း ဆန်းကျမ်းအတတ်
၁၅။ ရယ်ရွှင်မှု ဟာသအတတ်
၁၆။ ဂါထာမန္တရားအတတ်
၁၇။ သဒ္ဒါကျမ်းအတတ်
၁၈။ မျက်လှည့်အတတ်

တတ်အပ်သော အဋ္ဌာရသအတတ် ၁၈ ရပ်မှာပါဝင်တဲ့ တရားဥပဒေ ဓမ္မသတ်ကျမ်းအတတ်၊ သင်္ချာကျမ်း၊ နီတိကျမ်း၊ သမိုင်းအတတ်၊ ဝိသေသကတတ်ကျမ်းအတတ်တွေဟာ ယနေ့တိုင် အုပ်ချုပ်သူတွေ တတ်မြောက်အပ်တဲ့ အဋ္ဌာရသတွေဖြစ်နေပါသေးတယ်။ မင်းတို့ တတ်ကျွမ်းအပ်တဲ့ အဋ္ဌာရသထဲမှာ "နီတိကျမ်း" ပါဝင်ပါတယ်။

ကျွန်တော်တို့ မူလတန်းကျောင်းသားဘဝမှာ ရန်ကုန်မြို့ရှိ စစ်ကွင်းအသင်းရဲ့ စီမံဆောင်ရွက်မှုနဲ့ မင်္ဂလာစာမေးပွဲ ဖြေဆိုရပါတယ်။ အတန်းပိုင်ဆရာတွေက သင်ပေးပြီး စစ်ကွင်း ကံကျောင်း ဘုန်းတော်ကြီးကျောင်းမှာ သွားဖြေရပါတယ်။ အောင်မြင်သူတွေကို ဗုဒ္ဓကလျာဏယုဝအသင်းကြီးကထုတ်ဝေတဲ့ ပန်းချီဆရာကြီးဦးဘကြည်ရဲ့ မဟာဗုဒ္ဓဝင် ရောင်စုံပန်းချီစာအုပ်အထူကြီး ဆုချီးမြှင့်ပါတယ်။ တန်ဖိုးရှိပါတယ်။

မြတ်စွာဘုရားဟောကြားတော်မူတဲ့ ပရိတ်ကြီး (၁၁)သုတ်လာ မင်္ဂလသုတ်ကို ပါဠိနဲ့ မြန်မာပြန်သင်ကြားပေးခြင်းဖြစ်ပါတယ်။ ၃၈ ဖြာ မင်္ဂလာတရားတော်ဟာ လောကီရေးရာ ကျင့်ဖွယ်နီတိတွေကို အသေးစိတ်ခြယ်မှုန်းသွားပြီး အဆုံးသတ်မှာ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းက မင်္ဂလာမည်ပါတယ်ဆိုတဲ့ လောကုတ္တရာအထိ ရောက်သွားတဲ့ အဆုံးအမလောကနီတိ ဖြစ်ပါတယ်။

ဒီဆောင်းပါးမှာ ကြီးမြတ်လှတဲ့ မင်္ဂလာတရားတော်လာ လောကနီတိတွေကိုခြယ်မှုန်းခြင်းငှာ မစွမ်းသာပါ။

လောကနီတိကျမ်းမှာ အခန်းကဏ္ဍခုနစ်ခန်း ပါဝင်ပြီး ဂါထာပေါင်း ၁၂၉ ဂါထာ ပါဝင်ပါတယ်။

၁။ ပညာရှိကဏ္ဍ ဂါထာ [ ၁ မှ ၃၆ ]
၂။ သူတော်ကောင်းကဏ္ဍ ဂါထာ [ ၃၇ မှ ၆၃ ]
၃။ လူမိုက် လူယုတ်မာကဏ္ဍ ဂါထာ [ ၆၄ မှ ၇၂ ]
၄။ မိတ်ဆွေကဏ္ဍ ဂါထာ [ ၇၃ မှ ၈၇ ]
၅။ အမျိုးသမီးကဏ္ဍ ဂါထာ [ ၈၈ မှ ၁၀၄ ]
၆။ မင်းအစိုးရကဏ္ဍ ဂါထာ [ ၁၀၅ မှ ၁၁၈ ]
၇။ အထွေထွေကဏ္ဍ ဂါထာ [ ၁၁၉ မှ ၁၂၉ ] တို့ဖြစ်ပါတယ်။

အလွန်နက်နဲပါတယ်။

ဒါကြောင့် "ပြည်သူ့နီတိ" နဲ့တွဲလို့ "လောကနီတိ" ကို သိထားသင့်ပါတယ်။

လောကနီတိကျမ်းကို စတုရင်္ဂဗလ အမတ်ကြီးက ဓမ္မပဒ၊ သံယုတ်၊ ဇာတက၊ သုတ္တန် နိပါတ်စတဲ့ ဘုရားဟောကျမ်းဂန်တွေမှလည်းကောင်း၊ ဟိတောပဒေသ စာဏကျနီတိကျမ်းမှလည်းကောင်း ရွေးချယ်ကောက်နုတ်ကာ ပြုစုထားခဲ့တာပါ။

သက္ကရာဇ် ၁၁၉၆ ဘကြီးတော်ဘုရားလက်ထက်မှာ ဆရာတော် ဦးပုတ်က မြန်မာဘာသာသို့ ပြန်ဆိုထားတာပါ။ တကယ်အကျိုးများတဲ့ ခေတ်မီဆဲ နီတိတွေ ဖြစ်ပါတယ်။

ဒီဆောင်းပါးမှာ ကဏ္ဍတစ်ခုစီမှ အကြိုက်ဆုံးဂါထာတစ်ခုကို တင်ပြလိုပါတယ်။ အပြည့်အစုံကို လောကနီတိမှာ ဆက်လက်လေ့လာသင့်ကြပါတယ်။ မျိုးဆက်သစ်ကိုလည်း သင်ကြားပေးသင့်ပါတယ်။

ပညာရှိအတတ်ပညာကိုဆိုရာသော အခန်း(၁) ဂါထာ(၁)မှာ … ပျင်းသောသူသည် ပညာမရ၊ အတတ်ပညာမရှိသူသည် ဥစ္စာမရ၊ ဥစ္စာမရှိသူသည် အဆွေခင်ပွန်းမရ၊ အဆွေခင်ပွန်း မရှိသူသည် ချမ်းသာမရ၊ မချမ်းသာသူသည် ကောင်းမှုမပြုနိုင်၊ ကောင်းမှုမရှိသူသည် နိဗ္ဗာန်မရဟု ဆိုထားပါတယ်။

"နိတုံရွှေနယ် ကျေးဇူးကြွယ်သား
မှတ်ဖွယ်သုတ ဆည်းပူးကြလော့
ပျင်းလှသည့်သူ ဘယ်မူအတတ်
ရတုံလတ်အံ့ အတတ်ကင်းလျှင်
ဘယ်တွင်ဥစ္စာ ရဘို့ပါလိမ့်
ဥစ္စာမရ ရှိတတ်ကမူ
ချစ်ကြခင်မင် မိတ်မမြင်တည့်
မိတ်လျှင်မရ သုခဘယ်မှာ ပွားတိုးပါလိမ့်။
ချမ်းသာသုခ မရှိကမူ
ဒါနကောင်းမှု ဘယ်သို့ပြုအံ့
ကောင်းမှုမသန် နိဗ္ဗာန်ဘယ်မှာ ရနိုင်ပါအံ့။"

အဲဒီလို ကဗျာဖွဲ့ဆိုထားတာကိုပါ ရှာဖွေဆည်းပူးလေ့လာနိုင်ကြပါတယ်။

ပညာရှိကဏ္ဍမှာတင် ဂါထာပေါင်း ၃၆ ဂါထာပါဝင်ပြီး တတ်အပ်သော အဋ္ဌာရသ ၁၈ ရပ်ကိုလည်း ညွှန်ပြထားပါတယ်။ (ဆက်လက်ဖော်ပြပါမည်)




## ချင်းပြည်နယ်ရှိ အခြေခံလူတန်းစားများအတွက် ကမ္ဘောဇဘဏ် ဆန်အိတ် ၁၀၀၀ လှူဒါန်း

**ဟားခါး မေ ၂၁**

ချင်းပြည်နယ်အတွင်းရှိ အခြေခံလူတန်းစားများအတွက် ဆန်အိတ် ၁၀၀၀ ကို ကမ္ဘောဇဘဏ်က ချင်းပြည်နယ်အစိုးရအဖွဲ့သို့ ဟားခါးမြို့ ပြည်နယ်အစိုးရရုံး၌ ယနေ့ ပေးအပ်လှူဒါန်းရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က လက်ခံရယူသည်။

အခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ်က ကမ္ဘောဇဘဏ်သည် ၂၀၁၅ ခုနှစ် ရေကြီးရေလျှံမှုဖြစ်ပေါ်စဉ်က ချင်းပြည်နယ်အတွက် ငွေကျပ်သိန်းပေါင်း ၁၅၀၀၀ ကျော်တန်ဖိုးရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်းများကို စင်းလုံးငှားလေယာဉ်များဖြင့် ပို့ဆောင်လှူဒါန်းခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင်လည်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် သိန်း ၁၀၀၀ လှူဒါန်းခဲ့ကြောင်း၊ ပြည်နယ်အတွင်းရှိ ပြည်သူများ သောက်သုံးရေရရှိနိုင်ရန်အတွက် တစ်စီးလျှင် ငွေကျပ် သိန်း ၄၅၀ တန်ဖိုးရှိ ရေသယ်ယာဉ်အသစ် ၁၀ စီးကို ချင်းပြည်နယ်အစိုးရနှင့် ဒေသခံရပ်မိရပ်ဖများထံ လှူဒါန်းခဲ့ကြောင်း၊ ပညာရေးကဏ္ဍအထောက်အကူအဖြစ် ထန်တလန် အထက်တန်းကျောင်းသို့လည်း ကွန်ပျူတာ ၁၀ စုံ လှူဒါန်းခဲ့ကြောင်း၊ ယခင်က စက်ရေတွင်းတူးဖော်နိုင်ခြင်းမရှိခဲ့သော ချင်းပြည်နယ်တွင် စက်ရေတွင်း သုံးတွင်းကို ယခုနှစ် ဧပြီလဆန်းက တူးဖော်လှူဒါန်းပေးခဲ့ပြီး ဟားခါးမြို့ပေါ်ရှိ ရပ်ကွက်များ၊ ဟားခါးစက်မှုသိပ္ပံနှင့် ထန်တလန်မြို့များ အတွက် ဆက်လက် တူးဖော်ပေးမည်ဖြစ်ကြောင်း၊ ယခုအခါ ချင်းပြည်နယ်အတွင်းရှိ အခြေခံလူတန်းစားများကို ဆန်အိတ် ၁၀၀၀ လှူဒါန်းသည့်အတွက် အတိုင်းမသိဝမ်းသာပီတိဖြစ်မိပါကြောင်းနှင့် ကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားသည်။

ကမ္ဘောဇဘဏ်သည် ချင်းပြည်နယ် တီးတိန်ဆေးရုံအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ဆေးရုံသုံးပစ္စည်းများဖြစ်သော CE Standard PPE ဝတ်စုံ ၄၅၀၊ ၅၀၀ မီလီလက်သန့်ဆေးရည် ဘူးကြီး ၁၀၀၊ ဆေးရုံသုံး နှာခေါင်းစည်း ၃၀၀၀၊ မျက်မှန် ၂၀၀၊ အပူချိန်တိုင်းကိရိယာ ၁၅ ခု၊ လက်သန့်ဆေးရည်များနှင့် ကျပ်သိန်း ၃၀ ကိုလည်း မေ ၂ ရက်နှင့် ၂၁ ရက်တို့တွင် လှူဒါန်းခဲ့သည်။ လက်ရှိအချိန်ထိ ကမ္ဘောဇဘဏ်၊ KBZ MS General Insurance၊ KBZ Life၊ Myanmar Airways International(MAI) နှင့် Air KBZ လေကြောင်းလိုင်းတို့သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ငွေကျပ် ၃၁၂၁၄ သိန်း လှူဒါန်းခဲ့ပြီးကြောင်း သိရသည်။ **ကိုဇော်**

## ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ တစ်ရက်လျှင် လူတစ်ထောင်ကျော်ခန့် စစ်ဆေးနိုင်မည့်စက် မြဝတီမှ ရန်ကုန်သို့သယ်ဆောင်

**မြဝတီ မေ ၂၁**

တစ်ရက်လျှင် လူတစ်ထောင်ကျော်ခန့်ကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးနိုင်မည့် Cobas 6800 M PCR စက်ကြီးအပါအဝင် ဆက်စပ်ပစ္စည်းများ တင်ဆောင်လာသည့် ကွန်တိန်နာ မော်တော်ယာဉ် သုံးစီးသည် ယနေ့ မွန်းလွဲ ၂ နာရီခန့်က ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံဘက်သို့ မြဝတီနယ်စပ် အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သယ်ဆောင်လာပြီး ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**လှူဒါန်း**

အဆိုပါ ကိုဗစ်-၁၉ ရောဂါစစ်ဆေးသည့် စက်အပါအဝင် ငွေကျပ် သိန်း ၈၀၀၀ ကျော် တန်ဖိုးရှိ ပစ္စည်းများကို AA Medical Products Ltd မှ မေ ၅ ရက်က ကျိုက္ကဆံအားကစားကွင်း ပြည်ထောင်စုခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းခဲ့ကြောင်း၊ ယင်းစက်ကို ရန်ကုန်မြို့ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲခန်းတွင် ထားရှိစစ်ဆေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

**ဆက်လက် ထွက်ခွာ**

ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ခန့်က ထိုင်းနိုင်ငံမှ မြဝတီနယ်စပ် အမှတ်(၂)တံတားမှ တစ်ဆင့် ကွန်တိန်နာယာဉ်များဖြင့် သယ်ဆောင်ပြီး မွန်းလွဲ ၂ နာရီ မိနစ် ၄၀ ခန့်တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားပြီဖြစ်ကြောင်း ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်က ပြောသည်။

အဆိုပါစက်များအား ရန်ကုန်သို့ ဆက်လက်ပို့ဆောင်နိုင်ရေးကို မြဝတီခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး အောင်ချမ်းငြိမ်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြဝတီခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာ ရန်နိုင်ဦးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ဆက်သွယ်ရေးဆိုင်ရာ အထောက်အပံ့များ ပေးလျက်ရှိ

**ရန်ကုန် မေ ၂၁**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT) အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အဓိကအရေးပါသော ဆက်သွယ်ရေးဆိုင်ရာ အထောက်အပံ့ပေးမှုများကို ဆင့်ပွားတိုးချဲ့လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်လုပ်ဆောင်နေသကဲ့သို့ MPT အနေဖြင့်လည်း မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နေရာဒေသအသီးသီးတွင် အဆင့်မြင့်ဆက်သွယ်ရေးနည်းပညာများနှင့် ဝန်ဆောင်မှုများ ပေးအပ်ခြင်းနှင့် အများပြည်သူတို့အတွက် မရှိမဖြစ်လိုအပ်သော ဆက်သွယ်ရေးဆိုင်ရာ အထောက်အပံ့များကို ဆင့်ပွားတိုးချဲ့လုပ်ဆောင်လျက်ရှိကြောင်း MPT-KSGM Joint Operations မှ လုပ်ငန်းလည်ပတ်မှုဌာနကြီး၏ ဒုတိယအရာရှိချုပ် ဦးမျိုးသန်းက ပြောသည်။

ထိုသို့ ဆက်သွယ်ရေးဆိုင်ရာ အထောက်အပံ့များကို ဆောင်ရွက်ရာတွင် အသွားအလာကန့်သတ်ထားသူများအတွက် အင်တာနက်ပါဝင်သော ဆင်းမ်ကတ်များပေးအပ်ခြင်း၊ သတင်းဌာနဝက်ဘ်ဆိုက်များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ ဝက်ဘ်ဆိုက်များသို့ အင်တာနက်ဖိုး အခမဲ့ဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ပုဂ္ဂိုလ်ထံနှင့် ဆွေးနွေးအကြံပြုစင်တာများသို့ အခမဲ့ ဖုန်းခေါ်ဆိုနိုင်ရန် စီစဉ်ပေးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စောင့်ကြည့်လူနာများထားရှိရာ အသွားအလာကန့်သတ် ဆောင်ရွက်ထားသောစင်တာများသို့ ဖိုင်ဘာအင်တာနက် အသုံးပြုနိုင်သည့် ဝန်ဆောင်မှုပေးအပ်ခြင်းများကိုလည်း စဉ်ဆက်မပြတ် ပံ့ပိုးဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုရှိ အသွားအလာကန့်သတ်ဆောင်ရွက်ထားသောနေရာများ၊ ဆေးရုံများ၊ ကုသမှုစင်တာများ၊ ကျောင်းများနှင့် အဖွဲ့အစည်းများသို့ FTTH နှင့် B2B Fiber အင်တာနက်ဆက်သွယ်မှု ၄၀ တိုးချဲ့ ပံ့ပိုးဆောင်ရွက်ထားပြီး PSTN အော်တိုတယ်လီဖုန်းဝန်ဆောင်မှုကို ရခိုင်ပြည်နယ်အတွင်းရှိ နေရာ ၁၆ ခု၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ နေရာနှစ်ခုနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဖေဘင်ကြီးကုသရေးစင်တာတို့တွင် ဖိုင်ဘာစနစ်သုံး(Fax အသုံးပြုနိုင်သည့်) အော်တိုတယ်လီဖုန်းလိုင်း လေးလိုင်းတို့ကိုလည်း ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် စုံစမ်းမေးမြန်းမှုများအတွက် သတ်မှတ်ထားသည့် ကျန်းမာရေးစင်တာများနှင့် ဌာနများရှိ နံပါတ်များသို့ ဖုန်းခေါ်ဆိုရာတွင် အခပေးရန် မလိုသည့်(toll-free call)ဝန်ဆောင်မှုကိုလည်း ပေးအပ်လျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်များရှိ စောင့်ကြည့်လူနာများထားရှိရာ အသွားအလာကန့်သတ်ဆောင်ရွက်ထားသော နေရာ ခြောက်ခုတွင် စောင့်ကြည့်လူနာများနှင့် တာဝန်ရှိသူများ သတင်းအချက်အလက်မျှဝေရန်နှင့် မိသားစုဝင်များနှင့် အဆက်အသွယ်မပြတ်စေရန် MPT ဆင်းမ်ကတ် ၁၅၄၀၀ ကျော်ကိုလည်း လှူဒါန်းဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

**အေးမင်းသူ**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပုသိမ်မြို့ဈေးများအတွင်း နှာခေါင်းစည်းအသုံးပြုရန် အသိပညာပေး

**ပုသိမ် မေ ၂၁**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး ကြိုတင်ကာကွယ်သည့်အနေဖြင့် မေ ၂၀ ရက် နံနက်ပိုင်းက ပုသိမ်မြို့နယ် ရွှေပြည်သာဈေး၊ မြို့မဈေး၊ အောင်ရောဈေး၊ အောင်သီရိဈေးနှင့် မြို့သစ်ဈေးတို့တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဆောင်သည့် ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များ ကိုဗစ်-၁၉ ရောဂါ သတင်းအချက်အလက်များ ချိတ်ဆက်ဖြန့်ဝေရေးနှင့် ကူညီရေးအဖွဲ့တို့ပူးပေါင်း၍ အဖွဲ့လေးဖွဲ့ခွဲကာ ဈေးရောင်းသူ၊ ဈေးဝယ်သူများ နှာခေါင်းစည်းအသုံးပြုရေး အသိပညာပေးဆောင်ရွက်ခဲ့သည်။ ယနေ့ထိ စစ်ဆေးချက်အရ နှာခေါင်းစည်းတပ်ဆင်ခြင်းမရှိသည့် ဈေးသည် ၆၄ ဦးအား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

# ဧရာဝတီဖောင်ဒေးရှင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးတွင် အသုံးပြုရန် အလှူငွေနှင့် စောင့်ကြည့်နေရာများအတွက် အစားအသောက်များ လှူဒါန်း

**ရန်ကုန် မေ ၂၁**

မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ ကုသရေးလုပ်ငန်းစဉ်များတွင် ဧရာဝတီဖောင်ဒေးရှင်းသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိပြီး တောင်ဥက္ကလာပ အထူးကုဆေးရုံနှင့် ဝေဘာဂီအထူးကုဆေးရုံကြီးသို့ အလှူငွေများ သွားရောက်လှူဒါန်းခဲ့သည်။

ဧရာဝတီဖောင်ဒေးရှင်းအမှုဆောင် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးနှင့် တာဝန်ရှိသူများသည် တောင်ဥက္ကလာပ အထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးနှင့် ဆရာဝန်ကြီးများကို သွားရောက်တွေ့ဆုံကာ လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၃၀၀ လှူဒါန်းခဲ့ပြီး ဧရာဝတီဖောင်ဒေးရှင်း၏ အစီအစဉ်ဖြင့် နိုဗိုတယ်ရန်ကုန်မက်စ်ဟိုတယ်မှ အစားအသောက်များ နေ့စဉ်ပေးပို့လှူဒါန်းရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ဝေဘာဂီအထူးကုဆေးရုံကြီးတွင် လိုအပ်သည်များ ထပ်မံဖြည့်ဆည်းနိုင်ရန် ငွေကျပ်သိန်း ၂၀၀ လှူဒါန်းခဲ့သည်။ ဧရာဝတီဖောင်ဒေးရှင်းသည် ဝေဘာဂီအထူးကုဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်စဉ်ကလည်း ငွေကျပ်သိန်း ၅၀၀ လှူဒါန်းထားပြီးဖြစ်သည်။ ဧရာဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ခံရသူများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးနေသည့် ဝန်ထမ်းများအတွက် မတ် ၂၃ ရက်မှစ၍ အစားအသောက်များ စဉ်ဆက်မပြတ်လှူဒါန်းလျက်ရှိပြီး လှော်ကားတော်ဦး ဘုန်းတော်ကြီးကျောင်း၊ အောင်အကယ်ဒမီ၊ သဲအင်းဂူ၊ သိမ်ဖြူ၊ တောင်ဥက္ကလာပဆေးရုံ၊ ပုလဲကွန်ဒို၊ အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်)၊ သုဝဏ္ဏဘောလုံးကွင်းမှ စောင့်ကြည့်ခံနေရသူများအတွက် နေ့စဉ်လှူဒါန်းလျက်ရှိသည်။ ထို့ပြင် စေတနာ့ဝန်ထမ်းများအတွက် Max Hotels Group၊ နိုဗိုတယ်ရန်ကုန်မက်စ်ဟိုတယ်တို့နှင့် ပူးပေါင်း၍ အစားအသောက်များ လိုအပ်သလို ပေးပို့လှူဒါန်းလျက်ရှိသလို နေရေးထိုင်ရေး အခက်ကြုံနေသည့် ဝေဘာဂီဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ဧရာဝတီဘဏ်သင်တန်းကျောင်းတွင် ထားရှိကာ နေထိုင်စားသောက်သွားလာရေးနှင့် အခြားလိုအပ်သည်များ ပံ့ပိုးပေးလျက်ရှိသည်။

ဧရာဝတီဖောင်ဒေးရှင်း၊ AYA Bank၊ Max Myanmar Group ကုမ္ပဏီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိပြီး အလှူငွေများအဖြစ် ဝေဘာဂီအထူးကုဆေးရုံကြီးသို့ ငွေကျပ်သိန်း ၇၀၀၊ ရန်ကင်းကလေးဆေးရုံသို့ ငွေကျပ်သိန်း ၅၀၀၊ တောင်ဥက္ကလာပ အထူးကုဆေးရုံကြီးသို့ ငွေကျပ်သိန်း ၃၀၀ နှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ကျန်းမာရေးအာမခံ ငွေကျပ်သိန်း ၅၀၀၀ တို့ကို လှူဒါန်းထားသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ငွေကျပ်သိန်း ၄၇၀၀ ဝန်းကျင်တန်ဖိုးရှိ ဆန်အိတ် ၁၇၅၀၀ တို့ကို သက်ဆိုင်ရာ အစိုးရအဖွဲ့များကတစ်ဆင့် လှူဒါန်းထားပြီး စောင့်ကြည့်ရေးစခန်း ငါးခုမှ စောင့်ကြည့်ခံရသူများ၊ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ နေထိုင်သွားလာရေးနှင့် အစားအသောက်ကျွေးမွေးမှုအတွက် ငွေကျပ်သိန်း ၂၈၀၀ ဖြင့် မေ ၂၁ ရက်အထိ ငွေကျပ်သိန်း ၁၄၀၀၀ ကျော် လှူဒါန်းထားပြီးဖြစ်သည်။



ဧရာဝတီဖောင်ဒေးရှင်း၏ အစီအစဉ်ဖြင့် ကိုဗစ်-၁၉ စောင့်ကြည့်ခံရသူများကို ကျွေးမွေးရန် နိုဗိုတယ်ရန်ကုန်မက်စ်ဟိုတယ်၌ အစားအသောက်များ ပြင်ဆင်ထားစဉ်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-ဧရာဝတီဖောင်ဒေးရှင်း**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးအသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**ထန်တလန် မေ ၂၁**

ချင်းပြည်နယ် ထန်တလန်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများ ကူးစက်ပျံ့နှံ့မှုမရှိစေရေး အသိပညာပေးခြင်းလုပ်များ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၇ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း၍ ထန်တလန်မြို့ အမှတ်(၁၂) ရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် သွားလာလျက်ရှိသော ပြည်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ယာဉ်ထိန်း ဒုရဲအုပ်လန်အင်းခွာလ်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ တာဝန်ရှိသူများက သွားလာလျက်ရှိသော ပြည်သူများအား အိမ်ပြင်ပသို့ထွက်လျှင် နှာခေါင်းစည်း စနစ်တကျ တပ်ဆင်ကြရန်၊ ဆိုင်ကယ်စီးလျှင် ဦးထုပ်စနစ်တကျဆောင်းရန် စသည့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။ **ယောန(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အထက တနင်္သာရီ၌ ပိုးသတ်ဆေးဖျန်း

**တနင်္သာရီ မေ ၂၁**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်တွင် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် ကြိုတင်ပြင်ဆင်ထားသည့် ကန့်သတ်စောင့်ကြည့်နေရာ တစ်ခုဖြစ်သော အထက တနင်္သာရီကျောင်းဆောင်၌ ယနေ့ နံနက် ၈ နာရီကစပြီး မြို့နယ်မီးသတ်ဦးစီးဌာနနှင့် နယ်မြေခံတပ်တို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ပိုးသတ်ဆေး ဖျန်းပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။

အရေးပေါ် သံသယလူနာ/စောင့်ကြည့်လူနာများ ရောက်ရှိလာပါက အရန်သင့်ထားနိုင်ရန် ယနေ့ပိုးသတ်ဆေးဖျန်းပေးခြင်းဖြစ်ကြောင်း မီးသတ်ဦးစီးအရာရှိ ဦးမျိုးမျိုးနိုင်က ပြောသည်။

ယင်းသို့ ပိုးသတ်ဆေးဖျန်းပေးရာတွင် မြို့နယ်မီးသတ်အဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်တို့ ပူးပေါင်း၍ အထက တနင်္သာရီကျောင်းဆောင်များအတွင်း ပိုးသတ်ဆေးဖျန်းပေးကြပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးတွင်လည်း ဆေးဖျန်းပေးကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



# မန္တလေးမြို့တွင် အငြိမ်းစားဝန်ထမ်းများအတွက် ပင်စင်လစာငွေများအား အောင်မြေသာစံမြို့နယ်ရှိ အထက(၁)တွင် ပြောင်းရွှေ့ထုတ်ပေး

**မန္တလေး မေ ၂၁**

မန္တလေးမြို့ရှိ အငြိမ်းစားဝန်ထမ်းများအတွက် မြန်မာ့စီးပွားရေးဘဏ် (၁) (မန္တလေး)မှ ထုတ်ပေးလျက်ရှိသည့် ပင်စင်လစာငွေများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် ယနေ့မှစ၍ ၂၉ ရက်အထိ (ရုံးပိတ်ရက်များမပါ) အောင်မြေသာစံမြို့နယ် ၂၄ လမ်း၊ လမ်း ၈၀ နှင့် ၈၁ လမ်းကြားရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် နေ့စဉ် နံနက် ၇ နာရီမှ မွန်းလွဲ ၃ နာရီအထိ ပြောင်းရွှေ့ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**ရောဂါကူးစက်မှုအန္တရာယ် ကာကွယ်နိုင်ရန်**

အဆိုပါ မြန်မာ့စီးပွားရေးဘဏ်(၁)တွင် မန္တလေးမြို့မှ လစဉ်ပင်စင်စားဦးရေမှာ သုံးသောင်းကျော်ရှိပြီး ပင်စင်လစာထုတ်ပေးသည့် ပထမဆုံးနေ့တွင် လူဦးရေ နှစ်ထောင်ကျော် လာရောက်ထုတ်ယူလေ့ရှိသဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ယခုလိုကာလတွင် အသက်အရွယ်ကြီးရင့်သည့် အငြိမ်းစားဝန်ထမ်းများအနေဖြင့် လူစုလူဝေးဖြစ်ပေါ်မှုကြောင့် ရောဂါကူးစက်မှု အန္တရာယ်မှ ကာကွယ်နိုင်ရန်နှင့် အပူဒဏ်ခံစားရမှု သက်သာစေရန်ရည်ရွယ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပညာရေးဌာနနှင့်ပူးပေါင်းကာ အထက(၁) ကျောင်းအတွင်း၌ ကျန်းမာရေးဝန်ကြီးဌာန၏ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ကာ ငွေထုတ်ကောင်တာ ၃ ခုဖြင့် ပင်စင်လစာများ ထုတ်ပေးခြင်းဖြစ်ကြောင်း မြန်မာ့စီးပွားရေးဘဏ်(၁) (မန္တလေး)မှ မန်နေဂျာ ဦးမျိုးထက်အောင်က ပြောသည်။

**ပိုးသတ်ဆေးဖျန်း**

"ပင်စင်လစာထုတ်ယူဖို့ လာရောက်ကြသူတွေကို ကျောင်းဝင်းအတွင်း မဝင်ခင်မှာ အပူချိန်တိုင်းခြင်း၊ လက်ဆေးခြင်းနဲ့ နှာခေါင်းစည်းတပ်ဆင်ခြင်းတွေကို ဆောင်ရွက်ပြီးမှ တစ်ဦးချင်းဝင်ခွင့်ပြုမှာဖြစ်သလို ကျောင်းဝင်းအတွင်းမှာလည်း ထိုင်ခုံတွေကို ၆ ပေ အကွာအဝေးမှာထားပြီး စီစဉ်ပေးထားပါတယ်။ အခုအချိန်က ရာသီဥတုကလည်း ပူပြင်းတဲ့အတွက် အသက်အရွယ်ကြီးရင့်တဲ့ ပင်စင်စားတွေအတွက် သီးစုံဓာတ်ဆား၊ ဖျော်ရည်တွေကို တစ်ခါသုံးခွက်နဲ့ တစ်နေ့ကုန်တိုက်သွားမယ့်အပြင် အလှူရှင်တွေ လာရောက်လှူဒါန်းထားတဲ့ ရေသန့်ဘူးတွေလည်း အဆင်သင့်ထားရှိပေးထားပါတယ်။ ပင်စင်လစာငွေကိုလည်း ကွန်ပျူတာစက် ၄ လုံးနဲ့ ဝန်ထမ်းအင်အား ၂၀ က အကာအကွယ်အပြည့်အစုံ ဝတ်ဆင်ပြီး တစ်ပြိုင်တည်းထုတ်ပေးလျက်ရှိပါတယ်။ ပင်စင်လစာထုတ်ပေးပြီးသွားရင်လည်း ကျောင်းဝင်းတစ်ခုလုံးနဲ့ ထိုင်ခုံတွေအားလုံးကို နေ့စဉ် ပိုးသတ်ဆေးဖျန်းပေးသွားမှာပါ" ဟု ၎င်းက ပြောသည်။

ထို့ပြင် အောင်မြေသာစံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးမောင်မောင်ဝင်းကလည်း ယခုလို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလတွင် ပင်စင်လစာအတွက် ထုတ်ယူကြသည့် အငြိမ်းစားဝန်ထမ်းများအနေဖြင့် ရောဂါကူးစက်မှုအန္တရာယ်မှ ကင်းဝေးစေရန်နှင့် သက်သောင့်သက်သာထုတ်ယူနိုင်စေရန်အတွက် အထက(၁) ကျောင်း၌ စီစဉ်ပေးခြင်းဖြစ်ပြီး ပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များအတိုင်း အိမ်တွင် နေထိုင်ကြရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် အကြောင်းကိစ္စပေါ်ပေါက်ပါကလည်း နှာခေါင်းစည်း တပ်ဆင်ကြရန် အကြံပြုတိုက်တွန်းပြောကြားခဲ့သည်။

ယခုကဲ့သို့ အထက(၁) ၌ ပင်စင်လစာများ ပြောင်းရွှေ့ထုတ်ပေးရာတွင် လုပ်ငန်းများအဆင်ပြေစွာ ဆောင်ရွက်နိုင်စေရေးအတွက် မြန်မာ့စီးပွားရေးဘဏ်(၁) ဝန်ထမ်းများနှင့်အတူ သက်ဆိုင်ရာမြို့နယ်ရှိ ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် နန်းရှေ့လူမှုကူညီရေးအသင်းများမှ ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

**နေပြည်တော် ဧပြီ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်း နှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၂၀-၄-၂၀၂၀)ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၁၀-၃-၂၀၂၀)နေ့မှ (၃-၄-၂၀၂၀)နေ့ထိ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ၁၂ ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် နှစ်ဦး၊ မဂ္ဂဇင်းတစ်ဦး၊ အထွေထွေ ၁၂ ဦး၊ ပေါင်း ၁၅ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ ကိုးဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၄၁ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၈၅၅ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၂၉၉ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၇၉၅ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ရန်ကုန်မြို့၌ ခရီးသွားပြည်သူ ရာနှုန်းပြည့်နီးပါး နှာခေါင်းစည်းများ တပ်ဆင်

**ရန်ကုန် ဧပြီ ၂၁**

ရုံးပိတ်ရက်ပြန်ဖွင့်သည့် ဧပြီ ၂၀ ရက်မှစကာ ဝိုင်ဘီအက်စ် ၂၁ နှင့် ၃၉ ယာဉ်လိုင်းများကို စီးနင်းသည့် ခရီးသွားပြည်သူများအနေဖြင့် ရာနှုန်းပြည့်နီးပါး နှာခေါင်းစည်းများ တပ်ဆင်ကာ စီးနင်းလာကြကြောင်း အဆိုပါယာဉ်လိုင်းများ ပြေးဆွဲနေသည့် Power Eleven Public ကုမ္ပဏီလီမိတက်မှ သိရသည်။

"အခု ခရီးသွားတော်တော်များများက ရာနှုန်းပြည့်နီးပါး နှာခေါင်းစည်းတွေ တပ်လာကြတာ တွေ့ရတယ်၊ အရင်ကဆိုရင် ၇၀ ရာခိုင်နှုန်းလောက်ပဲ တပ်ကြတယ်၊ သတ်မှတ်စည်းကမ်းတွေကို လိုက်နာလာကြတဲ့ သဘောရှိပါတယ်၊ ကျွန်တော်တို့ဘက်ကလည်း လိုက်နာဆောင်ရွက်သလို သတ်မှတ်စည်းကမ်းအတိုင်း ပြေးဆွဲပေးနေပါတယ်" ဟု Power Eleven Public ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးသက်တင်ဝင်း(ခ) ကိုတရုတ်လေးက ပြောသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ညွှန်ကြားချက်အရ ဝိုင်ဘီအက်စ် ၂၁ နှင့် ၃၉ ယာဉ်လိုင်းများအနေဖြင့် မတ် ၁၅ ရက်မှစကာ ယာဉ်တစ်စီးလျှင် ခရီးသည် ၂၄ ဦးခန့်သာ စီးနင်းခွင့်ပြုပြီး အကွာအဝေးကန့်သတ်ထားသော ထိုင်ခုံတစ်လုံးလျှင် ခရီးသည်တစ်ဦးသာ ထိုင်ခွင့်ရှိကြောင်း၊ ယာဉ်အတက်အဆင်းနေရာများတွင် လက်သန့်ဆေးရည်ဘူးများ ထားရှိပေးကာ ခရီးသည်များအနေဖြင့် အတက်တစ်ကြိမ်၊ အဆင်းတစ်ကြိမ် လက်ဆေးရမည်ဖြစ်ပြီး စီနင်းသည့် ခရီးသည်တိုင်း မဖြစ်မနေ နှာခေါင်းစည်းများ တပ်ဆင်ရမည်ဖြစ်ကြောင်း၊ နှာခေါင်းစည်း တပ်ဆင်ထားခြင်းမရှိသည့် ခရီးသည်များကို ယာဉ်စီးနင်းခွင့်ပေးမည်မဟုတ်ဘဲ လိုအပ်ပါက နှာခေါင်းစည်းများကို ယာဉ်ပေါ်တွင် ဝယ်ယူနိုင်ပြီး ဝယ်ယူရန် အခက်အခဲရှိသူများအနေဖြင့် အခမဲ့အသုံးပြုနိုင်ကြောင်း စသည့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ပြေးဆွဲပေးလျက်ရှိကြောင်း အဆိုပါကုမ္ပဏီမှ သိရသည်။

**တိုးချဲ့ဆောင်ရွက်သွားမည်**

Power Eleven Public ကုမ္ပဏီလီမိတက်တွင် ဝိုင်ဘီအက်စ် ၂၁၊ ၃၉၊ ၄၁ ယာဉ်လိုင်း သုံးလိုင်းရှိရာ လက်ရှိတွင် ၄၁ ယာဉ်လိုင်းကို ရပ်နားထားပြီး ၂၁ နှင့် ၃၉ ယာဉ်လိုင်းနှစ်လိုင်းဖြင့်သာ တစ်နာရီခြား တစ်စီးနှုန်းဖြင့် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ပြေးဆွဲပေးနေပြီး ခရီးသည်စီးနင်းမှုအပေါ် မူတည်ကာ ပြေးဆွဲမှုများကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အလုပ်တွေက ပြန်ဖွင့်တာတွေရှိသလို တချို့စက်ရုံတွေလည်း ပိတ်ထားတာရှိတယ်။ ဒီနေ့မနက်ဆို ခရီးသွားအခြေအနေ တော်တော်နည်းပါတယ်။ မနေ့က ရုံးစဖွင့်တဲ့ရက်မှာ မနက်ပိုင်း ခရီးသွားသွားလာလာလုပ်ကြတယ်၊ နေ့လယ်ပိုင်းနဲ့ ညနေပိုင်းမှာ ခရီးသည်မရှိဘူး၊ လေးနာရီနောက်ပိုင်းဆို ခရီးသည်လုံးဝမရှိတော့ဘူး၊ သုံးနာရီနောက်ပိုင်း အသွားအပြန်ဆွဲတဲ့ ကားတွေဆိုရင် လူဦးရေ ၂၀ နဲ့ ၃၀ လောက်ပဲရှိတယ်၊ ခရီးသွားနည်းတယ်လို့ ပြောလို့ရပါတယ်" ဟု ဦးသက်တင်ဝင်း(ခ)ကိုတရုတ်လေးက ပြောသည်။

ဝိုင်ဘီအက်စ် ၂၁ ယာဉ်လိုင်းသည် ခရီးစဉ်လမ်းကြောင်းအနေဖြင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ သိမ်ကြီးဈေး၊ လသာသို့လည်းကောင်း ၃၉ ယာဉ်လိုင်းသည် ရွှေပြည်သာ ဝါးတစ်ရာမှ သိမ်ကြီးဈေး၊ လသာသို့လည်းကောင်း ပုံမှန်ပြေးဆွဲပေးလျက်ရှိပြီး ယခုရက်ပိုင်းအတွင်း ခရီးသည်စီးနင်းမှုအနေဖြင့် တစ်နေ့လျှင် ခရီးသည် ၇၀ မှ ၁၀၀ ကြားသာရှိကြောင်း ၎င်းက ပြောသည်။

**အေးမင်းသူ၊ ဇာနည်မောင်**

## မိုင်းယောင်း၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ရွှေ့လျားအသိပညာပေး

**မိုင်းယောင်း ဧပြီ ၂၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဧပြီ ၂၁ ရက်က လူအသွားအလာများသည့် မြို့အဝင်အထွက်နေရာများ၌ ရွှေ့လျားအသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဝင်များ၊ ကျန်းမာရေး၊ ရဲတပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဒေါ်နန်းဆေး၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးသန့်ဇင်ဦးနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် လူအသွားအလာများသည့် မြို့အဝင်အထွက်နေရာများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပေးနှိုးဆော်ချက်များ၊ နှာခေါင်းစည်းတပ်ရန်၊ မကြာခဏလက်ဆေးရန်၊ မလိုအပ်ဘဲ အပြင်မထွက်ကြရန်၊ အပြင်ထွက်သည့်အခါ ကလေးသူငယ်များအား ခေါ်ဆောင်လာခြင်း မပြုကြရန် စသည့် ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ရွှေ့လျားအသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**စိုင်းအောင်ဇော်လင်း (ပြန်/ဆက်)**



## ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး ကော့ကရိတ်မြို့မဈေးအား ပိုးသတ်ဆေးဖျန်း

**ကော့ကရိတ် ဧပြီ ၂၁**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ မြို့မဈေးကြီးတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ယမန်နေ့ ညနေ ၄ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါ မြို့မဈေးကြီးအတွင်း ပြည်သူများ နေ့စဉ်ဝင်ထွက်သွားလာမှုအပေါ် ရောဂါပြန့်ပွားမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ထိန်းချုပ်ရေး အရှိန်အဟုန်မြှင့်သောအနေဖြင့် ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးမှ တစ်ပတ်လျှင် နှစ်ကြိမ် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။

ပြည်သူများအနေဖြင့် လူစည်ကားရာနေရာများသို့ သွားလာမှုမပြုသော်လည်း မိမိတို့ နေ့စဉ်စားသုံးနိုင်ရေးအတွက် ဈေးသို့ မဖြစ်မနေသွားလာရခြင်းကြောင့် ယခုကဲ့သို့ ပိုးသတ်ဆေးဖျန်းရခြင်းကို တစ်ပတ်လျှင် နှစ်ကြိမ်ဆောင်ရွက်ခြင်း၊ လက်ဆေးရေကန်များ ထားရှိပေးခြင်း၊ ဈေးရောင်း ဈေးဝယ်ပြည်သူများကို နှာခေါင်းစည်းများ တပ်ဆင်ခြင်းတို့ကို နေ့စဉ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော့ကရိတ်မြို့မဈေးတွင် ဆိုင်ခန်းပေါင်း ၄၈၉ ခန်းရှိ၍ ဈေးအား ဧပြီ ၂၁ ရက်မှ ၃၀ ရက်အထိ ယာယီပိတ်ထားမည်ဖြစ်ပြီး ပျံကျဈေးကို ကော့ကရိတ်မြို့ အမှတ်(၁)ရပ်ကွက် ကရင်နှစ်သစ်ကူးကွင်း၌ ဧပြီ ၂၂ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးရဲလင်းဦးထံမှ သိရသည်။

**ခင်မျိုးဝင်း(ပြန်/ဆက်)**

## ပျဉ်းမနားမြို့နယ် အောင်မင်္ဂလာကားဝင်းဟောင်း၌ ယာယီပျံကျဈေး ဖွင့်လှစ်

**နေပြည်တော် ဧပြီ ၂၁**

နေပြည်တော် ပျဉ်းမနားမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူစုလူဝေးမဖြစ်စေရန်နှင့် ပြည်သူများ စားသောက်ကုန်များကို အဆင်ပြေစွာ ဝယ်ယူနိုင်စေရန်ရည်ရွယ်၍ ယာယီပျံကျဈေးအား အောင်မင်္ဂလာကားဝင်းဟောင်း၌ ယနေ့ နံနက် ၆ နာရီတွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

ယာယီပျံကျဈေးများအတွင်း ရောင်းချသည့် ဈေးသည်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ နှာခေါင်းစည်းတပ်ဆင်မှ ရောင်းချခွင့်ပြုကြောင်း၊ ဈေးဝယ်လာသည့် ပြည်သူများကိုလည်း နှာခေါင်းစည်းတပ်ဆင်ပြီးမှသာ ဈေးဝယ်ယူခွင့်ပြုထားကြောင်းနှင့် ယာယီပျံကျဈေးအား နေ့စဉ် နံနက် ၆ နာရီမှ ၁၁ နာရီအထိ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ယာယီပျံကျဈေးများအား ပျဉ်းမနားမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဝင်များ ကြီးကြပ်လျက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ(ဈေးများဌာန) တာဝန်ရှိသူများက ဈေးသည်တစ်ဦးလျှင် ခြောက်ပေခြားနေရာချထားဆောင်ရွက်ပေးခြင်း၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ(ဈေးများဌာန)မှ ဝန်ထမ်းများက စနစ်တကျ စောင့်ကြပ်ကြည့်ရှု၍ ကျန်းမာရေးအသိပညာပေးမှုကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**



## မယ်စဲ့မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအသိပညာပေးခြင်းဆောင်ရွက်

**မယ်စဲ့ ဧပြီ ၂၁**

ကယားပြည်နယ် မယ်စဲ့မြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ကုသရေး လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၀ ရက် ညနေက မြို့နယ်ခန်းမရှေ့၊ မြို့တွင်းလမ်းဆုံများ၊ အထက (မယ်စဲ့)ကျောင်းရှေ့နှင့် မြို့မရဲစခန်းရှေ့တို့တွင် ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအတွင်းရေးမှူး မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်၊ မြို့မစခန်းမှူး ဒုတိယရဲမှူးသန်းအောင် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများက လမ်းသွားလမ်းလာပြည်သူများ၊ ဆိုင်ကယ်များနှင့် ကုန်တင်ယာဉ်များအား ရပ်တန့်စေကာ အိမ်အပြင်သို့ ထွက်ခွာပါက နှာခေါင်းစည်းတပ်ရန်၊ နေ့စဉ် ည ၁၀ နာရီမှ နံနက် ၄ နာရီအထိ ပြင်ပသို့ လုံးဝထွက်ခွာခြင်း မပြုရန်နှင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးဆောင်ရွက်ခဲ့ကြသည်။

**ဝတ်ရည်(ပြန်/ဆက်)**

■

# ကိုဗစ်ကာလ တောင်ကိုရီးယား ရွေးကောက်ပွဲ

ရဲမြင့်ကျော်

ကိုဗစ်-၁၉ ကူးစက်ရောဂါ ဝင်မလာခင်ကတည်းက တစ်ကမ္ဘာလုံးမှာ ဒီမိုကရေစီ ထိုင်းမှိုင်းကျဆင်းမှု (democratic recession) ကြုံနေရတာပါ။ ၂၀၀၈ ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းရဲ့ အကျိုးဆက်အဖြစ် အမေရိကန်၊ ဗြိတိန်၊ ဥရောပ၊ လက်တင်အမေရိက၊ အာရှတို့မှာ အမျိုးသားရေးဝါဒီတွေ၊ ပေါ်ပြူလစ်ဝါဒီတွေ အာဏာရလာတယ်။ စီးပွားရေးကျဆင်းမှု၊ ပြည်ပက ရွှေ့ပြောင်းအခြေချလာသူ ဆန့်ကျင်မှု၊ အလုပ်လက်မဲ့နဲ့ ကြွေးမြီပြဿနာတို့က ကမ္ဘာတစ်လွှား အမျိုးသားရေးဝါဒတွေ ခေါင်းထောင်စေခဲ့ပါတယ်။ ကိုဗစ်-၁၉ ကူးစက်ရောဂါ ပျံ့နှံ့လာတဲ့အခါမှာတော့ နိုင်ငံတွေကြား နံရံတံတိုင်းတွေခတ်၊ လူဝင်မှုတွေရပ်၊ ကုန်သွယ်ရေးနဲ့ ဆပ်ပလိုင်းချိန်း လုပ်ငန်းတွေဖြတ်လိုက်ပြီး ဂလိုဘယ်လ်လိုက်ဖေးရှင်း စနစ် ရပ်တန့်သွားပါတယ်။ ကမ္ဘာ့ဒီမိုကရေစီ အိပ်မက်ခရီးရှည်ဟာ ဘက်ပြန်သွားတော့မလား စိုးရိမ်ဖွယ်။

ဒီလို ကိုဗစ်နတ်ဆိုးကို အားလုံးရင်ဆိုင်နေရချိန် မေ ၁၅ ရက် တောင်ကိုရီးယား ရွေးကောက်ပွဲရလဒ်က ကမ္ဘာ့ဒီမိုကရေစီအတွက် မျှော်လင့်ချက်ရောင်ခြည် ပြန်ပေးခဲ့ပါတယ်။ ကိုဗစ်ကူးစက်ရောဂါကပ်ကြီးထဲမှာ ကျင်းပတဲ့ ကမ္ဘာ့ပထမဆုံးရွေးကောက်ပွဲ ဖြစ်သွားတယ်။ လူဦးရေ ၅၁ သန်းကျော်ရှိတဲ့တိုင်းပြည်မှာ မဲပေးသူ ၆၆ ဒသမ ၂ ရာခိုင်နှုန်းနဲ့ ဆယ်စုနှစ် သုံးခုအတွင်း မဲပေးမှုအများဆုံး စံချိန်ချိုးသွားတယ်။ အာဏာရပါတီက အပြတ်အသတ် အနိုင်ရခဲ့ပြီး ကမ္ဘာတစ်လွှား စိတ်အားငယ်နေကြတဲ့ ဒီမိုကရေစီနိုင်ငံတွေကို အားတက်စေခဲ့ပါတယ်။

တကယ်က ရွေးကောက်ပွဲမတိုင်မီ လွန်ခဲ့တဲ့ ခြောက်ပတ်ကျော်အထိ တောင်ကိုရီးယားအခြေအနေက ရေထဲ၊ မိုးထဲပါ။ ဖေဖော်ဝါရီလနောက်ဆုံးပတ်မှာ တရုတ်ပြီးရင် ကိုဗစ်-၁၉ ကူးစက်မှုအရေအတွက် အများဆုံးနိုင်ငံ။ အီတလီ၊ အီရန်တို့နဲ့အတူ အစိုးရိမ်ရဆုံး အခြေအနေမှာ ရှိနေခဲ့တယ်။ မတ်လ ၄ ရက်နေ့မှာဆို တစ်ရက်တည်း ကူးစက်ခံရသူ ၈၅၁ ဦးအထိ အများဆုံးရှိခဲ့ပြီး အမှောင်မိုက်ဆုံး နေ့ရက်တွေပါပဲ။ နိုင်ငံရေးမှာလည်း ကိုဗစ်မဝင်ခင် သမ္မတ မွန်ဂျေအင်းနဲ့ သူ့မဟာမိတ်ညွန့်ပေါင်းပါတီတို့ အခြေအနေမကောင်းပါ။

တောင်ကိုရီးယားရဲ့ စီးပွားရေးတိုးတက်မှုနှုန်းက အရင်ထက် နှေးကွေးနေသလို မြောက်ကိုရီးယားနဲ့ စေ့စပ်ဆွေးနွေးနေတဲ့ နိုင်ငံခြားရေးမူဝါဒကလည်း ထူးခြားမှု တစ်စုံတစ်ရာ မပြနိုင်သေးပါ။ ဖေဖော်ဝါရီလကုန်ပိုင်း ကူးစက်ရောဂါ စမြင့်လာချိန်မှာတော့ အတိုက်အခံ ကွန်ဆာဗေးတစ်အုပ်စုက အစိုးရရဲ့ ဆုံးဖြတ်ချက်တွေကို ပြင်းပြင်းထန်ထန် ဝေဖန်တယ်။ လူထုကလည်း နှာခေါင်းစည်း ဝယ်ရခက်တာကအစ အပြစ်တင်တယ်။ သမ္မတအပေါ် လူကြိုက် နည်းသည်ထက်နည်းလာတယ်။ ဒါပေမယ့်လို့ တစ်လခွဲအတွင်း အစိုးရက အရာရာကို ပဋ္ဋလက်ဆန်အောင် ပြောင်းလဲပစ်နိုင်ခဲ့ပါတယ်။ ကူးစက်ရောဂါ အဆိုးဆုံးနိုင်ငံတွေရဲ့ စာရင်းပေါ်ကနေ တဖြည်းဖြည်းအောက်ကို ကျဆင်းသွားတယ်။ နိုင်ငံရေးမှာလည်း ရွေးကောက်ပွဲအောင်ပွဲနဲ့အတူ ဆန်းလာဘ်အမြင့်ဆုံး ပြန်ဖြစ်သွားပါတယ်။

> **တောင်ကိုရီးယားအစိုးရက ကိုဗစ်အကျပ်အတည်းကို အခွင့်ကောင်းယူပြီး လူအများလက်ခံနိုင်တဲ့ နိုင်ငံရေးအပြောင်းအလဲဖြစ်အောင် စွမ်းဆောင်ခဲ့သလို မဲပေးသူ ၂၉ သန်းကျော် (၆၆ ဒသမ ၂ ရာခိုင်နှုန်း) ကလည်း ကပ်ဘေးကာလ သူတို့ရဲ့ ဒီမိုကရက်တစ်အခွင့်အရေးကို အပြည့်အဝ ပြသခဲ့ပါတယ်။ ဒါက လက်ရှိအခက်အခဲတွေ့နေတဲ့ ဒီမိုကရေစီကမ္ဘာအတွက် ကပ်ရောဂါမုန်တိုင်းကို ကျော်ဖြတ်ပြီး ဒီမိုကရေစီရှင်သန်နိုင်မှုကို ပြသလိုက်ခြင်းပါပဲ**

နောက် ကိုဗစ်ကူးစက်ရောဂါကို ထူးထူးခြားခြား တုံ့ပြန်နိုင်ခဲ့တဲ့ တောင်ကိုရီးယားက အခြားနိုင်ငံတွေအတွက် မော်ဒယ်တစ်ခု ဖြစ်လာပါတယ်။ တောင်ကိုရီးယား အုပ်ချုပ်ရေးပုံစံက ကွန်ဖြူးရှပ်စတိုင်မျိုး စီးစီးပိုးပိုးရှိပြီး တစ်ဖက်မှာတော့ လူထုရဲ့ တစ်ဦးချင်းလွတ်လပ်ခွင့်ကို အလိုက်သင့်ပေးထားတယ်။ လူ့အဖွဲ့အစည်းတစ်ခုလုံး အကျိုးအတွက်ဆိုရင်တော့ တစ်ဦးချင်းကိုယ်စီ စည်းကမ်းရှိမှုကို ပြသနိုင်တယ်။ ကိုဗစ်ဖြစ်လို့ အစိုးရက လူတွေကို အိမ်မှာနေကြဖို့ ပြောတဲ့အခါ အမေရိကန်နဲ့ ဥရောပနိုင်ငံတွေ လိုမဟုတ်ဘဲ လူထုကြား ညည်းညူမှု အတော်နည်းပြီး လွယ်လွယ်ကူကူပဲ လိုက်နာတယ်။ အစိုးရက လူတွေကို လူချင်းခွာနေဖို့ တိုက်တွန်းတယ်။ မိုဘိုင်းဖုန်းဒေတာတွေ၊ ခရက်ဒစ်ကတ်မှတ်တမ်းတွေကတစ်ဆင့် ရောဂါကူးစက်မှုကို ပိုက်စိပ်တိုက် ခြေရာခံလိုက်တယ်။ ဒါက ၂၀၁၅ မားစ်ရောဂါ ဖြစ်ပွားမှုမှာ လူ ၃၅ ဦးသေဆုံးခဲ့တဲ့ အတွေ့အကြုံအရ ဖုန်းတွေ၊ ခရက်ဒစ်ကတ် မှတ်တမ်းတွေကို တရားဝင် စစ်ဆေးခွင့်ရရှိထားပြီး လူထုဘက်ကလည်း ကပ်ရောဂါဘေးအတွက် လိုလိုလားလား ပူးပေါင်းဆောင်ရွက်ပါတယ်။

ကိုရီးယား ရောဂါထိန်းချုပ်ရေးနဲ့ ကြိုတင်ကာကွယ်ရေးဌာန (KCDC) ကို ၂၀၀၄ ကတည်းက တည်ထောင်ထားပြီး အတော့်ကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်တဲ့ ဌာနပါ။ ဖေဖော်ဝါရီလထဲ ကူးစက်ရောဂါများလာတဲ့အခါ ရောဂါထိန်းချုပ်ရေးဌာနက တစ်နေ့ လူ တစ်ထောင်ကျော် စစ်ဆေးနိုင်ပြီး တစ်တိုင်းပြည်လုံးအနှံ့ ကွန်ရက်ဖွဲ့ထားတဲ့ ဓာတ်ခွဲခန်းတွေကတစ်ဆင့် နာရီအနည်းငယ်အတွင်း ရလဒ်အဖြေထုတ်ပေးနိုင်ပါတယ်။ ဒီလို စစ်ဆေးနိုင်လို့လည်း စတုတ္ထအကြီးဆုံးမြို့တော် ဒေဂူးက Shincheonji Church ဘာသာရေး ဝတ်ပြုဆုတောင်းပွဲကနေ ကူးစက်ခဲ့တဲ့ လူ ၅၀၀၀ နီးပါးကို အချိန်မီ ဖော်ထုတ်နိုင်ခဲ့တယ်။

နောက် သူတို့ကနေ ပြန့်သွားတဲ့ လူနှစ်သိန်းကျော်ကိုလည်း CCTV တွေ၊ မိုဘိုင်းဖုန်းဒေတာတွေ၊ ဖုန်း APP တွေ၊ သူတို့သွားလာလှုပ်ရှားတဲ့ မြေပုံတွေကတစ်ဆင့် ခြေရာခံနိုင်ခဲ့တယ်။ နှစ်လအတွင်း လူလေးသိန်းကျော်ကို စစ်ဆေးနိုင်ခဲ့တာမို့ ကမ္ဘာမှာ စမ်းသပ်စစ်ဆေးမှုနှုန်း အများဆုံးပါပဲ။ အခု တစ်ရက် လူ ၁၅၀၀၀ စစ်ဆေးပေးနိုင်ပြီး စစ်ဆေးခ အခမဲ့မို့ အနောက်နိုင်ငံတွေနဲ့ ကွာပါတယ်။ (မြန်မာနိုင်ငံလည်း အခမဲ့ပါပဲ)။ စမ်းသပ်စစ်ဆေးတဲ့ test kits ကို ကိုရီးယားကုမ္ပဏီတွေက တစ်ရက် ၃၅၀၀၀ ထုတ်လုပ်နေပြီး နောက်ပိုင်း တစ်ရက် အခုရေတစ်သန်းအထိ ထုတ်လုပ်နိုင်ဖို့ ကြိုးစားနေပါတယ်။

ကူးစက်မှုနဲ့ပတ်သက်လို့ သံသယရှိသူ မည်သူမဆို တိုင်းပြည်ထဲရှိ ဓာတ်ခွဲခန်းတွေနဲ့ချိတ်ထားတဲ့ ဆေးခန်း ၁၀၀ ကျော်မှာ အလွယ်တကူ သွားရောက်စစ်ဆေးနိုင်တယ်။ ကိုယ့်ဘာသာစစ်ရင် စစ်ဆေးခ ဝမ်ငွေ ၁၆၀၀၀၀ (၁၃၅ ဒေါ်လာ) ကျမယ်။ ရောဂါပေါ်ရင် ဆေးရုံခေါ်သွားပြီး ပြည့်စုံတဲ့ ကွာရတင်းအစီအစဉ်အောက်မှာ ထားပေးတယ်။ ကွာရတင်းကို ချိုးဖောက်ရင် ဝမ်ငွေ ၁၀ သန်း (ဒေါ်လာ ၈၁၇၀) ကနေ ထောင်ဒဏ်တစ်နှစ်အထိ ကျမယ်။ နိုင်ငံခြားသားတွေကိုတော့ သူတို့တိုင်းပြည် ပြန်ပို့တယ်။ ကိုရီးယားမှာ ကိုဗစ်က Outbreak ဖြစ်တာမို့ လူ ၁၀၀၀၀ ကျော် ကူးစက်ခဲ့ပြီး လူ ၂၀၀ ကျော် သေဆုံးတယ်။

ဒီအရေအတွက်က အမေရိကန်၊ အီရန်၊ ဥရောပနိုင်ငံတွေနဲ့ယှဉ်ရင် အများကြီး နည်းပါတယ်။ ပြီးခဲ့တဲ့ ရွေးကောက်ပွဲနေ့ မေ ၁၅ ရက်မှာတော့ တစ်ရက် ကူးစက်ခံရသူ ၂၇ ဦးအထိ ကျဆင်းသွားပါတယ်။ လက်ရှိ ကမ္ဘာ့နိုင်ငံပေါင်း သုံးပုံတစ်ပုံ မြို့ပိတ်ခြေချုပ် (Lockdown) လုပ်နေရချိန်မှာ ကိုရီးယားလူထုက ပုံမှန်အတိုင်း အသွားအလာမပျက်ပါ။ ကူးစက်မှုအရေအတွက် ကျဆင်းသွားသလို နိုင်နိုင်နင်းနင်း ထိန်းချုပ်နိုင်ပြီဖြစ်တာမို့ အားလုံး ယုံကြည်မှုအပြည့်နဲ့ လွတ်လပ်ပေါ့ပါးနေတယ်။

မတ်လအတွင်းက ပိတ်ထားတဲ့ စီးပွားရေးလုပ်ငန်း ၁၂၀၀၀ ကျော်ကိုလည်း သူတို့ အလုပ်သမားတွေ လုပ်ခလစာ ပုံမှန်ပေးနိုင်ဖို့ အစိုးရက အမတော်ကြေးအဖြစ် ကူညီပံ့ပိုးတယ်။ နောက် အမေရိကန်၊ အင်္ဂလန်အပါအဝင် နိုင်ငံအတော်များများမှာ ပြည်ဝင်ခွင့်နဲ့ ခရီးသွားလာမှု တင်းတင်းကျပ်ကျပ်ပိတ်ထားချိန်၊ တောင်ကိုရီးယားက ထူးခြားတဲ့ လူဝင်မှုကြီးကြပ်ရေးမူဝါဒ ကျင့်သုံးတယ်။ ခရီးသွားလာခွင့် ပိတ်မထားဘဲ ဝင်လာတဲ့ဧည့်သည်က ကိုယ်အပူချိန် တိုင်းရမယ်၊ ကျန်းမာရေးဆိုင်ရာ လိုအပ်တဲ့ မေးခွန်းတွေ ဖြေရမယ်၊ ဆက်သွယ်ရမယ့်နေရပ်လိပ်စာနဲ့ ဖုန်းနံပါတ် အတိအကျပေးရမယ်။ စိတ်မချတဲ့သူဆို ကွာရတင်း ၂၁ ရက် ဝင်ရမယ်။ ချုပ်ပြောရရင် အစိုးရနဲ့ ပြည်သူကြား ပူးပေါင်းဆောင်ရွက်မှု၊ ဒေတာ အချက်အလက် အပြည့်အစုံရှိမှု၊ ပွင့်လင်းမြင်သာမှုတို့ကြောင့် ဗိုင်းရပ်စ်အပေါ် အောင်ပွဲရရှိခဲ့တာ ဖြစ်ပါတယ်။ ဒီအောင်မြင်မှုက ကိုရီးယားတစ်နိုင်ငံတည်းတော့ မဟုတ်ပါ။ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်၊ စင်ကာပူတို့ကလည်း ဗိုင်းရပ်စ်ကို အမိအရခြေရာခံပြီး လူထုအသက်ကို ကာကွယ်နိုင်စွမ်းရှိပါတယ်။ ဒီနိုင်ငံတွေမှာ အရင်က အသက်ရှူလမ်းကြောင်း ပိတ်စေတဲ့ ဆားရ်ရောဂါနဲ့ မားစ်ရောဂါကို ကိုယ်စီရင်ဆိုင်ခဲ့ရတဲ့ အတွေ့အကြုံရှိလို့ပါပဲ။

တောင်ကိုရီးယား ကိုဗစ်နိုင်ငံရေးရလဒ်ကတော့ ရွေးကောက်ပွဲကို ရက်မရွှေ့ဘဲ ပုံမှန်အတိုင်း ကျင်းပနိုင်ပြီး သမ္မတမွန်ဂျေအင်းနဲ့ ဒီမိုကရက်တစ်ပါတီဟာ အမျိုးသားလွှတ်တော်နေရာ ၃၀၀ အနက် ငါးပုံသုံးပုံ အနိုင်ရသွားတယ်။ တစ်လခွဲအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ တုံ့ပြန်ကိုင်တွယ်မှုကနေ လူထုထောက်ခံမှု အမြင့်ဆုံးကို ရရှိသွားပါတယ်။ မြောက်ကိုရီးယားက ခွဲထွက်လာတဲ့ သံတမန်ဟောင်း မစ္စတာ Thaw Yong-ho ကလည်း အတိုက်အခံ ကွန်ဆာဗေးတစ်ပါတီကနေ ဆိုးလ်မြို့ ချမ်းသာတဲ့နေရာ ကိုယ်စားပြုပြီး ရွေးချယ်ခံရတယ်။

တောင်ကိုရီးယားအစိုးရက ကိုဗစ်အကျပ်အတည်းကို အခွင့်ကောင်းယူပြီး လူအများလက်ခံနိုင်တဲ့ နိုင်ငံရေး အပြောင်းအလဲဖြစ်အောင် စွမ်းဆောင်ခဲ့သလို မဲပေးသူ ၂၉ သန်းကျော် (၆၆ ဒသမ ၂ ရာခိုင်နှုန်း) ကလည်း ကပ်ဘေးကာလ သူတို့ရဲ့ ဒီမိုကရက်တစ် အခွင့်အရေးကို အပြည့်အဝ ပြသခဲ့ပါတယ်။ ဒါက လက်ရှိ အခက်အခဲ တွေ့နေတဲ့ ဒီမိုကရေစီကမ္ဘာအတွက် ကပ်ရောဂါမုန်တိုင်းကို ကျော်ဖြတ်ပြီး ဒီမိုကရေစီရှင်သန်နိုင်မှုကို ပြသလိုက်ခြင်းပါပဲ။ ။



## ယာယီဈေးအတွင်း ရောင်းချနေသော ပျံကျဈေးသည်များနှင့် ဈေးဝယ်များအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**နောင်ချို မေ ၂၁**
ကျောက်မဲခရိုင် နောင်ချိုမြို့မအားကစားကွင်း၌ ယာယီဈေးအဖြစ် ဖွင့်လှစ်ထားသော ပျံကျဈေးအတွင်း ရောင်းချနေသည့် ဈေးသည်နှင့်ဈေးဝယ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ယနေ့ နံနက်ပိုင်းက Face Cover နှင့် နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**အသိပညာပေး**

မြို့မအားကစားကွင်းအတွင်း ဖွင့်လှစ်ထားသော ယာယီဈေး၌ နေ့စဉ် ရောင်းချသူ၊ ဝယ်ယူသူများဖြင့် သတ်မှတ်ထားသော အချိန်ကာလအတွင်း ဝယ်ယူ၊ ရောင်းချလျက်ရှိပြီး ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် တားဆီးနိုင်ရေးအတွက် အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ရန်၊ ဈေးသည်များအနေဖြင့် မိမိတို့ကျန်းမာရေးအတွက် Face Cover တပ်ဆင်၍ ရောင်းချကြရန် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသွင်ကိုကိုမင်းနှင့် ဝန်ထမ်းများ၊ စည်ပင်အမှုဆောင်အရာရှိ ဦးခင်စော၊ ဆက်သွယ်ရေးတာဝန်ခံ ဦးဇော်မင်းကျော်၊ စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးမြင့်မောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းထွေးနှင့် ပရဟိတအဖွဲ့များက ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထွေးငယ်(ပြန်/ဆက်)

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ကျန်းမာရေး စိုးရိမ်ဖွယ်အခြေအနေရှိဟု မီဒီယာအချို့ ဖော်ပြ



**ဝါရှင်တန် မေ ၂၁**
မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်မှာ ခွဲစိတ်ကုသမှုပြုလုပ်ပြီးနောက် စိုးရိမ်ဖွယ်ရာ အခြေအနေ ရှိနေသည်ဟု အမေရိကန်မီဒီယာများက သတင်းဖော်ပြသည်။ အမေရိကန်အစိုးရက အခြေအနေကို အနီးကပ် စောင့်ကြည့်နေသည်ဟု ထောက်လှမ်းရေး တာဝန်ရှိသူတစ်ဦးကို ကိုးကား၍ စီအင်န်အင်န်သတင်းဌာနက ရေးသားသည်။

ကင်ဂျုံအန်သည် ဧပြီလ ၁၂ ရက်က နှလုံးနှင့်သွေးကြောများစနစ် ခွဲစိတ်ကုသမှု ပြုလုပ်ပြီးနောက် ပြုံယမ်းမြို့တော် အပြင်ဘက်ရှိ တစ်ထပ်တိုက်တစ်လုံး၌ နေထိုင်နေကြောင်း တောင်ကိုရီးယားသတင်းစာ Daily NK က ဖော်ပြပြီးနောက် ယခုသတင်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံပိုင် မီဒီယာများက ကင်ဂျုံအန်၏ လှုပ်ရှားမှုကို နောက်ဆုံးအကြိမ် ဖော်ပြခဲ့ခြင်းမှာ ဧပြီ ၁၁ ရက်တွင်ကျင်းပသော အာဏာရ အလုပ်သမားပါတီ၏ အစည်းအဝေးတစ်ခုသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ကင်ဂျုံအန်သည် မြောက်ကိုရီးယားနိုင်ငံ တည်ထောင်သူ၏ မွေးနေ့ပွဲ အခမ်းအနားကျင်းပရန် အချိန်သတ်မှတ်ထားသည့် အဘိုးဖြစ်သူ၏ ဂူဗိမာန်သို့ သွားရောက်လည်ပတ်ရန် လွဲချော်ခဲ့သည်။ ထိုအခမ်းအနားတက်ရောက်ရန် ပျက်ကွက်မှုကြောင့် ကင်ဂျုံအန်၏ ကျန်းမာရေးနှင့် ပတ်သက်သော ထင်မြင်ယူဆချက် ကြီးမားလာခဲ့သည်။ တောင်ကိုရီးယား တာဝန်ရှိသူများက ထိုသတင်းနှင့်ပတ်သက်၍ သတိကြီးစွာ ချဉ်းကပ်လျက်ရှိသည်။ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက မှတ်ချက်ပေးရန် ငြင်းဆန်ခဲ့သလို တိုင်းပြည်အတွင်း ထူးခြားသော အရိပ်လက္ခဏာများ သတိပြုမိခဲ့ခြင်းမရှိဟု သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

"မြောက်ကိုရီးယားနိုင်ငံရဲ့ လှုပ်ရှားမှုနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေ ကျွန်တော်တို့ စိတ်ဝင်တစား စုဆောင်းပြီး ဆန်းစစ်နေပါတယ်။ သတင်းတွေအပေါ် ကျွန်တော် မှတ်ချက်မပေးချင်ပါဘူး။ ဂျပန်နိုင်ငံက အမေရိကန်၊ အခြားနိုင်ငံတွေနဲ့ အနီးကပ် ပူးပေါင်းဆောင်ရွက်ပြီး သက်ဆိုင်တဲ့ သတင်းအချက်အလက်တွေ စုစည်းပြီး ဆန်းစစ်မှာဖြစ်ပါတယ်" ဟု ဂျပန်အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ် ဆူဂါယိုရှီဟိုင်းဒဲက ပြောကြားသည်။

**ကိုးကား--အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လူ ၅၆၂၄ ဦး ရှိပြီး ၅၁ ဦးထပ်မံသေဆုံး

**မော်စကို မေ ၂၁**
ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအသစ် ၅၆၂၄ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ယနေ့မှစ၍ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူ စုစုပေါင်း ၅၂၇၆၃ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးဗဟိုဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဧပြီ ၁၉ ရက်က ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၀၆၀ စမ်းသပ်တွေ့ရှိခဲ့ရာ တစ်ရက်တာအတွင်း ရောဂါကူးစက်မှု အများဆုံးဖြစ်လာခဲ့သည်။ ထို့အတူ ရုရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၆၂၄ ဦးကို ယနေ့ စမ်းသပ်တွေ့ရှိခဲ့ရာ တစ်ရက်တာအတွင်း ရောဂါကူးစက်မှုနှုန်း ဒုတိယအများဆုံးဖြစ်လာခဲ့သည်။

ထို့အပြင် ရုရှားနိုင်ငံတွင် ဧပြီ ၂၀ ရက်က ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၁ ဦး ရှိပြီး ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၄၅၆ ဦးအထိ မြင့်တက်လာကြောင်း၊ သို့သော် ရုရှား နိုင်ငံတွင် ရောဂါမှ ပြန်လည်ကျန်းမာသွားသည့် လူနာ ၄၂၇ ဦးအပါအဝင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၈၇၃ ဦးသည် ၎င်းတို့၏ ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

မော်စကိုမြို့သည် ရုရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါအဆိုးရွားဆုံး ထိခိုက်သွားသည့်မြို့ တစ်မြို့ဖြစ်ပြီး ရောဂါကူးစက်ခံရသူ ၃၀၈၃ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် မော်စကိုတစ်မြို့လုံးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၉၄၃၃ ဦး ရှိလာခဲ့သည်။

ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသော ပထမဆုံး လူနာနှစ်ဦးကို ဇန်နဝါရီ ၃၁ ရက်က စမ်းသပ်တွေ့ရှိခဲ့ပြီး မတ်လကုန်ပိုင်းမှစ၍ ရောဂါကူးစက်ပျံ့နှံ့မှု သိသိသာသာ အရှိန်မြင့်တက်လာခဲ့သည်။ ရုရှားနိုင်ငံတွင် ဧပြီ ၉ ရက်က ရောဂါကူးစက်ခံရသူ ၁၀၀၀၀ ကျော်၊ ဧပြီ ၁၄ ရက်က ၂၀၀၀၀ ကျော်၊ ဧပြီ ၁၇ တွင် ၃၀၀၀၀ ကျော်နှင့် ဧပြီ ၁၉ ရက်က ၄၀၀၀၀ ကျော် စသည်ဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုနှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# စပိန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် နေ့စဉ်သေဆုံးသူ အရေအတွက် အနည်းငယ်မြင့်တက်

**မက်ဒရစ် မေ ၂၁**
စပိန်နိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ အရေအတွက်သည် အင်္ဂါနေ့က အနည်းငယ်မြင့်တက်ခဲ့ပြီး လွန်ခဲ့သည့် ၂၄ နာရီအတွင်း သေဆုံးသူ ၄၃၀ ရှိသည်ကို စပိန်ကျန်းမာရေးဝန်ကြီးဌာန၏ စာရင်းများက ဖော်ပြသည်။

စပိန်နိုင်ငံတွင် ယခုအချိန်အထိ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ၂၁၂၈၂ ဦးရှိပြီး အမေရိကန်နှင့် အီတလီနိုင်ငံတို့၏နောက်တွင် ကမ္ဘာပေါ်၌ တတိယမြောက် သေဆုံးမှု အများဆုံးဖြစ်သည်။

ဒေသအသီးသီးမှ ကိုရိုနာ ဗိုင်းရပ်စ်ကြောင့် သေဆုံးမှု အရေအတွက်စာရင်း ရရှိမှုအနည်းငယ် နှောင့်နှေးခဲ့ပြီးနောက်တွင် အင်္ဂါနေ့၌ သေဆုံးသူအရေအတွက် အနည်းငယ်မြင့်တက်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ တနင်္လာနေ့က စပိန်နိုင်ငံတွင် ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၃၉၉ ဦးရှိသည်ဟု မှတ်တမ်းတင်ခဲ့ရာ သီတင်းပတ်လေးပတ်အတွင်း သေဆုံးမှု အနိမ့်ဆုံးဖြစ်သည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ စုစုပေါင်း ၂၀၄၁၇၈ ဦးရှိသဖြင့် အမေရိကန်နိုင်ငံ၏ နောက်တွင် ကမ္ဘာပေါ်၌ ဗိုင်းရပ်စ်ကူးစက်ခံရမှု ဒုတိယမြောက် အများဆုံးဖြစ်သည်။ အမေရိကန်နိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ စုစုပေါင်း ၇၅၀၀၀၀ ကျော်ရှိသည်။

စပိန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသည့် အရေအတွက်သည်လည်း မြင့်တက်နေပြီး ပြန်လည်ကျန်းမာလာသူ ၈၂၅၁၈ ဦး ရှိသည်။ စပိန်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးမှုသည် ဧပြီ ၂ ရက်က အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်ဟု အာဏာပိုင်များက ပြောကြားသည်။ ယင်းနေ့က ၂၄ နာရီအတွင်း သေဆုံးသူဦးရေ ၉၅၀ ရှိခဲ့သည်။

မတ် ၁၄ ရက်က စတင်ချမှတ်ခဲ့သည့် အသွားအလာကန့်သတ်တားမြစ်မိန့်ကို နှစ်ကြိမ် သက်တမ်းတိုးခဲ့ပြီးဖြစ်သည်။ အစိုးရက ယင်းအမိန့်ကို မေ ၉ ရက်အထိ ထပ်မံသက်တမ်းတိုးမည်ဟု ပြောသည်။ သို့သော်လည်း ကလေးများကို အိမ်ပြင်သို့ ထွက်ခွင့်ပြုရန်အတွက် ဧပြီ ၂၇ ရက်မှစ၍ ကန့်သတ်ချက်များကို အနည်းငယ် ဖြေလျှော့ပေးရန်ရှိသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - အောင်ဇော်လင်း**



# ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးအတွက် ပြည်သူများအားပူးပေါင်းဆောင်ရွက်ရန် အာဘေးပြောကြား



**တိုကျို မေ ၂၁**
ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးအတွက် ပြည်သူများအား တစ်ဦးနှင့်တစ်ဦး အနီးကပ်နေထိုင်ခြင်းကို ရှောင်ရှားခြင်းဖြင့် ပိုမိုပူးပေါင်းပါဝင်ကြရန် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက တိုက်တွန်းခဲ့သည်။

တိုကျိုနှင့် အခြားစီရင်စုခြောက်ခုတွင် နိုင်ငံတော်အရေးပေါ် အခြေအနေကို ကြေညာခဲ့ပြီးနောက် သီတင်းနှစ်ပတ်အကြာတွင် အာဘေးက ယခုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော် အရေးပေါ်အခြေအနေကို လက်ရှိတွင် တစ်နိုင်ငံလုံး၌ ကြေညာထားသည်။ အာဘေးက မိမိတို့ နေအိမ်များတွင် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရေးအတွက် နေထိုင်ကြသူများအား ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။ သို့သော် လူအများအပြားသည် တိုကျိုမြို့မှ ကျေးလက်ဒေသများသို့ ထွက်ခွာသွားခဲ့သည်ဟု အာဘေးကပြောကြားသည်။ ဧပြီလအကုန်မှ မေလအစောပိုင်းအထိ သတ်မှတ်ထားသော အားလပ်ရက်များမှာ နီးကပ်လာသည့်အတွက် ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားရန် အခြေအနေများရှိလာကြောင်း ၎င်းကပြောကြားသည်။ အမျိုးသားကျန်းမာရေးစနစ်သည် ကန့်သတ်မှုများရှိသောကြောင့် ပြည်သူများ၏အသက်ကို စောင့်ရှောက်ရာတွင် ဝန်ထုပ်ဝန်ပိုးများကင်းစေရန် ပြည်သူအချင်းချင်း နီးကပ်စွာ ထိတွေ့ဆက်ဆံမှုကို ၈၀ရာခိုင်နှုန်းအထိလျှော့ချရန်တိုက်တွန်းခဲ့သည်။ အစိုးရ၏ လုပ်ငန်းများ ရပ်တန့်ထားရန်ညွှန်ကြားချက်အား မလိုက်နာသော စီးပွားရေးလုပ်ငန်းများကို စည်းမျဉ်းများချမှတ်ပြီး အရေးယူရန် ဆောင်ရွက်နေကြောင်း ဂျပန်စီးပွားရေး ပြန်လည်ရှင်သန်ရေးဆိုင်ရာဝန်ကြီး နီရှီမူရာ ယာဆူတိုရှီက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# စင်ကာပူတွင် ရောဂါကူးစက်ခံရသူပေါင်း ၉၀၀၀ ကျော်ရှိလာ

**စင်ကာပူ မေ ၂၁**
စင်ကာပူနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၁၁ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ကြောင်း စင်ကာပူနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန က ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၁၁ ဦး စမ်းသပ်တွေ့ရှိခဲ့ပြီးနောက် စင်ကာပူနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၉၁၂၅ ဦးရှိလာခဲ့သည်။

စင်ကာပူနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် အများစုမှာ အလုပ်လုပ်ကိုင်ခွင့်လက်မှတ် ကိုင်ဆောင်ထားသူများဖြစ်ပြီး နိုင်ငံခြားအလုပ်သမားများ၏ အဆောင်များတွင် နေထိုင်ကြသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထပ်မံပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀ တွင် စင်ကာပူနိုင်ငံသားများနှင့် စင်ကာပူနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ရသူများလည်း ပါဝင်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# အစ္စရေးနိုင်ငံ၌ ညီညွတ်သောအစိုးရတစ်ရပ်ဖွဲ့စည်းရန် နေတန်ယာဟုနှင့် ဘန်နီဂန့်တို့ သဘောတူညီခဲ့



**ဂျေရုဆလင် ဧပြီ ၂၁**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် နိုင်ငံ၏ အဆိုးရွားဆုံးသော နိုင်ငံရေးအကျပ်အတည်းကို အဆုံးသတ်ရေးအတွက် ညီညွတ်သောအစိုးရဖွဲ့စည်းရန် နိုင်ငံရေးပြိုင်ဘက်တစ်ဦးဖြစ်သည့် ပါလီမန်ဥက္ကဋ္ဌ ဘန်နီဂန့်နှင့် သမိုင်းဝင်သဘောတူညီချက်တစ်ရပ်ရရှိခဲ့သည်။

နေတန်ယာဟုနှင့် ဘန်နီဂန့်တို့သည် ဧပြီ ၂၀ ရက် ညပိုင်းက ဂျေရုဆလင်ရှိ ဝန်ကြီးချုပ်ဂေဟာတွင် ယင်းမဟာမိတ်သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ယင်းသဘောတူညီချက်အရ နေတန်ယာဟုနှင့် ဘန်နီဂန့်တို့အနေဖြင့် အစ္စရေးနိုင်ငံ၏ အလှည့်ကျဝန်ကြီးချုပ်အဖြစ် အလှည့်ကျတာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေတန်ယာဟုအား ဝန်ကြီးချုပ်အဖြစ် ပထမဆုံးထမ်းဆောင်ခွင့်ပြုမည်ဖြစ်သည်။

အစ္စရေးနိုင်ငံ၏ ဝန်ကြီးချုပ်ရာထူးသက်တမ်းကို အချိန်ကာလအရှည်ကြာဆုံးထမ်းဆောင်ခဲ့သည့် နေတန်ယာဟုသည် ကာလရှည်ကြာငြင်းဆိုထားခဲ့သည့် အကျင့်ပျက်ခြစားမှု စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ တရားရုံးတွင် အမှုရင်ဆိုင်ရဦးမည်ဖြစ်သည်။ ယင်းအချိန်အတောအတွင်း ၁၈ လကြာ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ရန် နေတန်ယာဟုအား အဆိုပါ သုံးနှစ်တာသဘောတူညီချက်က ခွင့်ပြုပေးထားသည်။

ဝန်ကြီးချုပ် နေတန်ယာဟုသည် ၁၂ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ဝန်ကြီးချုပ်အဖြစ် ဆက်လက်လုပ်ဆောင်တော့မည်မဟုတ်သည့်အတွက် သုံးနှစ်တာသဘောတူညီချက်၏ ကျန်ရှိနေသည့် ၁၈ လကို အသက် ၆၀ အရွယ်ရှိ ဘန်နီဂန့်က ဝန်ကြီးချုပ်အဖြစ် ဆက်လက်တာဝန်ယူရမည်ဖြစ်သည်။

လက်ယာယိမ်းလီကွတ်ပါတီအကြီးအကဲ နေတန်ယာဟုနှင့် Blue and White မဟာမိတ်အဖွဲ့မှ ဘန်နီဂန့်တို့သည် ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲသုံးကြိမ်တွင် အဖြေမပေါ်ခဲ့သည့်အပြင် မိမိဘာသာရပ်တည်နိုင်စွမ်းရှိသည့် အစိုးရတစ်ရပ်ကို ဖွဲ့စည်းရန်လည်း လုံလောက်သည့် မဲအရေအတွက် မရရှိခဲ့ကြပေ။

မတ် ၂ ရက်တွင် ကျင်းပခဲ့သည့် နောက်ဆုံးရွေးကောက်ပွဲကျင်းပပြီးချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုအရှိန်မြင့်လာသည့်အတွက် အစ္စရေးနိုင်ငံအနေဖြင့် မကြုံစဖူးသော ကျန်းမာရေးအကျပ်အတည်းကို တိုက်ဖျက်နေရခြင်းကြောင့် ညီညွတ်သောအစိုးရတစ်ရပ်ဖွဲ့စည်းရန် အကြောင်းဖန်လာခဲ့ခြင်းဖြစ်သည်။

မိမိအနေဖြင့် ယခုသဘောတူညီခဲ့သည့် အမျိုးသားအရေးပေါ်အစိုးရတစ်ရပ်က အစ္စရေးနိုင်ငံသားများ၏ အသက်နှင့် အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန် ဆောင်ရွက်နိုင်လိမ့်မည်ဟု ကတိပြုပါကြောင်း သဘောတူညီချက်ကို ကြေညာပြီးနောက် နာရီပိုင်းအတွင်းမှာပင် ဝန်ကြီးချုပ်နေတန်ယာဟုက တွစ်တာစာမျက်နှာမှတစ်ဆင့် ပြောကြားခဲ့သည်။

ဘန်နီဂန့်ကမူ ယခုရရှိခဲ့သည့် သဘောတူညီချက်ကြောင့် မိမိတို့အနေဖြင့် လေးကြိမ်မြောက်ရွေးကောက်ပွဲကို တားဆီးနိုင်လိမ့်မည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို ကာကွယ်နိုင်လိမ့်မည်ဖြစ်ကြောင်းနှင့် ကိုရိုနာဗိုင်းရပ်စ်ကို တိုက်ဖျက်နိုင်လိမ့်မည်ဖြစ်ကြောင်း အလေးထားပြောကြားခဲ့သည်။

ညီညွတ်သောအစိုးရကို ပထမခြောက်လတာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်သည့် စီးပွားရေးထိခိုက်မှုကို လျော့ပါးသက်သာစေရေးနှင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရာ တွင် ဦးစားပေးဆောင်ရွက်မည့် အရေးပေါ်အဖွဲ့အစည်းအဖြစ် အဓိပ္ပာယ်ဖော်ဆောင်ရမည်လည်း ဖြစ်သည်။

အစ္စရေးနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၇၀ ကျော်အပါအဝင် ကူးစက်ခံရသူ ၁၃၅၀၀ ကျော်ရှိသွားပြီဖြစ်ပြီး နိုင်ငံတစ်ဝန်း အသွားအလာကန့်သတ်ထားခြင်းကြောင့်လည်း ပြည်သူအများအပြားသည် ဝင်ငွေမရှိသည့်အနေအထားသို့ ရောက်ရှိခဲ့ကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ယခုသဘောတူညီချက်ကြောင့် နေတန်ယာဟု၏ လီကွတ်ပါတီနှင့် ဂန့်၏ Blue and White မဟာမိတ်အဖွဲ့တို့အကြား အစိုးရဝန်ကြီးနေရာများတွင် အဖွဲ့ကွဲနေမှုကိုလည်း အညီအမျှဖြစ်သွားစေမည်ဖြစ်ပြီး ဘန်နီဂန့်အနေဖြင့် လွှတ်တော်ဥက္ကဋ္ဌရာထူးနေရာမှ ဆင်းပေးကာ ကျမ်းသစ္စာကျိန်ဆိုပြီးပါက တရားဝင်ဝန်ကြီးချုပ် ဖြစ်လာမည်ဖြစ်သည်။

နေတန်ယာဟုနှင့် ဘန်နီဂန့်တို့၏ မဟာမိတ်အဖွဲ့ဝင်များက လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်အောက်တွင် ပါလီမန်အကြီးအကဲနေရာကို နေတန်ယာဟု၏ သစ္စာခံတစ်ဦးက ဖြည့်စွက်တာဝန်ယူမည်ဖြစ်သည်။ နေတန်ယာဟုနှင့် ဘန်နီဂန့်တို့၏ သဘောတူညီချက်သည် အစ္စရေး၏ အချုပ်အခြာအာဏာကို အရှိကိုအရှိတိုင်းလက်ခံရေးနှင့်ပတ်သက်သည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ကြေညာချက်ကို ဆောင်ရွက်ရန် ညီညွတ်သောအစိုးရ၏ ဝန်ကြီးချုပ်အား ခွင့်ပြုပေးထားသည်။ တရားရေးဝန်ကြီးကိုမူ ဘန်နီဂန့်၏ Blue and White မဟာမိတ်အဖွဲ့က ရွေးချယ်မည်ဖြစ်သည်။

ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အလင်းသစ်



## ဗိုင်းရပ်စ် ကာကွယ်ရေးအစီအမံများ ကျင့်သုံး၍ ယူကေ ပါလီမန် ပြန်လည်စတင်

**လန်ဒန် ဧပြီ ၂၁**

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှု၏ အကျိုးဆက်အဖြစ် ဗြိတိန်ပါလီမန်အစည်းအဝေးများကို အီစတာပွဲတော်နေ့ ပြီးဆုံးချိန်အထိ ရပ်နားခဲ့ပြီးနောက် ဧပြီ ၂၁ ရက်တွင် ပြန်လည်စတင်ခဲ့သည်။ ပါလီမန်အမတ်များကိုလည်း ပထမဆုံးအကြိမ်အဖြစ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အစည်းအဝေး တက်ရောက်ကြရန် တိုက်တွန်းခဲ့သည်။

လူတစ်ဦးနှင့်တစ်ဦး နှစ်မီတာခွာ၍နေရသည့် စည်းကမ်းချက်များကြောင့် အမတ်ဦးရေ ၆၅၀ ရှိသည့် အောက်လွှတ်တော်တွင် အစည်းအဝေး ကျင်းပသည့်အချိန်တိုင်းတွင် လွှတ်တော်အမတ် ၅၀ သာ အစည်းအဝေးခန်းမတွင် ထိုင်ရမည်ဖြစ်သည်။ သက်တမ်း နှစ် ၇၀၀ ရှိသည့် ဗြိတိန်ပါလီမန် သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ပါလီမန်အမတ်များကို ဗီဒီယိုကွန်ဖရင့်စနစ်မှတစ်ဆင့် အစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားထားသည်။

အစည်းအဝေးသို့ လူကိုယ်တိုင်တက်ရောက်သည့် ပါလီမန်အမတ်များ တစ်ဦးနှင့်တစ်ဦး ခွာ၍ ထိုင်ရန်အတွက် အစည်းအဝေးခန်းမအတွင်းရှိ အစိမ်းရောင်ခုံတန်းများပေါ်တွင် တိပ်များဖြင့် အမှတ်အသား ပြုလုပ်ထားသည်။ ခန်းမအတွင်း အစည်းအဝေး တက်ရောက်နေသည့် ပါလီမန်အမတ်များက ဗီဒီယိုစနစ်ဖြင့် အစည်းအဝေး တက်ရောက်သည့် အခြားပါလီမန်အမတ်များ၏ ဆွေးနွေးမှုများကို တွေ့မြင်နိုင်ရန် အစည်းအဝေးခန်းမ ပတ်လည်တွင် ရုပ်မြင်သံကြားဖန်သားပြင်များကို ထားရှိမည် ဖြစ်သည်။

ဗြိတိန်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၆၅၀၀ ကျော်ရှိပြီး ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုကြောင့် အသွားအလာ တားမြစ်ကန့်သတ်မှုများကို ချမှတ်ထားဆဲဖြစ်သည်။ ပြည်သူများကိုလည်း အပြင်မထွက်ဘဲ ၎င်းတို့၏ အိမ်ထဲ၌နေထိုင်ကြရန် အာဏာပိုင်များက ညွှန်ကြားထားသည်။ သို့သော်လည်း ပါလီမန်အမတ်များက စီစဉ်ထားသည့်အတိုင်း အင်္ဂါနေ့တွင် ပါလီမန်အစည်းအဝေးများ ပြန်စရန် ဆုံးဖြတ်ခဲ့ကြသည်။ သမိုင်းတစ်လျှောက် ခက်ခဲသည့်အချိန်များတွင် မိမိတို့ လုပ်ဆောင်ခဲ့သည့်အတိုင်း အလုပ်လုပ်ဖို့ နည်းလမ်းသစ်များကို မိမိတို့ ရှာဖွေရမည်ဖြစ်ကြောင်း အောက်လွှတ်တော်ဥက္ကဋ္ဌ လင်ဆေးဟွိုင်းလ်က ပြောကြားသည်။

ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ပါဝင်ခွင့်ပြုရန် ကန့်သတ်ချက်ရှိသည့် အမတ်ဦးရေသည် ၁၂၀ ဖြစ်ပြီး လတ်တလောတွင် ပါလီမန်အမတ်များအတွက် ဒစ်ဂျစ်တယ်စနစ်ဖြင့် မဲပေးရန် နည်းလမ်းမရှိသေးပေ။ အထက်လွှတ်တော်သည်လည်း Microsoft Teams software ကို အသုံးပြု၍ အစည်းအဝေး ကျင်းပနိုင်မည့်နည်းလမ်းသစ်ကို စမ်းသပ်လျက်ရှိသည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-အောင်ဇော်လင်း

## သီရိလင်္ကာ လွှတ်တော်ရွေးကောက်ပွဲကို ဇွန် ၂၀ ရက်တွင် ကျင်းပမည်

**ကိုလံဘို ဧပြီ ၂၁**

သီရိလင်္ကာနိုင်ငံက လွှတ်တော်ရွေးကောက်ပွဲများကို ဇွန်လ ၂၀ ရက်တွင် ကျင်းပမည်ဟု သီရိလင်္ကာ ရွေးကောက်ပွဲကော်မရှင်က ကြေညာလိုက်သည်။

ရွေးကောက်ပွဲများကို ကနဦးက ဧပြီ ၂၅ ရက်တွင် ကျင်းပရန် စီစဉ်ခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ပြီးခဲ့သည့်လအတွင်း ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ရွှေ့ဆိုင်းခဲ့သည်။ ရွေးကောက်ပွဲကော်မရှင်က ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် ဇွန် ၂၀ ရက်ကို ရွေးကောက်ပွဲကျင်းပမည့်ရက်အဖြစ် ကြေညာသည့် သတိပေးစာတစ်စောင် ထုတ်ပြန်မည်ဟု အစိုးရပြန်ကြားရေးဌာနက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။

ပြည်သူ့ဝန်ထမ်းများက လုပ်ငန်းခွင်ဝင်ရန် သတင်းပို့ခြင်းမရှိသလို ပတ်ဝန်းကျင်က ရွေးကောက်ပွဲကျင်းပရန် မသင့်တော်သောကြောင့် ကြေညာထားသည့် ဧပြီ ၂၅ ရက်တွင် ရွေးကောက်ပွဲတစ်ရပ်ကျင်းပရန် မဖြစ်နိုင်ဟု ရွေးကောက်ပွဲကော်မရှင် အကြီးအကဲ မာဟင်ဒါဒီရာပရီယာက အစောပိုင်းတွင် ပြောကြားခဲ့သည်။ သို့သော်လည်း ယမန်နေ့က ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ အစည်းအဝေးတစ်ရပ် ကျင်းပပြီးနောက် ဇွန် ၂၀ ရက်ကို ရွေးကောက်ပွဲကျင်းပမည့်ရက်အဖြစ် သတ်မှတ်ခဲ့ကြောင်း ဒီရာပရီယာက သတင်းထောက်များသို့ ပြောကြားခဲ့သည်။

သီရိလင်္ကာသမ္မတ ဂိုတာဘာယာ ရာဂျာပက်ဆာက မတ် ၂ ရက်တွင် လွှတ်တော်ကို ဖျက်သိမ်းခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး

## ဖိလစ်ပိုင်တွင် ကျန်းမာရေးလုပ်သား ၇၆၆ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ၊ ရောဂါကူးစက်ခံရသူပေါင်း ၆၅၉၉ ဦးရှိလာ

**မနီလာ ဧပြီ ၂၁**

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၀ ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူ စုစုပေါင်း ၆၅၉၉ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၁ ဦးတို့သည် ရောဂါမှ ပြန်လည်ကျန်းမာလာပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၆၅၄ ဦးရှိလာကြောင်း သိရသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါကြောင့် လူနာ ၉ ဦး ထပ်မံသေဆုံးခဲ့ပြီး ယင်းရောဂါကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် သေဆုံးသူ စုစုပေါင်း ၄၃၇ ဦး ရှိလာကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ကျန်းမာရေးလုပ်သား ၇၆၆ ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရပြီး ၎င်းတို့အနက် ၃၃၉ ဦးသည် ဆရာဝန်များဖြစ်ပြီး ကျန် ၂၄၂ ဦးသည် သူနာပြုများဖြစ်ကြောင်း သိရသည်။ ထို့အပြင် ကျန်းမာရေးလုပ်သား ၂၂ ဦးသည် အဆိုပါ ရောဂါကြောင့် သေဆုံးခဲ့သည်ဟု ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဖိလစ်ပိုင်ကျန်းမာရေးဌာန၏ ဆေးပညာဆိုင်ရာ သုတေသနအဖွဲ့မှ အလုပ်သမား ၄၃ ဦးသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီး သီးခြားခွဲ၍ နေရကြောင်း သိရသည်။ အဆိုပါ အဖွဲ့သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စမ်းသပ်စစ်ဆေးမှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သော အဖွဲ့အစည်း ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ စမ်းသပ်ရေးစခန်း ၁၇ ခုရှိသည်။

ဖိလစ်ပိုင်အစိုးရသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသော လူနာများအား သီးခြားခွဲနေခိုင်းကာ ကုသစောင့်ရှောက်ပေးရန်အတွက် ရောဂါ စမ်းသပ်စစ်ဆေးမှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ဖိလစ်ပိုင်အစိုးရသည် နိုင်ငံအတွင်းရှိ ဆေးရုံများ၊ အထူးသဖြင့် မနီလာဆေးရုံများရှိ ရှေ့တန်းမျက်နှာစာတွင် တာဝန်ထမ်းလျက်ရှိသော ကျန်းမာရေးလုပ်သားအင်အား လျော့ကျလာမှုကို ဖြည့်ဆည်းပေးရန်အတွက် ကျန်းမာရေးလုပ်သားများကို ရှာဖွေစုဆောင်းလျက်ရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ဂျေတီ

# တောင်ကိုရီးယား၏ ကာကွယ်ရေးစရိတ်မျှဝေကျခံရေး ကမ်းလှမ်းချက်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ပယ်ချ




**ဝါရှင်တန် မေ ၂၁**

တိုင်းပြည်အတွင်း အမေရိကန်တပ်ဖွဲ့များ ထားရှိခြင်းအတွက် ကုန်ကျစရိတ်နှင့်ပတ်သက်၍ တောင်ကိုရီးယားနိုင်ငံထံမှ ကမ်းလှမ်းချက်တစ်ခုကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပယ်ချလိုက်သည်။

အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က ကာကွယ်ရေးစရိတ် မျှဝေကျခံရေးနှင့်ပတ်သက်၍ ပြီးခဲ့သည့်နှစ် စက်တင်ဘာလကတည်းက ဆွေးနွေးခဲ့သော်လည်း တောင်ကိုရီးယားနိုင်ငံက ကုန်ကျစရိတ်ကို ပိုမိုကျခံသင့်သည်ဆိုသော အမေရိကန်အစိုးရ၏ တောင်းဆိုမှုကြောင့် စေ့စပ်ညှိနှိုင်းမှုများ ရပ်တန့်ခဲ့ရသည်။ တောင်ကိုရီးယားနိုင်ငံက ငွေကြေးပမာဏတစ်ခု ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခဲ့သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မေ ၂၀ ရက်တွင် သတင်းထောက်များသို့ ပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံက တန်းတူညီမျှမှုရှိစွာ မျှတစွာ ဆက်ဆံခံရမည်ဟု သူက ဆိုသည်။

အမေရိကန်နိုင်ငံက အခြားတိုင်းပြည်များကို ကာကွယ်စောင့်ရှောက်ရန် စစ်ဘက်ဆိုင်ရာကုန်ကျစရိတ်များ ပေးချေနေရကြောင်းလည်း ဒေါ်နယ်ထရမ့်က ပြောသည်။ အမေရိကန်ပြည်သူများကလည်း အဆိုပါတိုင်းပြည်များအနေဖြင့် ကာကွယ်ရေးအသုံးစရိတ်များ ပိုမိုကျခံရန် အလိုရှိနေသည်ဟု ၎င်းက ဆိုသည်။ လာမည့် နိုဝင်ဘာလအတွင်းပြုလုပ်မည့် အမေရိကန်သမ္မတ ရွေးကောက်ပွဲနှင့်အတူ သမ္မတ ဒေါ်နယ်ထရမ့်က ဂျပန်နိုင်ငံအပေါ်လည်း ဖိအားပေးမှု တိုးမြှင့်ဖွယ်ရှိသည်။

ဒေါ်နယ်ထရမ့်သည် မေ ၁၈ ရက်က တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းနှင့်လည်း ဖုန်းဖြင့် စကားပြောဆိုခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ် စမ်းသပ်ကိရိယာများ ဝယ်ယူရာတွင် တောင်ကိုရီးယားနိုင်ငံ၏ အကူအညီပေးမှုအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ဒေါ်နယ်ထရမ့်သည် ယမန်နေ့က တောင် ကိုရီးယားသမ္မတ မွန်ဂျေအင်းကို "ကျွန်တော်ရဲ့ သူငယ်ချင်းတစ်ဦး" ဟု ခေါ်ဆိုခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၇၀၀၀၀ ကျော်ရှိလာ

**ပါရီ မေ ၂၁**

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၇၀၀၀၀ ကျော်ရှိလာပြီး ယင်းသေဆုံးမှု၏ သုံးပုံနှစ်ပုံနီးပါးသည် ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံးထိခိုက်သွားသည့် ဥရောပတိုက်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကမ္ဘာ့နိုင်ငံ ၁၉၃ နိုင်ငံ ကူးစက်**

၂၀၁၉ ခုနှစ်နှောင်းပိုင်းက တရုတ်နိုင်ငံမှ စတင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါသည် ယခုအခါ ကမ္ဘာ့နိုင်ငံ ၁၉၃ နိုင်ငံသို့ ကူးစက်ပျံ့နှံ့သွားပြီး ယင်းရောဂါကြောင့် ဥရောပတိုက်၌ သေဆုံးသူ ၁၀၆၇၃၇ ဦး အပါအဝင် ကမ္ဘာတစ်ဝန်းလုံးတွင် သေဆုံးသူ စုစုပေါင်း ၁၇၀၂၂၆ ဦးရှိကြောင်း သိရသည်။

ထို့အတူ အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ရောဂါကြောင့် လူ ၄၂၃၆၄ ဦး သေဆုံးခဲ့ပြီး ကမ္ဘာပေါ်တွင် ယင်းရောဂါကြောင့် သေဆုံးမှုအများဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။ ထို့အပြင် အီတလီနိုင်ငံတွင် ၂၄၁၁၄ ဦး၊ စပိန်နိုင်ငံတွင် ၂၁၂၈၂ ဦး၊ ပြင်သစ်တွင် ၂၀၂၆၅ ဦးနှင့် ဗြိတိန်တွင် ၁၆၅၀၉ ဦးစသည်ဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် အသီးသီးသေဆုံးခဲ့ကြောင်း သိရသည်။

ထို့အပြင် ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၂၄၈၃၀၈၆ ဦးရှိကြောင်း သိရသည်။ သို့သော် နိုင်ငံအများအပြားတွင် ရောဂါပြင်းထန်သောလူနာ သို့မဟုတ် ဆေးရုံတက်ရန်လိုအပ်နေသော လူနာများကိုသာ ဦးစားပေး စမ်းသပ်စစ်ဆေးလျက်ရှိသည့်အတွက် ရောဂါကူးစက်ခံရသူဦးရေလည်း နောက်ထပ်တိုးလာဖွယ်ရှိကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ဂျေတီ**



# ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရန် ဘောလုံးကွင်းများကို ယာယီဆေးရုံများအဖြစ် ပြောင်းလဲမည်ဟု ကင်မရွန်းဝန်ကြီးချုပ် ပြော

**ယောင်းဒီ မေ ၂၁**

ကိုရိုနာဗိုင်းရပ်စ် လူနာများ ကုသရန်နှင့် နောက်ဆက်တွဲလုပ်ငန်းများအတွက် အသုံးပြုရန် နေရာရှာဖွေနေရာကို ယာယီဆေးဘက်ဆိုင်ရာ အဆောက်အအုံများအဖြစ် ပြောင်းလဲမည့်အစီအစဉ်များအား ကင်မရွန်းဝန်ကြီးချုပ် ဂျိုးဆက်ဒီအွန်နူတေးက မေ ၂၀ ရက်တွင် ကြေညာခဲ့သည်။

ကင်မရွန်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ အများဆုံးဖြစ်ပွားရာ စီးပွားရေးအချက်အချာကျသော ဒူအာလာမြို့တော်နှင့် ယောင်းဒီမြို့တော်အပါအဝင် မြို့ကြီးငါးမြို့တွင် ဘောလုံးကွင်းငါးကွင်းနှင့် အိမ်ရာသုံးခုတို့ရှိသည်။ "အဆိုပါအဆောက်အအုံတွေက ကိုဗစ်-၁၉ ရောဂါလူနာများ ပြုစုစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲဖို့နဲ့ ဆေးဘက်ဆိုင်ရာ စောင့်ကြည့်မှုလုပ်ဆောင်မှာဖြစ်ပါတယ်။ လိုအပ်ချက်အပေါ်မူတည်ပြီး အခြားဒေသတွေမှာ အထူးကုသရေးဌာနတွေ ဖွင့်လှစ်သွားမှာဖြစ်ပါတယ်" ဟု ဝန်ကြီးချုပ် ဂျိုးဆက်ဒီအွန်နူတေးက ထုတ်ပြန်ချက်တစ်ခု၌ ပြောကြားသည်။

ကင်မရွန်းနိုင်ငံ၌ လက်ရှိ အချိန်ထိ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၁၆၃ ဦးနှင့် သေဆုံးသူ ၄၃ ဦးရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# လာအိုနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်သည့် အတည်ပြုလူနာ ၁၉ ဦးရှိ ၉ ရက်ဆက်တိုက် ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်သူ မရှိဟုဆို

**ဗီယန်ကျင်း မေ ၂၁**

လာအိုနိုင်ငံတွင် ၉ ရက်အတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူများအား စုံစမ်းဖော်ထုတ်ရာ ကူးစက်သူအသစ်လုံးဝမရှိကြောင်းနှင့် နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအတည်ပြုထားသူ ၁၉ ဦးရှိကြောင်း၊ ကူးစက်ခံရသူအရေအတွက် အပြောင်းအလဲမရှိကြောင်း ယနေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ လာအိုနိုင်ငံ ဒုတိယကျန်းမာရေးဝန်ကြီး မီအောင်ပက်က ပြောကြားသည်။

**နှစ်ဦးပြန်လည်ကျန်းမာ**

လာအိုနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုနှင့်ပတ်သက်၍ သံသယလူနာ ၁၃၇၈ ဦးအား စစ်ဆေးတွေ့ရှိရပြီး ရောဂါပိုးကူးစက်ကြောင်း အတည်ပြုလူနာ ၁၉ ဦးရှိကြောင်း ယင်းတို့ထဲမှ နှစ်ဦးသည် ပြန်လည်ကျန်းမာလာပြီး ဆေးရုံမှ ဆင်းသွားပြီဖြစ်သည်။ လာအိုနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသည့် လူနာအမှတ် ၁၂ သည် မေ ၁၄ ရက်က ဆေးရုံမှ ဆင်းသွားခဲ့ပြီဖြစ်သည်။ ၎င်းမှာ လာအိုနိုင်ငံ၌ ကိုရိုနာရောဂါ ကူးစက်ခံရသူများအနက် ပထမဆုံးဆေးရုံမှ ဆင်းသူဖြစ်သည်။

ဒုတိယလူနာဖြစ်သည့် လူနာအမှတ် ၁၄ သည်လည်း ပြန်လည်ကျန်းမာလာကာ မေ ၁၆ ရက်၌ ဆေးရုံမှ ဆင်းသွားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရသူများအနက် ၁၄ ဦးမှာ ဗီယန်ကျင်းမြို့ရှိ မစ်တာပက် ဆေးရုံတွင် ဆေးဝါးကုသမှု ခံယူနေပြီး အခြားသုံးဦးမှာ လန်ပရာဘန်ပြည်နယ်ဆေးရုံ၌ ကုသမှုခံယူလျက်ရှိသည်။ လာအိုနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ နှစ်ဦးအား မတ် ၂၄ ရက်က ပထမဆုံးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဇော်ဝင်း**



# ဖီဂျီဝန်ကြီးချုပ်ဟောင်း ကာရာဆီ အသက် ၇၉ နှစ်အရွယ်တွင် ကွယ်လွန်

**ဆူဗာ မေ ၂၁**

ဖီဂျီဝန်ကြီးချုပ်ဟောင်း လိုင်ဆီနီယာ ကာရာဆီသည် အသက် ၇၉ နှစ်အရွယ်တွင် ကွယ်လွန်သွားကြောင်း မိသားစု ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

ဆိုကိုဆိုကို ဒူအာဗာတာ လီဝီနီဗာနူအာ ပါတီ ကို တည်ထောင်သူ၊ ဖီဂျီနိုင်ငံ၏ ဆဋ္ဌမမြောက် ဝန်ကြီးချုပ်အဖြစ် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ် အထိ တာဝန်ထမ်းဆောင်ခဲ့သူ ကာရာဆီသည် ခဏတာ ဖျားနာပြီးနောက် ဆေးရုံတွင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။ ကာရာဆီသည် ဆူဗာမြို့ရှိ အိုရှင်းနီးယားဆေးရုံတွင် အင်္ဂါနေ့နံနက်စောစောပိုင်းက ကွယ်လွန်ကြောင်း မိသားစုပြောရေးဆိုခွင့်ရပုဂ္ဂိုလ် မီဆာကီကိုရိုအီက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ဝန်ကြီးချုပ်ဟောင်း မာဟန်ဒရာ ချောင်ဒရီအစိုးရကို ဖယ်ရှားခဲ့သည့် စီးပွားရေးလုပ်ငန်းရှင် ဂျော့ဂျ်စပိတ်၏ အာဏာသိမ်းမှုကို စစ်တပ်က ပယ်ဖျက်ပြီးနောက် ကာဆီသည် ၂၀၀၀ ပြည့်နှစ်တွင် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံခဲ့ရသည်။

ကာဆီသည် ဌာနေတိုင်းရင်းသား ဖီဂျန်လူမျိုးများဘက်မှ ရပ်တည်ကာကွယ်ပေးသူဖြစ်သည်။ သူသည် အင်ဒို-ဖီဂျန် လူမျိုးများထံမှ သိသာထင်ရှားသည့် ထောက်ခံမှုကို မရရှိသော်လည်း ရွေးကောက်ပွဲ နှစ်ကြိမ်အနိုင်ရခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ကာဆီသည် ဖရန့်ခ်ဘိုင်နီမာရာမာ ဦးဆောင်သည့် စစ်တပ်အာဏာသိမ်းမှုတွင် ရာထူးမှ ဖယ်ရှားခြင်းခံရပြီး နောက်ပိုင်းတွင် လာဘ်ပေးလာဘ်ယူမှု စွဲချက်များဖြင့် အကျဉ်းချခံခဲ့ရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ဇော်လင်း**


# COVID-19 ရောဂါစောင့်ကြည့်ခံရသူများ၏ နှာခေါင်း၊ အာခေါင် တို့ဖတ်နမူနာများကို ရန်ကုန်သို့ပို့ဆောင်ရန် ထွက်ခွာလာသည့် WHO မှ UN တံဆိပ်ပါ မော်တော်ယာဉ်အား AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် အရပ်သားဝန်ထမ်းတစ်ဦး သေဆုံး၊ တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မေ ၂၁**

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ COVID-19 ရောဂါ စောင့်ကြည့်ခံရသူများ၏ နှာခေါင်း၊ အာခေါင် တို့ဖတ်နမူနာများကို ရန်ကုန်မြို့သို့ ပို့ဆောင်စစ်ဆေးရန် ထွက်ခွာလာသည့် WHO မှ UN တံဆိပ်ပါ မော်တော်ယာဉ်အား မေ ၂၀ ရက် ညနေပိုင်းတွင် မင်းပြားမြို့နယ်၊ ရာမောင်ဇက်ဆိပ်အနီး၌ AA အကြမ်းဖက် သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် အရပ်သားဝန်ထမ်း ၁ ဦး ဒဏ်ရာရရှိခဲ့ပြီး ၁ ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် စစ်တွေမြို့ အတွင်း လေကြောင်းခရီးစဉ်များ ရပ်နားထားသဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ COVID-19 ရောဂါ စောင့်ကြည့်ခံရသူများ၏ နှာခေါင်း၊ အာခေါင် တို့ဖတ်နမူနာများကို ရန်ကုန်မြို့ရှိ အမျိုးသားဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပို့ဆောင်ရန် WHO မှဝန်ထမ်း ဦးပြည့်စုံဝင်းမောင်နှင့် အရပ်သားဝန်ထမ်း ကျန်းမာရေး ကြီးကြပ်(၂) ဦးအောင်မျိုးဦးတို့သည် WHO ပိုင် UN(5/34) ဖြင့် နံနက် ၈ နာရီတွင် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာခဲ့သည်။ ထို့နောက် နေ့လယ်ပိုင်းတွင် မင်းပြားမြို့၊ ရာမောင်တံတားသို့ ရောက်ရှိခဲ့ရာ တံတားလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းက နံနက်ပိုင်းကပင် ရာမောင်တံတား၏ အရှေ့ဘက်ဝန်းကျင်၌ AA အကြမ်းဖက် သောင်းကျန်းသူများနှင့် ထိတွေ့မှုများ ဖြစ်ပွားလျက်ရှိသည်ဟု ပြောဆိုတားဆီးခဲ့ပြီး ညနေ ၅ နာရီတွင် ပစ်ခတ်မှုများ မရှိသည့်အတွက် ၎င်းယာဉ်မှထွက်ခွာခွင့်ပြုရန် တပ်မတော်စစ်ကြောင်းထံသို့ ခွင့်တောင်းခဲ့ရာ ရဲတပ်ဖွဲ့ဝင်များကလည်း COVID-19 ရောဂါအတွက် ဓာတ်ခွဲစမ်းသပ်ရန် သွားရောက်သည့် WHO မှ ယာဉ် မှန်ကန်ကြောင်းစစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါယာဉ်အား ဆက်လက်သွားလာခွင့်ပြုခဲ့သည်။

ယင်းနောက် ဆက်လက်ထွက်ခွာသွားရာ ရာမောင်တံတားအလွန် ရာမောင်ဇက်ဆိပ်အနီးသို့အရောက်၌ ကားလမ်း၏အရှေ့ဘက် (လမ်း၏ဝဲဘက်ခြမ်း) တောင်ကြောပေါ်၌ နေရာယူထားသော AA အကြမ်းဖက် သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သောကြောင့် ဦးပြည့်စုံဝင်းမောင်၏ ဘယ်ဘက်တင်ပါး၊ ယာဘက်တံတောင်ဆစ်နှင့် ဦးအောင်မျိုးဦး၏ ယာဘက်လက်တို့တွင် လက်နက်ငယ် ထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် မင်းရွာကျေးလက်ကျန်းမာရေးဌာနသို့ ဝင်ရောက်ပြသခဲ့ကြောင်း၊ ၎င်းမှတစ်ဆင့်စက်လှေဖြင့် မင်းပြားပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ရာ ဦးပြည့်စုံဝင်းမောင်မှာ ရရှိဒဏ်ရာများဖြင့် ယနေ့နံနက် ၁ နာရီတွင် သေဆုံးခဲ့ကြောင်း သိရှိရသည်။ အဆိုပါသေဆုံးသူ၏ ဘယ်ဘက်တင်ပါးမှ လက်နက်ထိမှန်ဒဏ်ရာအား ခွဲစိတ်စစ်ဆေးခဲ့ရာ ကျည်ထိပ်ဖူးတစ်ခု နစ်မြုပ်နေကြောင်းတွေ့ရှိရပြီး ယင်းကျည်ထိပ်ဖူးအားစစ်ဆေးချက်အရ အချင်း ၇ ဒသမ ၆၂ မီလီမီတာ၊ အလျား ၂၅ ဒသမ ၅ မီလီမီတာရှိသည့် ကျည်ထိပ်ဖူးဖြစ်ကြောင်း တွေ့ရှိရသည်။ လက်နက်ခဲယမ်းကျွမ်းကျင်သူများ၏ စိစစ်ချက်အရ ၎င်းကျည်





ထိပ်ဖူးသည် ပုံ၌ ဖော်ပြထားသည့်အတိုင်း AA အကြမ်းဖက်သောင်းကျန်းသူများ အသုံးပြုနေသည့် အမ် ၂၂၊ အမ် ၂၃ သေနတ်များတွင် အသုံးပြုနေသည့် ကျည်အမျိုးအစားဖြစ်ကြောင်း သိရှိရသည်။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၂၀၁၉ ခုနှစ်၊ ဇွန် ၂၇ ရက် တွင်လည်း ရခိုင်ပြည်နယ်၊ မောင်တောဒေသအတွက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့(ICRC) မှ ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသည့် ကုန်ကား ၆ စီးကို ကျောက်တော်မြို့၊ မဟာမုနိဘုရားကြီးလမ်းဆုံ၊ ကျောက်ကြပ် ကျေးရွာအနီး၌ ရီမုမိုင်း ၃ လုံး ဖောက်ခွဲ၍ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ယခုအကြိမ်၌ ကမ္ဘာ့ကပ်ရောဂါ COVID-19 ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းများကို ကမ္ဘာ့နိုင်ငံများနည်းတူ မိမိတို့နိုင်ငံ၌လည်း အလေးထား






ဆောင်ရွက်လျက်ရှိချိန်တွင် AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် COVID-19 ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့် ဓာတ်ခွဲစမ်းသပ်မှုများပြုလုပ်ရန် သွားရောက်သည့် UN တံဆိပ်ပါ WHO မော်တော်ယာဉ်အား အရပ်ယာဉ်ဖြစ်ကြောင်းသိလျက်နှင့်ပင် လူမဆန်စွာအကြမ်းဖက် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖြစ်စဉ်နေရာအနီးတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ စည်းကမ်းလိုက်နာမှုမရှိသူအား ထောင်ဒဏ်(၆)လ ချမှတ်

**မြစ်သား မေ ၂၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ စည်းကမ်းလိုက်နာမှုမရှိသူအား မေ ၁၉ ရက်က မြစ်သားမြို့နယ် တရားရုံးမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၀(က) အရ ထောင်ဒဏ်(၆)လ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၇ ရက် နံနက် ၇ နာရီခန့်က သီခေါင်ကျေးရွာအုပ်စု သီခေါင်ကျေးရွာ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျေးရွာအဝင်၌ လက်ဆေးစေခြင်း၊ ဆေးဖျန်းခြင်း၊ နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်စေရေးတို့ကို ဆောင်ရွက်လျက်ရှိရာတွင် ကျန်းမာရေးကော်မတီအဖွဲ့ကလက်ဆေးပြီးမှ ကျေးရွာအတွင်းသို့ ဝင်ရောက်ရန် ပြောဆိုခြင်းအား အောင်နိုင်ဝင်းသည် ၎င်းတွင် ဘာရောဂါမျှ မရှိသဖြင့် လက်ရေမဆေးနိုင်ကြောင်းပြောဆိုကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသောထိုင်ခုံအား ဆိုင်ကယ်ဖြင့် တိုက်ခဲ့ပြီး ရိုင်းစိုင်းစွာပြောဆိုခဲ့သဖြင့် အောင်နိုင်ဝင်းအား ဥပဒေအရ အရေးယူပေးနိုင်ပါရန် သီခေါင်ကျေးရွာ ရာအိမ်မှူး ဦးဇော်လွင်ဦးက တိုင်တန်းသဖြင့် မြစ်သားမြို့မရဲစခန်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ တရားစွဲဆိုခွင့်ပြုမိန့်တောင်းခံ၍ မေ ၁၉ ရက်က တရားစွဲဆိုတင်ပို့ခဲ့ရာ မြစ်သားမြို့နယ်တရားရုံးမှ လက်ခံစစ်ဆေးခဲ့ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၀(က)အရ ထောင်ဒဏ်(၆)လ ချမှတ်ခဲ့ကြောင်း သိရသည်။

ဆုမွန်(ပြန်/ဆက်)

## ဇမ္ဗူသီရိမြို့နယ်၌ ဒေသန္တရအမိန့် ဖောက်ဖျက်သူ နှစ်ဦးကို ထောင်ဒဏ် ၁၅ ရက် ချမှတ်

**နေပြည်တော် မေ ၂၁**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် ဇီဇဝါပန်းအဝိုင်းအနီး၌ အမျိုးသားနှစ်ဦး အကြောင်းမဲ့သွားလာနေကြောင်း သတင်းအရ မေ ၁၈ ရက် ည ၁၁ နာရီခွဲတွင် ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်း ဦးစီးသည့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ကျော်ဇင်ထက်နှင့် မျိုးအောင်တို့ နှစ်ဦးအား တွေ့ရှိရသဖြင့် အရေးယူပေးပါရန် မြို့နယ်တရားရုံးသို့ လျှောက်ထားခဲ့ရာ မြို့နယ်တရားရုံးက လက်ခံစစ်ဆေးခဲ့ပြီး ကျော်ဇင်ထက်ပါ နှစ်ဦးအား အလုပ်မဲ့ထောင်ဒဏ် ၁၅ ရက် ချမှတ်ခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

## သင်္ဃန်းကျွန်းမြို့နယ်အတွင်း YBS ယာဉ်လိုင်းများပေါ်တွင် ခါးပိုက်နှိုက်မှုကျူးလွန်သူ တစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် မေ ၂၁**

ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှတပ်ဖွဲ့ဝင်များနှင့် သင်္ဃန်းကျွန်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သင်္ဃန်းကျွန်းမြို့နယ်အတွင်း ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းများနှင့် ကားမှတ်တိုင်များတွင် ခါးပိုက်နှိုက် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ နန္ဒဝင်းကုန်းရပ်ကွက် အသင်းတိုက်ကားမှတ်တိုင်၌ YBS-10 ယာဉ်ပေါ်မှ ဆင်းလာသည့် ခါးပိုက်နှိုက် သတင်းရှိသူ မမြထွေး(ခ) မမြတ်ထွေး(ခ)မငယ်အား တွေ့ရှိစစ်ဆေးရာ ၎င်းကိုင်ဆောင်ထားသော ဖုန်းတစ်လုံးနှင့်ပတ်သက်၍ ၎င်းပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြောဆိုပြသနိုင်မှုမရှိသဖြင့် အမှုဖွင့် အရေးယူခဲ့သည်။

ဖမ်းဆီးရမိသူ မမြထွေး(ခ)မမြတ်ထွေး(ခ)မငယ်အား အခြားပြစ်မှုများကျူးလွန်ခဲ့ခြင်း ရှိ၊ မရှိ စစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ သင်္ဃန်းကျွန်းမြို့နယ်အတွင်း ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းများပေါ်တွင် ခရီးသွားပြည်သူများထံမှ လက်ကိုင်ဖုန်းအမျိုးမျိုး ၁၀ လုံးကို ခါးပိုက်နှိုက်ယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှသက်သေခံပစ္စည်း လက်ကိုင်ဖုန်း ၁၀ လုံးကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ခါးပိုက်နှိုက်မှုကျူးလွန်သူ မမြထွေး(ခ)မမြတ်ထွေး(ခ)မငယ်အား ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် မေ ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၈၁၂ စီး၊ သွင်းကုန် ၄၉၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။ မေ ၂၀ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၂၇၆ သန်း တန်ဖိုးရှိ စားသောက်ကုန်နှင့် လိုင်စင်မဲ့ယာဉ်တစ်စီးအား သိမ်းဆည်းရမိကြောင်း သိရသည်။

သတင်းစဉ်

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၁-၄-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ (၂၀-၄-၂၀၂၀) ရက်နေ့တွင် စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၄၂၆) ခုအနက် ပထမအသုတ်စစ်ဆေးရာတွင် (၆) ဦးနှင့် ဒုတိယအသုတ်စစ်ဆေးရာတွင် (၂) ဦး စုစုပေါင်း(၈)ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုးတွေ့ရှိ (တွေ့ရှိ)ရပြီး ကျန် (၄၁၈) ဦးတွင် COVID-19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ) ပါ။

၂။ အဆိုပါ လူနာသစ် (၈) ဦးအား သက်ဆိုင်ရာဆေးရုံများသို့ လွှဲပြောင်း၍ သီးခြားထားရှိကုသမှုပေးသွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ယခုအချိန်အထိ ဓာတ်ခွဲနမူနာရယူစစ်ဆေးခဲ့သူ စုစုပေါင်း (၄၉၁၉)ဦး ရှိပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၁၉) ဦး ရှိပြီဖြစ်ပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများ၏ သတင်းအပြည့်အစုံကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထပ်မံ ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

**COVID -19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၂၁-၄-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

**(၂၀-၄-၂၀၂၀) ရက်နေ့တွင် COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှု**

| | |
|---|---|
| (၂၀-၄-၂၀၂၀) ရက်နေ့ (ပထမအသုတ်+ ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးမှုစုစုပေါင်း (ဓာတ်ခွဲနမူနာ) | (၄၂၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၈) ဦး |
| COVID-19 (SARS-CoV-2) မတွေ့ရှိ (negative) | (၄၁၈)ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၁-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ (၂၁-၄-၂၀၂၀) ရက်နေ့၊ ည (၆:၀၀) နာရီအချိန်တွင် ထုတ်ပြန်ချက်အရ ပထမအသုတ်စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၁၈၅) ခုအနက် (၂) ဦးတွင် COVID-19 ရောဂါပိုး တွေ့ရှိရပြီး ကျန်လူနာ (၁၈၃) ဦးတွင် COVID-19 ရောဂါပိုးမတွေ့ရှိပါ။

၂။ အဆိုပါလူနာ (၂) ဦးကို သက်ဆိုင်ရာဆေးရုံများသို့ လွှဲပြောင်း၍ သီးခြားထားရှိကုသမှုပေးသွားမည်ဖြစ်ပါသည်။

၃။ (၂၁-၄-၂၀၂၀)ရက်နေ့၊ ည(၈:၀၀)နာရီအချိန်အထိ မြန်မာနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာ(၁၂၁)ဦးရှိပြီဖြစ်ပါသည်။

၄။ ယခုအခါ မြန်မာနိုင်ငံရှိ ဓာတ်ခွဲအတည်ပြုလူနာများအနက် ရောဂါပိုးကင်းစင်သူ (၉)ဦးရှိလာခဲ့ပြီး သေဆုံးသူ (၅) ဦး ရှိခဲ့ပါသည်။

၅။ (၂၀-၄-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၁-၄-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၂၃)ဦး ရှိပါသည်။

ဇယား-၁

**COVID -19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၂၁-၄-၂၀၂၀) ရက်နေ့ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးမှုတွင် COVID -19 လူနာတွေ့ရှိမှု**

**(၂၁-၄-၂၀၂၀)ရက်နေ့၊ ည (၈:၀၀) နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရောက်ခဲ့မှု ရှိ/မရှိ | ယခု ဆေးကုသမှု ခံယူလျက် ရှိသည့်/ ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁၂၀ | ၂၁ နှစ် | မ | ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး | မရှိပါ | မရှိ | ရန်ကုန် ပြည်သူ့ဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ |
| ၁၂၁ | ၂၁ နှစ် | မ | [illegible]မြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) | မရှိပါ | ရှိ | [illegible] ပြည်သူ့ဆေးရုံကြီး | တွေ့ရှိ | [illegible] (Quarantine) |

*ကျန် (၁၈၃) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး မရှိပါ။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# နေပြည်တော်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး တိုင်းစစ်ဌာနချုပ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ပိုးသတ်ဆေးဖျန်း

**နေပြည်တော် ဧပြီ ၂၁**

နေပြည်တော်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နေပြည်တော် စည်ပင်ဧည့်ရိပ်သာနှင့် ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်းတို့၌ ပိုးသတ် ဆေးဖျန်းခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာန ချုပ်မှ အရာရှိ၊ စစ်သည်များနှင့် နေပြည်တော်မီးသတ်ဦးစီးမှူးရုံးမှ တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြသည်။

**ဆောင်ရွက်**

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်စည်ပင် ဧည့်ရိပ်သာ(၁)၌ ဖွင့်လှစ်ထားသော ကန့်သတ်စောင့်ကြည့်နေရာများနှင့် ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်းဝင်းအတွင်းတို့တွင် နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ ဆေးဖျန်းယာဉ် သုံးစီး၊ နေပြည်တော်မီးသတ်ဦးစီးမှူးရုံးမှ အဆင့်မြင့်မီးသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ် သုံးစီးနှင့် ရေမှုန်ရေမွှား ထုတ်စက် (LUF 60) Robotic Fire Fighting Vehicle နှစ်စီးတို့ဖြင့်ဆောင်ရွက် ကြသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်း နေ့စဉ်ပိုးသတ်ဆေးဖျန်း ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အေးသန်း**




## နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ရောက်ရှိလာပြီဖြစ်၍ အပူရှိန် ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာပြဿနာများ ပိုမို ခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက် ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID-19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ် ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါ သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန် အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID-19 ရောဂါကြောင့် လူစုလူဝေးများ မဖြစ်စေရေးအတွက် အပူရှောင် စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများဖြန့်ဝေ ခြင်း၊ ရေတွင်း၊ ရေကန်ငယ်များတူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင် ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇ ၃၄၀၄၆၆၆ နှင့် ၀၆၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပြပါ အချက်များကို သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါ သည်။**

- အရိပ်ရ၍ အေးမြသော နေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့်အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အို များကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့်အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သောနေရာများတွင် လှုပ်ရှား ကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်းမပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေး အန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြု ဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID-19 ရောဂါကူးစက်ပျံ့နှံ့နေချိန် အပူရှိန်ပြင်းထန်သည့်ကာလ တွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ ၌သာနေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

### ဗဟိုအဆင့် ဆေးရုံကြီးများသို့ COVID -19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် Surgical Mask များ ထပ်မံဖြန့်ဖြူးပေးမည့်စာရင်းအမှတ်စဉ် (၂၉)

(၂၁-၀၄-၂၀၂၀)

| No. | Name of Hospital | ဆေးရုံကြီးများသို့ Surgical Mask များ(၁၈-၀၄-၂၀၂၀)ရက်နေ့ထိဖြန့်ဖြူးထားသည့်စာရင်း | ဆေးရုံကြီးများသို့ Surgical Mask များထပ်မံဖြန့်ဖြူးမည့်စာရင်း |
|---|---|---|---|
| 1 | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | 14,000 | 20,000 |
| 2 | ရန်ကုန်အထူးကုဆေးရုံကြီး | 7,000 | 5,000 |
| 3 | ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး | 7,000 | 5,000 |
| 4 | ရန်ကုန်ဗဟိုအမျိုးသမီးဆေးရုံကြီး | 5,000 | 5,000 |
| 5 | မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး | 8,000 | 10,000 |
| 6 | ရန်ကုန်ကလေးဆေးရုံကြီး | 2,500 | 5,000 |
| 7 | ရန်ကုန်အရိုးအထူးကုဆေးရုံကြီး | 2,500 | 5,000 |
| 8 | သင်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး | 7,000 | 5,000 |
| 9 | အင်းစိန်ပြည်သူ့ဆေးရုံကြီး | 8,000 | 10,000 |
| 10 | ရန်ကင်းကလေးဆေးရုံကြီး | 5,000 | 5,000 |
| 11 | မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး | 18,000 | 20,000 |
| 12 | မန္တလေးနတ်တောင်-၃၀၀ဆန့်သင်ကြားရေးဆေးရုံကြီး | 30,500 | 10,000 |
| 13 | မန္တလေးအရိုးအထူးကုဆေးရုံကြီး | 9,500 | 5,000 |
| 14 | မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီး | 10,500 | 5,000 |
| 15 | မန္တလေးကလေးဆေးရုံကြီး | 10,000 | 5,000 |
| 16 | မန္တလေးနတ်တောင်-၅၅၀ဆန့်ကလေးဆေးရုံကြီး | 10,500 | 5,000 |
| 17 | နေပြည်တော်နတ်တောင်-၁၀၀၀ဆန့်ပြည်သူ့ဆေးရုံကြီး | 4,000 | 10,000 |
| 18 | မကွေးသင်ကြားရေးဆေးရုံကြီး | 3,000 | 5,000 |
| 19 | [illegible]ပြည်သူ့ဆေးရုံကြီး | 3,000 | 5,000 |
| 20 | တောင်ကြီးအမျိုးသမီးနှင့်ကလေးဆေးရုံကြီး | 2,500 | 5,000 |
| 21 | နေပြည်တော်အရိုးရောဂါကုဆေးရုံကြီး | 1,500 | 5,000 |
| 22 | နေပြည်တော်ကလေးရောဂါအထူးကုဆေးရုံကြီး | 3,000 | 5,000 |
| 23 | နေပြည်တော်သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး | 1,500 | 5,000 |
| 24 | နေပြည်တော် မျက်စိ၊နား၊နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီး | 1,500 | 5,000 |
| 25 | ဝေဘာဂီ အထူးကုဆေးရုံကြီး | 5,000 | 20,000 |
| 26 | အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာန | 3,000 | 10,000 |
| 27 | ကန်တော်[illegible]ဆေးရုံ | 5,000 | 10,000 |
| 28 | တောင်ဥက္ကလာပအမျိုးသမီးနှင့်ကလေးဆေးရုံကြီး | 10,000 | 20,000 |
| | Total | 178,000 | 230,000 |

### တိုင်းဒေသကြီး / ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများသို့ COVID -19 ရောဂါ ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းများတွင် အသုံးပြုရန် Surgical Mask များ ထပ်မံဖြန့်ဖြူးပေးမည့်စာရင်း အမှတ်စဉ် ( ၃၀)

(၂၁-၀၄-၂၀၂၀)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့Surgical Mask များ(၁၈-၀၄-၂၀၂၀)ရက်နေ့ထိဖြန့်ဖြူးထားသည့်စာရင်း | ဆေးရုံများအတွက် တိုင်းဒေသကြီး/ပြည်နယ်များသို့ Surgical Mask များ(၁၈-၀၄-၂၀၂၀)ရက်နေ့ထိ ဖြန့်ဖြူးခဲ့စာရင်း | တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ Surgical Maskများ ထပ်မံဖြန့်ဖြူးမည့်အရေအတွက် |
|---|---|---|---|---|
| ၁ | ကချင် | 117,400 | 76,100 | 190,500 |
| ၂ | ကယား | 48,800 | 24,700 | 80,000 |
| ၃ | ကရင် | 198,800 | 57,400 | 60,000 |
| ၄ | ချင်း | 127,350 | 44,000 | 26,000 |
| ၅ | မွန် | 120,750 | 53,900 | 15,000 |
| ၆ | ရခိုင် | 210,000 | 95,900 | 90,000 |
| ၇ | ရှမ်း (တောင်) | 150,400 | 78,600 | 150,000 |
| ၈ | ရှမ်း (မြောက်) | 145,200 | 98,100 | 40,000 |
| ၉ | ရှမ်း (အရှေ့) | 57,550 | 34,800 | 15,000 |
| ၁၀ | နေပြည်တော် | 70,400 | 33,200 | 100,000 |
| ၁၁ | ရန်ကုန် | 226,750 | 102,400 | 108,400 |
| ၁၂ | မန္တလေး | 286,250 | 126,800 | 100,000 |
| ၁၃ | ပဲခူး | 328,750 | 142,800 | 300,000 |
| ၁၄ | စစ်ကိုင်း | 449,000 | 186,500 | 100,000 |
| ၁၅ | မကွေး | 341,800 | 122,400 | 200,000 |
| ၁၆ | တနင်္သာရီ | 89,100 | 51,600 | 44,000 |
| ၁၇ | ဧရာဝတီ | 440,800 | 164,900 | 800,000 |
| ၁၈ | ဗဟို | 50,000 | - | - |
| | စုစုပေါင်း | 3,459,100 | 1,494,100 | 2,418,900 |



## မုံရွာမြို့ရှိ စောင့်ကြည့်ရေးစခန်းများ၌ မီးသတ်ယာဉ်ဖြင့် ပိုးသတ်ဆေးဖျန်း

**မုံရွာ မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ စောင့်ကြည့်ရေးစခန်းများထားရှိသည့်နေရာများကို မေ ၂၀ ရက်က မီးသတ်ယာဉ်၊ ရေသယ်ယာဉ်များဖြင့် ပိုးသတ်ဆေးများဖျန်းခဲ့ကြောင်း မုံရွာခရိုင်မီးသတ်ဦးစီးမှူး ဦးညီညီဇော်ထံမှ သိရသည်။

"နန္ဒဝန်အိမ်ရာက စောင့်ကြည့်ရေးစခန်းများ လျှောက်လမ်းအဝင်အထွက်လမ်းတွေကို ပိုးသတ်ဆေး ညတိုင်းသွားဖျန်းပေးနေပါတယ်။ ဒေါနခြံရပ်ထဲက စောင့်ကြည့်ရေးစခန်းများမှာလည်း ဦးမျိုးဝင်းရဲ့မီးသတ်စက်တွေနဲ့ ပိုးသတ်ဆေးပုံမှန်ဖျန်းပေးနေတယ်။ မေ ၂၀ ရက်ကတော့ တပ်မတော်က တာဝန်ရှိသူတွေနဲ့ပူးပေါင်းပြီး မုံရွာစောင့်ကြည့်ရေးစခန်းတွေကို အထူးဆေးဖျန်းခဲ့ပါတယ်"ဟု ဦးညီညီဇော်က ပြောသည်။

နယ်မြေခံဆေးတပ်ရင်းနှင့် လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာတပ်ရင်းမှ အရာရှိများဦးစီး၍ ရေသယ်ယာဉ်တစ်စီး၊ မုံရွာခရိုင် မီးသတ်ဦးစီးမှူးဦးစီးသည့် မီးငြိမ်းသတ်ယာဉ်တစ်စီးတို့ဖြင့် ပိုးသတ်ဆေးဖျန်းခြင်းဖြစ်ကြောင်း သိရသည်။

"မုံရွာမြို့လမ်းမကြီးတွေမှာ ဆပ်ပြာဆေးဖျော်ပြီး မီးသတ်ယာဉ်နဲ့ဖျန်းပေးနေတာ ၁၀ ရက်လောက်ရှိပြီ။ အဓိကလမ်းမကြီးတွေဖျန်းပြီး ရပ်ကွက်လမ်းတွေမှာ လိုက်ဖျန်းပေးနေတာပါ"ဟု ဦးညီညီဇော်က ပြောသည်။ လူအစည်ကားဆုံးဖြစ်သည့် မုံရွာစီးပွားရေးဘဏ်တွင် ပိုးသတ်ဆေးကို တစ်ပတ်တစ်ကြိမ်ဖျန်းပေးလျက်ရှိပြီး ပင်စင်ထုတ်ပေးမည့်ရက်မတိုင်ခင် ကြိုတင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ထားကြောင်းသိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မကွေးမြို့ ပြည်သူ့ဆေးရုံကြီး၌ ပိုးသတ်ဆေးဖျန်း

**မကွေး မေ ၂၁**

မကွေးမြို့ပြည်သူ့ဆေးရုံကြီးနှင့် အနီးပတ်ဝန်းကျင်များအား KS RESCUE ( MAGWAY) မှ ကိုစည်ဖြိုးသူနှင့် ညီအစ်ကိုများ၏ ဦးဆောင်ကူညီမှုနှင့်အတူ မေ ၂၀ ရက် နံနက်ပိုင်းက ပိုးသတ်ဆေး ဖျန်းခဲ့ကြသည်။

မကွေးမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်စိုး၊ ဒေါက်တာ ဇင်မင်းဖွေး၊ တိုင်းဆေးရုံကျန်းမာရေးဝန်ထမ်းများက အလှူရှင်များနှင့်အတူ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(မကွေး)**



## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော် ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီ**

# ကိုဗစ်-၁၉ ကုသရေးဌာန ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် လူနာ ၅၀၀ ထားရှိနိုင်သည့်အဆင့်ထိ ဆောင်ရွက်ပြီးစီး

**ရန်ကုန် မေ ၂၁**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ကိုဗစ်–၁၉ ကုသရေးဌာန(COVID–19 Medical Center) ဖွင့်လှစ်နိုင်ရေး အတွက် ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် ကိုဗစ်–၁၉ ရောဂါ လူနာ ၅၀၀ ထားရှိနိုင်သည့်အဆင့်ထိ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ကိုဗစ်–၁၉ ရောဂါ ကုသရေးဌာန (ဖောင်ကြီး) ကြီးကြပ်မှုကော်မတီထံမှ သိရသည်။

ရန်ကုန် ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးက "ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကိုဗစ်–၁၉ ကုသရေးဌာန ရန်ကုန် (ဖောင်ကြီး) တည်ဆောက်ဖို့အတွက် ကျွန်တော့်ကို တာဝန်ပေးထားပါတယ်။ အခုအချိန်မှာ ကိုဗစ်–၁၉ ကုသရေးဌာန (ဖောင်ကြီး) စတင်ဖွင့်လှစ်ဖို့ အဆင်သင့် ဖြစ်နေပြီ။ ဝေဘာဂီနဲ့ တောင်ဥက္ကလာမှာ ကိုဗစ်–၁၉ လူနာတွေ ပြည့်လာပြီ ဆိုတာနဲ့ ကျွန်တော်တို့ သုံးပါမယ်"ဟု ပြောသည်။

လက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ဖောင်ကြီးတွင် အခန်းပေါင်း ၇၂၀ အား သီးခြားနေထိုင်နိုင်ရန် ပြင်ဆင်ထားပြီးဖြစ်သည်။

"ဒီလိုပြုပြင်ပြောင်းလဲနေတာ နောက်ထပ်တစ်လမှာ ဖြစ်လာနိုင်တဲ့သူ တွေနဲ့၊ နောက်ထပ်တစ်လခွဲမှာ ဖြစ်လာမယ့်သူတွေအတွက် ကြိုပြီး ပြင်ဆင်ထား တာဖြစ်တယ်။ ရိုးရိုးလူနာ ၂၄၀၊ အောက်ဆီဂျင်ပေးရမယ့် လူနာ ၂၄၀၊ ICU ဝင်ရမယ့် လူနာ ၂၀ စုစုပေါင်း ၅၀၀ ကို စဖွင့်မယ်။ အဲဒီကနေတစ်ဆင့် လိုအပ် လာရင် လူနာ ၁၀၀၀၊ ၂၀၀၀ အထိ နေနိုင်အောင်စီစဉ်ထားတယ်" ဟု ဒေါက်တာ ဇော်ဝေစိုးက ပြောသည်။

ကိုဗစ်–၁၉ ကုသရေးဌာန (ဖောင်ကြီး) တည်ဆောက်ရခြင်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ် ရေးဝန်ကြီး ဒေါ်နီလာကျော်က "ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထမတော့ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ရဲ့ တည်နေရာ၊ အကျယ် အဝန်းအနေအထားအရ ကန့်သတ်စောင့်ကြည့်နေရာ လုပ်ဖို့စိတ်ကူးတယ်။ ဒါပေမယ့် တကယ်တမ်း ကိုဗစ်–၁၉ အတွက်ကို သီးခြားကုတဲ့ ဆေးရုံကြီးတစ်ရုံ လိုအပ်လာမယ်ဆိုရင် အခြားသော ရောဂါတွေနဲ့ ရောဂါကုရမယ့် အထွေထွေ ရောဂါကုဆေးရုံတွေမှာ ဒီရောဂါရှိသူတွေကို ကုလို့မဖြစ်ပါဘူး။ ဒါကြောင့် ဖောင်ကြီးမှာထားမယ့် ကုသရေးဌာနသည် ကိုဗစ်–၁၉ ရောဂါသက်သက်ကိုသာ ကုသတဲ့ ဆေးရုံကြီးဖြစ်သင့်တယ်ဆိုပြီး ဆေးရုံတစ်ရုံ တည်ဆောက်ဖို့စီစဉ်တာပါ" ဟု ပြောသည်။

### တည်ဆောက်ရေးလုပ်ငန်းများစတင်

"မေ ၃ ရက်နေ့က စတင်တည်ဆောက်ပါတယ်။ ဖောင်ကြီးက မူလရှိရင်းစွဲ အဆောက်အအုံတွေကို နိုင်ငံတကာစံချိန်မီ ICU (အထူးကြပ်မတ်ဆောင်)၊ လူနာခန်း၊ ကျန်းမာရေးဝန်ထမ်းတွေနေထိုင်ဖို့ ဒါတွေအားလုံးဖြစ်အောင် အဖွဲ့ အစည်းပေါင်းစုံ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၊ ရန်ကုန် လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့၊ ပုဂ္ဂလိကဆေးရုံများအသင်း၊ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နဲ့ အုပ်ချုပ်ရေးပိုင်း၊ ကျန်းမာ ရေးဝန်ကြီးဌာန၊ တပ်မတော်ဆေးအဖွဲ့ စတဲ့အဖွဲ့ပေါင်းစုံက အကုန်လုံး မေ ၃ ရက်က တည်ဆောက်ဆောင်ရွက်လိုက်ကြတာ ဒီနေ့ဆိုရင် အတော်လေးပြည့်စုံ နေပါပြီ" ဟု ဒေါ်နီလာကျော်က ပြောသည်။

ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ကိုဗစ်–၁၉ ကုသရေး ဌာန ထားရှိနိုင်ရေး ဆောင်ရွက်ရာတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ကလည်း ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ ကုသရေးဌာန (ဖောင်ကြီး) တွင် တစ်ခန်းလျှင် လူတစ်ဦးနှုန်း ဖြင့် ၉၆ ဦးနေထိုင်နိုင်သည့် ဒဂုံဆောင်၊ မြတ်လေးဆောင်၊ အခန်း ၅၆ ခန်းပါဝင်ပြီး တစ်ခန်းလျှင် လူနှစ်ဦးနှုန်းနေထိုင်နိုင်သည့် ဥတ္တရဆောင်တို့မှာ လုံးဝပြီးစီးနေပြီး ဖြစ်ကာ ဆေးကုသမှုပေးမည့် ဆရာဝန်များနှင့် ကျန်းမာရေးအထောက်အကူပြု များ နေထိုင်ကြမည်ဖြစ်သည်။



ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ကိုဗစ်–၁၉ ကုသရေးဌာနရှိ အထူးကြပ်မတ်ကုသဆောင်များ၌ ဆရာဝန်များက စက်ပစ္စည်းများ စမ်းသပ်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

"ဒဂုံဆောင်၊ မြတ်လေးဆောင်နဲ့ ဥတ္တရဆောင်တွေမှာ ဆေးကုသမယ့် ဆရာဝန်တွေနဲ့ ကျန်းမာရေးအထောက်အကူပြုသူ ၂၀၈ ဦး နေထိုင်ပါတယ်။ အခုလက်ရှိမှာ ဆရာဝန်နဲ့ ကျန်းမာရေးအထောက်အကူပြု ၁၈၂ ဦး ရောက်ရှိ နေထိုင်နေပါပြီ" ဟု ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်ဝင်းဟန်က ပြောသည်။

ဆက်လက်၍ ပါမောက္ခချုပ်ဦးကျော်ဝင်းဟန်က "ကိုဗစ်–၁၉ ရောဂါ အတည်ပြု လူနာတွေကိုထားမှာ။ နေထိုင်ဖို့ သရဖီ၊ ခတ္တာ၊ ခွာညို၊ သဇင်၊ ယုဇန အဆောင် ငါးဆောင် ထားပါတယ်။ အဆောင်တစ်ဆောင်မှာ တစ်ယောက်ခန်းနဲ့ လူနာတွေ သီးသန့်နေထိုင်နိုင်တဲ့ အခန်းပေါင်း ၁၂၀ ရှိပါတယ်။ အခန်းတိုင်း အဲကွန်း တပ်ဆပ်ပြီး ဖြစ်ပါတယ်။ ရေချိုးခန်း၊ အိမ်သာ သီးသန့်စီစဉ်ပေးပြီးဖြစ်ပါတယ်။ အခုချိန်မှာ အတည်ပြု လူနာ ၆၀၀ ကို ထားရှိကုသပေးသွားနိုင်တဲ့ အနေအထားပါ။ အထူးကြပ်မတ်ကုသဆောင် (ICU) အတွက် ကျွန်တော်တို့ဆီက စာသင်ဆောင် ငါးဆောင်မှာ ICU တစ်၊ နှစ်၊ သုံး၊ လေး လုပ်ပြီး ICU လူနာတွေ ထားပါမယ်။ ICU တစ်၊ နှစ်၊ သုံးမှာ ခုတင် ၁၀ လုံးစီရှိပြီး ICU လေးမှာ ခုတင် ခုနစ်လုံးရှိပါတယ်။ ICU လူနာ ၃၇ ဦးကို ကုသနိုင်တဲ့ အနေအထားပါ။ ဥက္ကလာစာသင်ဆောင်ကိုတော့ ICU လေးခုမှာ ကြပ်မတ်ကုသမယ့် ဆရာဝန်တွေ အနားယူ၊ စောင့်ကြပ်ဖို့ အခန်း လေးခန်း ဆောင်ရွက်ပြီးဖြစ်ပါတယ်" ဟု ပြောကြားသည်။

### ကုသမှုအပိုင်း

ကိုဗစ်–၁၉ ကုသရေးဌာနတွင် ဆရာဝန်နှင့် ကျန်းမာရေးအထောက်အကူပြု များကို ကျန်းမာရေးဝန်ကြီးဌာနက ၅၀ ရာခိုင်နှုန်း၊ တပ်မတော်(ဆေး)က ၂၅ ရာခိုင်နှုန်း၊ ပုဂ္ဂလိကဆေးရုံများက ၂၅ ရာခိုင်နှုန်းစီ ပါဝင်အားဖြည့်ထားကြောင်း ကြီးကြပ်မှုကော်မတီမှ သိရသည်။

ရန်ကုန် ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးက "ကုသတဲ့နည်းပညာတွေ၊ ဆေးဝါးတွေကလည်း အခုချိန်မှာ WHO နဲ့ နိုင်ငံတကာ နဲ့ အဆင့်မီ ဆေးတက္ကသိုလ် (၁) နဲ့ ဆေးတက္ကသိုလ် (၂) က ပါမောက္ခတွေ ဦးဆောင်တဲ့အဖွဲ့နဲ့ ကုသဖို့ စီစဉ်ထားပါတယ်။ ကိုဗစ်–၁၉ အကြောင်း တိတိကျကျသိတဲ့သူ ကမ္ဘာပေါ်မှာ မရှိပါဘူး။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ကိုဗစ်–၁၉ ရောဂါဖြစ်တဲ့သူ အနည်းဆုံးတိုင်းပြည်ဖြစ်မယ်လို့ မျှော်လင့်ပါတယ်။ သို့သော်လည်း အဆိုးဆုံးကိုလည်း ကျွန်တော်တို့က ပြင်ဆင်ထားဖို့လိုမယ်။ ကိုဗစ်–၁၉ ဖြစ်တဲ့ မတ်လ ၂၃ ရက်နေ့က စတင်တွက်မယ်ဆိုရင် နှစ်လ၊ နှစ်လခွဲ ဟာ ကျွန်တော်တို့တိုင်းပြည်မှာ လူနာတွေ အများကြီးဖြစ်လာနိုင်တဲ့ အချိန်ပါ။ အဲဒီအချိန်မှာ ကျွန်တော်တို့ အဆင်သင့်ဖြစ်ဖို့ ပြင်ဆင်ထားဖို့ လိုမယ်။ ဒါကြောင့် ကျွန်တော်တို့ ပြင်ဆင်နေတာဖြစ်ပါတယ်။"

### အကောင်းဆုံးကုနိုင်အောင် ပြင်ဆင်ထား

"ဆေးရုံကို ဖောင်ကြီးမှာ ဘာကြောင့်လုပ်ရသလဲဆိုရင် ကိုဗစ်–၁၉ ကို ရှိပြီးသားပြည်သူ့ဆေးရုံတွေမှာ အဲဒီကနေဖြစ်လာတဲ့အဖြေဟာ မကောင်းဘူး ဆိုတာကို နိုင်ငံတကာမှာ တွေ့ထားပါပြီ။ ဒါကြောင့် ကျွန်တော်တို့က အခြားနဲ့ မဆက်သွယ်ဘဲ သီးခြားဆေးရုံတစ်ရုံဆောက်ဖို့လိုသလို ကိုဗစ်–၁၉ နဲ့ပတ်သက်ပြီး အထူးကုသနိုင်တဲ့ ဆေးရုံဖြစ်ဖို့ လိုတယ်။ ICU (အထူးကြပ်မတ်ကုသဆောင်) ဆိုလည်း နိုင်ငံတကာက ICU ပုံစံဖြစ်အောင် ပြောင်းလဲနေတယ်။ ကုတဲ့သူတွေ လည်း ပိုးမကူးအောင်၊ ကုသနေတဲ့ လူနာတွေလည်း ရောဂါကို အကောင်းဆုံး ကုနိုင်အောင် ပြင်ဆင်ထားတယ်။ နောက်အောက်ဆီဂျင်ပေးလို့ရတဲ့ အခန်းပေါင်း ၂၄၀ ကို ဆလင်ဒါတွေ (Cylinder)နဲ့ပေးဖို့ အဆင်သင့်ဖြစ်နေပြီ။ နောက်လေး၊ ငါးရက်ဆို Liquid Oxygen နဲ့ ပေးဖို့ အဆင်သင့်ဖြစ်ပါမယ်။ လူ ၂၄၀ ကို သူ့အခန်းနဲ့သူ တစ်ပြိုင်နက်တည်း အောက်ဆီဂျင်ပေးနိုင်အောင် ကျွန်တော်တို့ စီစဉ်ထားပြီးဖြစ်ပါတယ်။ လူ ၂၄၀ ကို အဲဒီလို ပေးနိုင်တဲ့ ဆေးရုံ မြန်မာနိုင်ငံမှာ မရှိပါဘူး။ အရှေ့တောင်အာရှမှာတောင် ရှိပုံမရဘူး။ အဲဒီလို ပြင်ဆင်ထားတယ်" ဟု ပြောသည်။

ကိုဗစ်–၁၉ ကုသရေးဌာန ရန်ကုန်(ဖောင်ကြီး) ဖွင့်လှစ်နိုင်ရေးအတွက် လမ်း၊ အဆောက်အအုံ၊ လူနာများအသုံးပြုရန် အောက်ဆီဂျင်၊ ဆေးရုံသုံး အမှိုက် စွန့်ပစ်မှုနှင့် စီမံအုပ်ချုပ်မှုအပိုင်း၊ ကုသမှုအပိုင်းတို့ကို စနစ်တကျဆောင်ရွက် ထားရှိပြီးဖြစ်ကာ မကြာမီ ကိုဗစ်–၁၉ ရောဂါလူနာများအား လက်ခံထားရှိကုသ ပေးနိုင်တော့မည်ဖြစ်ကြောင်း ကိုဗစ်–၁၉ ကုသရေးဌာန ရန်ကုန်(ဖောင်ကြီး) ကြီးကြပ်မှုကော်မတီမှ သိရသည်။

**သတင်း – ရဲခေါင်ညွန့်
ဓာတ်ပုံ – ဇော်မင်းလတ်**

# မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အွန်လိုင်းအစည်းအဝေး ပြုလုပ်

**ရန်ကုန် မေ ၂၁**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပူးပေါင်းဆောင်ရွက်နေမှုများနှင့်ပတ်သက်ပြီး ပြည်နယ်/တိုင်းဒေသကြီးများရှိ ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ နှင့် အွန်လိုင်းအစည်းအဝေးကို ယနေ့ကျင်းပသည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြည်နယ်/တိုင်းဒေသကြီးများရှိ ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက မိမိတို့ဒေသအလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ချက်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၏ ပူးပေါင်းဆောင်ရွက်နေမှုများ၊ အသင်းဌာနချုပ်မှ ပံ့ပိုးပေးသည့် ရောဂါကာကွယ်ရေးပစ္စည်းများအား ခွဲဝေသုံးစွဲနေမှုများ၊ ကြုံတွေ့ရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် အချိန်ပြည့်အလုပ်အမှုဆောင် ဒေါက်တာတင်ညွန့်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ပြီး ဒုတိယအထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်ညိုညိုဝင့်က အသင်းဌာနချုပ်၏ လက်ရှိဆောင်ရွက်ချက်များ၊ အသင်းခွဲများ၏ လိုအပ်ချက်များကို ပံ့ပိုးနိုင်ရန် စီစဉ်ဆောင်ရွက်နေမှုအခြေအနေများအား ဆွေးနွေးကြရာ တင်ပြဆွေးနွေးချက်များအပေါ် အသင်းဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းပေးခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ အသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်နှင့်အတူ အချိန်ပြည့်အလုပ်အမှုဆောင်များ၊ ဒုတိယအထွေထွေအတွင်းရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ၊ ကြက်ခြေနီတပ်ဖွဲ့မှူးများနှင့် ပေါင်းစပ်ညှိနှိုင်းရေးအရာရှိများ စုစုပေါင်း ၅၀ တက်ရောက်ကြသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် ကြက်ခြေနီစေတနာလုပ်အားရှင်များအတွက် လိုအပ်သည့်နည်းပညာများနှင့် ရောဂါကာကွယ်ရေးအသုံးအဆောင်များကို ပံ့ပိုးပေးလျက်ရှိသကဲ့သို့ ပြည်နယ်/တိုင်းဒေသကြီးများရှိ ကြက်ခြေနီကြီးကြပ်မှုကော်မတီများနှင့်လည်း အွန်လိုင်းအစည်းအဝေးများကိုလည်း စဉ်ဆက်မပြတ် ပုံမှန်ပြုလုပ်ကာ ရောဂါကာကွယ်ရေးလှုပ်ရှားမှုဆောင်ရွက်ချက်များ၊ လိုအပ်ချက်များ၊ သင်တန်းများ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များ လိုက်နာဆောင်ရွက်ရမည့်လမ်းညွှန်ချက်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကြည်**

# ညောင်ဦးမြို့ နဂါးကျစ်ဘိုးဘွားရိပ်သာ၌ ကိုဗစ် - ၁၉ ရောဂါကင်းဝေးရေး ပရဟိတအသင်းသားများက ပိုးသတ်ဆေးဖျန်း

**ညောင်ဦး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ နဂါးကျစ်ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများ ကိုဗစ် – ၁၉ ရောဂါ ကင်းဝေးစေရေးအတွက် ယနေ့ နံနက် ၁၁ နာရီခွဲက ညောင်ဦးမြို့နယ် သဘာဝဘေးအန္တရာယ်နှင့် လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ချုပ်မှ ပရဟိတအသင်းသားများက အဆိုပါရိပ်သာ၌ ပိုးသတ်ဆေးများ ပက်ဖျန်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့ နဂါးကျစ်ဘိုးဘွားရိပ်သာတွင် အဘိုးအဘွား စုစုပေါင်း ၂၁ ဦး နေထိုင်လျက်ရှိပြီး အဘိုးအဘွားများ ရောဂါမဖြစ်ပွားစေရေးအတွက် နဂါးကျစ်ဘိုးဘွားရိပ်သာအတွင်း လူဝင်လူထွက်များသည့် ဝင်ပေါက်၊ ထွက်ပေါက်များ၊ ရိပ်သာခန်းမဆောင်ကြမ်းပြင်နှင့် စားပွဲများ၊ ကုလားထိုင်များ၊ အဘိုးအဘွားများ နေထိုင်သည့် အခန်းများ၊ နားနေဆောင်များ၊ ရိပ်သာအဝင်လမ်းနှင့် ခြံဝင်းတံခါးများပါမကျန် နေရာအနှံ့ပိုးသတ်ဆေးများ ပက်ဖျန်းဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်သဘာဝဘေးအန္တရာယ်နှင့် လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ချုပ်မှ ပရဟိတအသင်းဝင်တစ်ဦးဖြစ်သူ ဦးခိုင်လင်းမောင်ထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**





# ဆီဆိုင်မြို့၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး နေ့စဉ်ကျန်းမာရေးစစ်ဆေး

**ဆီဆိုင် မေ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးနှင့် ကူးစက်မှုမရှိစေရေးအတွက် ယနေ့ နံနက် ၉ နာရီတွင် ဆီဆိုင်မြို့ အဝင်ပေါက်၌ ဝင်/ထွက်သွားလာသော မိဘပြည်သူများအား နေ့စဉ်ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့တို့က မြို့အဝင်ဂိတ်များတွင် ယာဉ်များနှင့် ဆိုင်ကယ်များအား ရပ်တန့်စေပြီး လက်ဆေးဆပ်ပြာရည်ဖြင့် လက်ကိုသန့်စင်အောင်ဆေးကြောပေးခြင်း၊ အပူချိန်တိုင်းကိရိယာဖြင့် ကိုယ်အပူချိန်များ တိုင်းတာစစ်ဆေးခြင်း၊ နှာခေါင်းစည်းများ အခမဲ့တပ်ဆင်ပေးခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် လူထူထပ်သောနေရာများ မသွားရန်၊ အရေးကြီးကိစ္စမှလွဲ၍ အိမ်အပြင်မထွက်ရန်၊ မဖြစ်မနေအပြင်ထွက်ရပါက နှာခေါင်းစည်းတပ်ရန်၊ အိမ်ပြန်ရောက်ပါက လက်ကိုမကြာခဏဆေးရန် စသည်တို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

**နေပြည်တော် မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# Facility Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက် ဆောင်ရွက်သွားရေး လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှ လာရောက်သည့် ခရီးသည်များနှင့် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့သူများထံမှ အခြားသူများသို့ ရောဂါကူးစက်မှုမရှိစေရေးအတွက် လက်ရှိတွင် Facility Quarantine (၁၄)ရက်အား ထားရှိပြီးပါက မိမိနေအိမ်သို့ ပြန်လည်သွားရောက်မည့်သူများအတွက် နောက်ထပ်(၁၄)ရက် နေအိမ်တွင်သီးခြားနေထိုင်ရန် အကြံပြုတိုက်တွန်းချက်များ ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ COVID-19 ရောဂါရှိသူများမှ ရောဂါပိုးစွန့်ထုတ်သည့်ကာလမှာ ရောဂါလက္ခဏာမပြမီ (၂) ရက်မှ ရောဂါလက္ခဏာပြပြီး (၂၈)ရက်အထိရှိကြောင်းနှင့် အဆိုပါကာလအတွင်း အခြားသူများသို့ ရောဂါကူးစက်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြုလုပ်ခဲ့သည့် သုတေသနစာတမ်းများအရ Quarantine (၂၁)ရက် တိတိကျကျနှင့် စနစ်တကျထားရှိပါက ရောဂါကူးစက်မှုအား (၉၈.၇%)အထိ ထိန်းချုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည့်အပြင် ဒေသတွင်းနိုင်ငံအချို့တွင်လည်း Quarantine ကာလအား ဆေးရုံ/သတ်မှတ်နေရာများတွင် နေထိုင်ရမည့်ကာလနှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်းကာလ စုစုပေါင်းအား (၂၈)ရက်အထိ သတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် အထက်ပါ Quarantine (၂၈)ရက်ထားရှိမှုများအား ဓာတ်ခွဲစစ်ဆေးမှုအကန့်အသတ်ဖြင့် ဆောင်ရွက်နိုင်သည့်နိုင်ငံများတွင် ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

၃။ လက်ရှိအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၁၂၀) ဦးအနက် နိုင်ငံတကာမှ ပြန်လည်ရောက်ရှိလာသည့် ခရီးသွားများ (Imported cases) များ၊ ၎င်းတို့နှင့် အနီးကပ်ထိတွေ့သူများတွင်သာ အဓိကကူးစက်ရောဂါ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲစစ်ဆေးချက်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် Contact Tracing ဆောင်ရွက်ခဲ့သည့် တွေ့ရှိချက်များအရ အချို့သော Confirmed လူနာများနှင့် အသွားအလာပိတ်ပင်ကန့်သတ်ခြင်းပြီးစီးသည့် နောက် (၁၄)ရက်ကျော်သည်အထိ လူအချို့တွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာ ရောဂါပိုး ဆက်လက်တွေ့ရှိနေသေးကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်၍ နိုင်ငံအတွင်း ရောဂါပျံ့နှံ့မှုအား ထိန်းချုပ်ရေးဆောင်ရွက်ရာတွင် သေချာမှုရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ယခင် Facility Quarantine အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း (၁၄)ရက်ကာလအစား ယခု Community Based Facility Quarantine/ Hotel Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက်၊ စုစုပေါင်း (၂၈)ရက် ဆောင်ရွက်သွားကြပါရန် အသိပေးထုတ်ပြန်အပ်ပါသည်။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်း

**ဟားခါး မေ ၂၁**

ချင်းပြည်နယ်အတွင်း ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကာလ အတွင်း အသုံးပြုနိုင်ရန် Dr.SaSa ဦးဆောင်သော Health and Hope(မြန်မာ)မှ ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီထံသို့ ဆေးနှင့် ဆေးပစ္စည်းများ၊ ပညာပေးလက်ကမ်းစာစောင်နှင့်ပိုစတာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၀ ရက် ညနေ ၄ နာရီက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ် တက်ရောက်၍ လက်ခံရယူခဲ့သည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ Dr.Sakie,DCEO, HHM က ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အတွက် ချင်းပြည်နယ်အတွင်းရှိ တိုက်နယ် ဆေးရုံများအပါအဝင် ဆေးရုံများအတွက် ဆေးနှင့်ဆေးပစ္စည်းအမျိုးပေါင်း ၁၈ မျိုးနှင့် ကျေးရွာပေါင်း ၁၄၀ အတွက် ဆေးနှင့် ဆေးပစ္စည်းအမျိုးပေါင်း ၂၈ မျိုး၊ ချင်းတိုင်းရင်းသားဘာသာ၊ မြန်မာဘာသာတို့ဖြင့် ပုံနှိပ်ထားသည့် ပညာပေးလက်ကမ်းစာစောင်များ၊ ပိုစတာများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေး ကာလအတွင်း အသုံးပြုနိုင်ရန် ငွေကျပ်သိန်းပေါင်း ၂၁၆၀ ကျော် တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများ၊ ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ချင်းတိုင်းရင်းသားဘာသာ၊ မြန်မာဘာသာတို့ဖြင့် ပုံနှိပ်ထားသည့် ပညာပေး လက်ကမ်းစာစောင်များ၊ ပိုစတာများကို ပေးအပ်လှူဒါန်းရာ ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်ဝန်ကြီးများက လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

**ကျေးဇူးတင်စကားပြောကြား**

ထို့နောက် ချင်းပြည်နယ်ဝန်ကြီးချုပ်က ချင်းပြည်နယ်အတွက် အမှန်တကယ်လိုအပ်လျက်ရှိသော ဆေးနှင့်ဆေးပစ္စည်းများ၊ ပညာပေးလက်ကမ်းစာစောင်များ၊ ပိုစတာများကို လှူဒါန်းပေးသော Dr.SaSa ဦးဆောင်သော Health and Hope(မြန်မာ)အား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကို ကြိုဆိုလျက်ရှိပြီး လှူဒါန်းမှုများလည်း ဆက်လက်လှူဒါန်းနိုင်ပါစေကြောင်း ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအနေဖြင့် လှူဒါန်းထားမှုများအား သက်ဆိုင်ရာတိုက်နယ်ဆေးရုံများအပါအဝင် ဆေးရုံများနှင့် ကျေးရွာပေါင်း ၁၄၀ တို့ကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်စိုး**
**(ပြန်/ဆက်)**

# သီတဂူဆရာတော်ကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ချောင်းဦးမြို့ ဇရိပ်မွန်-၂ သို့ ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ လှူဒါန်း

**ချောင်းဦး မေ ၂၁**

သီတဂူဆရာတော်ကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း စားသောက်ရေးအဆင်ပြေစေရန်အတွက် ချောင်းဦးမြို့ ဇရိပ်မွန်-၂ မိန်းကလေးကျောင်းသို့ ဆန်နှင့် စားသောက်ကုန်ပစ္စည်းများကို မေ ၂၀ ရက် ညနေပိုင်းက ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာတွင် ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် အဖွဲ့ဝင်များက သီတဂူဆရာတော်ကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ပေးပို့လှူဒါန်းသည့် ဆန် ၈၈ တင်း၊ ဆီ ၈၈ ပိဿာ၊ ပဲပိဿာ ၂၄၀၊ ကြက်သွန်နီ ၈၈ ပိဿာ၊ ဆား ၄၄ ပိဿာတို့ကို ဇရိပ်မွန်-၂ မိန်းကလေးကျောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ကျောင်းအုပ်ဆရာလေးတို့ထံ ပေးအပ်လှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာလေး ဒေါ်ပညာစာရီက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ လှူဒါန်းရာသို့ ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် အဖွဲ့ဝင်များ၊ ဇရိပ်မွန်-၂ မိန်းကလေးကျောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဇရိပ်မွန်-၂ မိန်းကလေးကျောင်း ကျောင်းအုပ်ဆရာလေး ဒေါ်ပညာစာရီနှင့် မိန်းကလေးငယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ယမင်း (ရွှေဦးမြေ)**





**သရက်ချောင်းမြို့ စည်ပင်သာယာဈေး၌ ဈေးရောင်းသူများအား ပလတ်စတစ်အကြည် မျက်နှာဖုံးများဝေငှ**

**သရက်ချောင်း မေ ၂၁**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် ဈေးရောင်းသူများအား ပလတ်စတစ်အကြည်မျက်နှာဖုံးများ ဝေငှပေးခြင်းကို မေ ၂၁ ရက် နံနက်ပိုင်းက သရက်ချောင်းမြို့ စည်ပင်သာယာရေးဈေးကြီးအတွင်း လိုက်လံဝေငှပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းတို့ပူးပေါင်းပြီး မြို့မစည်ပင်သာယာရေးဈေးကြီး၌ ရောင်းချနေသော ဈေးသူ/ဈေးသားများအား နှာခေါင်းစည်းများတပ်ဆင်၍လည်းကောင်း၊ လက်အိတ်များအသုံးပြု၍လည်းကောင်း၊ ဈေးရောင်း/ဝယ်သူများကလည်း ဈေးအတွင်းသို့ဝင်ရောက်ဈေးဝယ်လိုပါက နှာခေါင်းစည်းများတပ်ဆင်ပြီးမှသာ ဝင်ရောက်ဝယ်ယူစေလိုကြောင်းနှင့် ထိုသို့ဝယ်ယူရောင်းချရာတွင်လည်း တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာမှ ဈေးရောင်းကြရန်လိုကြောင်း အသိပညာပေးဆောင်ရွက်ခဲ့ပြီး ထားဝယ်မြို့ ကလျာဏမိတ္တဖောင်ဒေးရှင်းမှ လှူဒါန်းသော ပလတ်စတစ်အကြည်မျက်နှာဖုံး အခု ၅၀၀ကို မြို့မစည်ပင်သာယာဈေးရှိ ဈေးရောင်းသူများနှင့် မြတ်ပါရမီပရဟိတအသင်းတို့အား တာဝန်ရှိသူများက လိုက်လံဝေငှပေးခဲ့ကြောင်း သိရသည်။ **သရက်ချောင်း(ပြန်/ဆက်)**

# အသက်(၉၀)နှင့်အထက် အဘိုး အဘွားများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်

**ပြည်ကြီးတံခွန် မေ ၂၁**

ပြည်ကြီးတံခွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းကာ မြို့နယ်အတွင်းရှိအသက်(၉၀)နှင့် အထက် သက်ကြီးအဘိုး အဘွားများ အိမ်တိုင်ရာရောက် ထောက်ပံ့ရေးပစ္စည်းများပေးအပ်ခြင်းကို မေ ၂၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

"မြို့နယ်အတွင်းမှာရှိတဲ့ အသက်(၉၀)နှင့်အထက် အဘိုး ၂၈ ဦး၊ အဘွား ၉၂ ဦး စုစုပေါင်း ၁၂၀ ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကတစ်ဆင့် အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခြင်း ဖြစ်ပါတယ်၊ အဘိုး၊ အဘွား တစ်ဦးကို ကြက်ဥ ၁၀ လုံး၊ ငါးသေတ္တာဘူးကြီးတစ်ဘူး၊ ရွှေကြက်ဖဘီစကွတ် တစ်ထုပ်၊ ခေါက်ဆွဲခြောက် ငါးထုပ်၊ အချိုရည်ဘူးကြီးတစ်ဘူး၊ သွားတိုက်ဆေးနဲ့ ဇလပ်ဝါဘီစကွတ် တစ်ထုပ် အစရှိတဲ့ ကန်တော့ခံပစ္စည်း ရှစ်မျိုး ပါဝင်ပြီး သက်ကြီးအဘိုး အဘွားတွေအတွက် ကန်တော့ခံပစ္စည်းစုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၁၀၉၄၉၀၀ ဖြစ်ပါတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလရော်က ပြောသည်။

**ထောက်ပံ့**

ထို့သို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးလရော်နှင့်တာဝန်ရှိသူများက သက်ဆိုင်ရာ ရပ်ကွက်များအလိုက် သက်ကြီးဘိုးဘွားများအတွက် ကန်တော့ခံပစ္စည်းများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် အိမ်တိုင်ရာရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။



**သန်းဇော်မင်း(ပြန်/ဆက်)**

# မောက်မယ်မြို့နယ်၌ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ဝတ်ဆင်နည်းသရုပ်ပြ

**မောက်မယ် မေ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ရောဂါ ကာလတွင် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ဝတ်စုံပြည့် စနစ်တကျဝတ်ဆင်မှု သရုပ်ပြလေ့ကျင့်နည်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ မေ ၂၀ ရက် ညနေ ၄ နာရီက မောက်မယ်မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်သူရက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအား ကြုံတွေ့လာခဲ့ပါက ကိုင်တွယ်ကုသရာတွင် ရောဂါကူးစက်မှုမရှိစေရေးအတွက် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ဝတ်စုံပြည့်ဝတ်နည်း၊ ချွတ်နည်းကို လက်တွေ့သရုပ်ပြသပေးခဲ့သည်။

အဆိုပါသရုပ်ပြလေ့ကျင့်မှုသို့ မောက်မယ်မြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းခွဲမှတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းမျိုးသန့်**
**(မောက်မယ်)**

ကိုရိုနာဗိုင်းရပ်စ်(COVID-19)ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး မြို့နယ်အသီးသီး၌ ပိုးသတ်ဆေးဖျန်း

**ဒီးမော့ဆို**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက် နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံး သုံးရုံး၊ ဈေးတစ်ဈေးနှင့် နေရပ်ပြန်ပြည်သူများ စောင့်ကြည့်ထားရှိသည့် စာသင်ကျောင်းတစ်ကျောင်းတို့အား ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့သည်။

ပိုးသတ်ဆေးဖျန်းရာတွင် မြို့နယ်မီးသတ်စခန်းမှ မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကြည်စိုးဟန် ဦးဆောင်သောတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် အမှတ်(၁၀၂) ခြေလျင်တပ်ရင်းမှ တပ်ဖွဲ့ဝင်များက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စာရင်းစစ်ရုံး၊ မြို့နယ်လျှပ်စစ်ရုံး၊ ငွေတောင်ဈေးနှင့် နေရပ်ပြန်ပြည်သူများအား စောင့်ကြည့်ထားရှိသည့် အခြေခံပညာအထက်တန်းကျောင်း (ဒီးမော့ဆို) တို့အား ပိုးသတ်ဆေးဖျန်းခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

**ရွှေဘို**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနက ဌာနဆိုင်ရာရုံးများ၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများအား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့် ဦးဆောင်သော ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များသည် ရွှေဘိုမြို့ အမှတ် (၈) စစ်အခြေခံလေ့ကျင့်ရေးတပ်မှ တပ်မတော်သားများနှင့်ပူးပေါင်း၍ မေ ၂၀ ရက် ညနေ ၃နာရီခွဲက ရွှေဘိုမြို့ရှိ စောင့်ကြည့်လူနာများ ထားရှိရာနေရာသို့ သွားရောက်၍ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

**စစ်ကိုင်း**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် စစ်ကိုင်းမြို့မဈေးကြီး အတွင်း/အပြင် ပိုးသတ်ဆေးဖျန်းခြင်းကို မေ ၂၁ ရက် နံနက် ၇ နာရီမှစ၍ ပိုးသတ်ဆေးများ ဖျန်းပေးခဲ့ကြကြောင်း သိရသည်။

"ကျွန်တော်တို့ ဈေးအကျိုးတော်ဆောင်အဖွဲ့တွေအနေနဲ့ သင်္ကြန်တွင်း ဈေးပိတ်ထားချိန်တွေမှာ သုံးရက်တစ်ကြိမ် ပိုးသတ်ဆေးဖျန်းပေးပါတယ်၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက်လည်း ဈေးကြီးဖွင့်တဲ့အချိန်မှာ ဈေးရောင်းချသူ၊ ဈေးဝယ်သူများကို နှာခေါင်းစည်းတပ်ဆင်မှ ဈေးထဲကို ဝင်ရပါတယ်၊ နှာခေါင်းစည်းမပါတဲ့ ပြည်သူတွေကိုလည်း အသိပညာပေးပြီး နှာခေါင်းစည်းတပ်ဆင်ပေးလိုက်ပါတယ်၊ ကျွန်တော်တို့မြို့ဈေးကြီးကို မေ ၁၉ ရက်က စတင်ဖွင့်ပါတယ်၊ အခုတော့ ဥပုသ်နေ့ အပတ်စဉ်တိုင်း ပိုးသတ်ဆေးဖျန်းပေးသွားမှာပါ " ဟု ဈေးအကျိုးတော်ဆောင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**

**ကွမ်းခြံကုန်း**

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် မေ ၂၀ ရက် မွန်းလွဲပိုင်းကစ၍ ဌာနဆိုင်ရာရုံးများအား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်မှုကို မြို့နယ်အဆင့် လုပ်ငန်းကော်မတီ၏လမ်းညွှန်မှုဖြင့် မြို့နယ် မီးသတ်စခန်းတာဝန်ခံဦးမြတ်သူထိုက် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်ငါးဦး၊ အုပ်ချုပ်မှုယာဉ်တစ်စီးနှင့် ဆေးဖျန်းစက်အသုံးပြု၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး၊ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ကို သွားရောက်ပြီး ရုံးတွင်း၊ ရုံးပြင် ပိုးသတ်ဆေးဖျန်းခြင်းကို ဆောင်ရွက်ခဲ့သည်။ ဌာနဆိုင်ရာရုံးများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အသုံးပြုရန် ပိုးသတ်ဆေးများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ထောက်ပံ့ကူညီခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းစိုး(ပြန်/ဆက်)**



# ညောင်ဦးမြို့နယ်အတွင်းရှိ သီလရှင် ၁၄၆ ပါးအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်း

**ညောင်ဦး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ စာသင်တိုက်ကျောင်းများမှ သီလရှင် ၁၄၆ ပါးအား မေ ၂၁ ရက် နံနက် ၉ နာရီခွဲက ညောင်ဦးမြို့နယ် သဘာဝဘေးအန္တရာယ်နှင့် လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ချုပ်မှ ပရဟိတအသင်းသားများက ကြက်သွန်နီ ၊ ကုလားပဲ ၊ ငါးပိ ၊ ငံပြာရည် ၊ ကြက်ဥ၊ ဆား၊ ဆီ စသည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို သွားရောက်ထောက်ပံ့ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ထိုသို့ အခြေခံစားသောက်ကုန်ပစ္စည်းများအား သွားရောက်ထောက်ပံ့လှူဒါန်းပေးရာတွင် ညောင်ဦးမြို့နယ် ကူးနီး(ကွမ်းသီး)ကျောင်းတိုက်မှ သီလရှင်လေးပါး၊ ချောက်ဖုရားလှကျောင်းတိုက်မှ သီလရှင်တစ်ပါး၊ မိုးကုတ်ဝိပဿနာရိပ်သာမှ သီလရှင်သုံးပါး၊ သံပျင်မင်းသမီးစာသင်တိုက်ကျောင်းမှ သီလရှင် ၃၅ ပါး၊ မဟာစည်စာသင်တိုက်ကျောင်းမှ သီလရှင်အပါး ၅၀၊ သာသနာ့ရောင်ခြည်စာသင်ကျောင်းတိုက်မှ သီလရှင် ၃၅ ပါး၊ အလိုတော်ပြည့်ကျောင်းတိုက်မှ သီလရှင်တစ်ပါး စုစုပေါင်း သီလရှင် ၁၄၆ ပါးတို့အား သီလရှင်တစ်ပါးလျှင် ကြက်သွန်နီ တစ်ပိဿာ၊ ကုလားပဲ နို့ဆီဘူးလေးဘူး၊ ငါးပိ ၅၀ ကျပ်သား၊ ငံပြာရည် တစ်ဘူး၊ ကြက်ဥ ၁၀ လုံး၊ ဆား တစ်ပိဿာ၊ ဆီ ၅၀ ကျပ်သား ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း ညောင်ဦးမြို့နယ် သဘာဝဘေးအန္တရာယ်နှင့် လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ချုပ်မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဝင်းလှိုင်ထံမှ သိရသည်။

**ရဲဝင်းနိုင်**
**(ညောင်ဦး)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအတွင်း ကျန်းမာရေးဆိုင်ရာ စစ်ဆေးရေးဂိတ်နှစ်ခု ဖွင့်လှစ်

**ပဲခူး မေ ၂၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား လိုအပ်သော ကျန်းမာရေးဆိုင်ရာ စိစစ်မှုများပြုလုပ်နိုင်ရေးအတွက် မေ ၂၁ ရက်မှစတင်ပြီး ဝေါမြို့နှင့် ပဲခူးမြို့နယ် အင်းတကော်မြို့တို့၌ ဂိတ်ဖွင့်လှစ်ထားရှိကြောင်း သိရသည်။



ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား လိုအပ်သောကျန်းမာရေးဆိုင်ရာ စိစစ်မှုများပြုလုပ်နိုင်ရန် ဝေါမြို့နယ် စစ်တောင်းတံတားထိပ် (ရဲကင်းအနီး) နှင့် ပဲခူးမြို့နယ် အင်းတကော်မြို့ (သစ်တောဂိတ်)တို့တွင် နေ့စဉ် နံနက် ၄ နာရီမှ ည ၁၀ နာရီအထိ ယာဉ်နှင့် လူဝင်/ထွက်မှုများအား မှတ်တမ်းတင်ကာ ခရီးသွားပြည်သူများအား ကျန်းမာရေးဆိုင်ရာ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ရာ ဝေါမြို့နယ် စစ်တောင်းတံတားထိပ် (ရဲကင်းအနီး) စစ်ဆေးရေးဂိတ်၌ ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးအောင်မင်း ဦးဆောင်၍အကောက်ခွန်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာန၊ ကျန်းမာရေး၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စသည့် ဌာနများမှ အရာရှိများ၊ ဝန်ထမ်းများ၊ ပဲခူးမြို့နယ်အင်းတကော်မြို့ (သစ်တောဂိတ်)တွင် ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင် ဦးဆောင်ကာ သစ်တော၊ ထွေ/အုပ်၊ ကျန်းမာရေး၊ ဆည်မြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ အရာရှိများ၊ ဝန်ထမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးဂိတ်များတွင် တာဝန်ထမ်းဆောင်သူများအနေဖြင့် နေ့စဉ် ကားဝင်/ထွက်စာရင်းများ၊ ယာဉ်တစ်စီးချင်းအလိုက် ယာဉ်အမှတ်နှင့် ခရီးသွားများ၏အမည်၊ အသက်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်၊ ထိုင်ခုံအမှတ် စသည်တို့အား စနစ်တကျ မှတ်ပုံတင်စာအုပ်ဖြင့် မှတ်တမ်းတင်ထားရမည်ဖြစ်ပြီး ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုစက်များဖြင့် ခရီးသွားပြည်သူများ၏ ကျန်းမာရေးအတွက် ကိုယ်အပူချိန်တိုင်းပေးခြင်းများ၊ ကျန်းမာရေးစစ်ဆေးပေးခြင်းများပြုလုပ်သွားမည်ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါ သံသယလူနာတွေ့ရှိပါက သတ်မှတ်ထားသောဆေးရုံ (သို့မဟုတ်) Facility Quarantine သို့ လူနာတင်ယာဉ်ဖြင့် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ရေတာရှည်မြို့နယ်၌ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာငွေ စနစ်တကျထုတ်ပေးနေ

**ရေတာရှည် မေ ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှ မေ ၂၁ ရက် နံနက် ၆ နာရီမှစတင်၍ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာငွေများကို လူစုလူဝေးမဖြစ်စေဘဲ စနစ်တကျထုတ်ပေးလျက်ရှိကြောင်း မန်နေဂျာ ဒေါ်ကြည်ကြည်သန်းက ပြောသည်။

ပင်စင်လစာငွေ လာရောက်ထုတ်ယူကြသူများအား တစ်ဦးနှင့်တစ်ဦး သုံးပေအကွာနေရာများစီစဉ်ပေးခြင်း၊ ဝင်ပေါက်ထွက်ပေါက်မှ နှာခေါင်းစည်း အကာကွယ်တပ်ဆင်လျက် တစ်ဦးချင်းဝင်ရောက်စေပြီး ကျန်းမာရေးဌာနမှ ကိုယ်အပူချိန်တိုင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

"အရင်တုန်းကဆိုရင်တော့ တစ်ရက်ကို ဦးရေ ၆၀၀ ကျော်လောက်ရှိပါတယ်။ ခုတော့ လူအတော်နည်းသွားတယ်၊ တစ်ရက်ကို လူ ၂၀၀ ဝန်းကျင်ပဲရှိမယ်။ ငွေထုတ်ပေးတဲ့လုပ်ငန်းစဉ်တွေမှာ ဝန်ထမ်းတွေရဲ့ကျန်းမာရေးကိုလည်း အထူးဂရုပြုပြီး စီစဉ်ပေးထားပါတယ်" ဟု ဒေါ်ကြည်ကြည်သန်းက ဆက်လက်ပြောသည်။

ပင်စင်လစာငွေ လာရောက်ထုတ်ယူသူများအနေဖြင့်လည်း အချိန်ကြန့်ကြာမှုမရှိစေရန် အဆင်ပြေပြေငွေထုတ်နိုင်ခြင်းနှင့်ပတ်သက်၍ "အရင်တုန်းကလူများတော့ စောင့်ရတာပေ့ါ၊ ခုချိန်မှာကလူလည်းနည်းတယ်၊ ကျန်းမာရေးအရလည်း စီစဉ်ထားတာတွေအကုန်ကောင်းတယ်၊ ငွေထုတ်ပေးတာလည်းမြန်တော့ အဆင်ပြေတာပေ့ါ"ဟု အငြိမ်းစားဝန်ထမ်းတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**



# သန်လျင်မြို့နယ်အတွင်းရှိ အိမ်ထောင်စုများအား အလှူရှင်များက စားသောက်ကုန်များ ထောက်ပံ့

**ရန်ကုန် မေ ၂၁**

သန်လျင်မြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အခြေခံပြည်သူများနှင့် ပရဟိတအဖွဲ့များအား ဓမ္မစက္ကပဝတ္တနကာရီ ကိုဗစ်-၁၉ အထောက်အကူပြုအဖွဲ့သည် စေတနာရှင်၊ အလှူရှင်များနှင့်ပူးပေါင်း၍ အခြေခံပြည်သူများသို့ ဆန် နှစ်ပြည်၊ ဆီတစ်ဘူးစီကို သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပေးပို့လှူဒါန်းပေးလျက်ရှိသည်။

သန်လျင်မြို့နယ်အတွင်းရှိ အိမ်ထောင်စု ၇၅၀၀ အတွက် ကျပ် ၂၆၂၅၀၀၀၀ တန်ဖိုးရှိ ဆန်နှင့်ဆီများကို ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# ခေါင်လန်ဖူးမြို့နယ်မှ ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စုများအား အခြေခံစားသောက်ကုန် (၅)မျိုး ထောက်ပံ့



**ခေါင်လန်ဖူး ဧပြီ ၂၁**

ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်ပစ္စည်း(၅)မျိုး ထောက်ပံ့ပွဲကို ဧပြီ ၁၅ ရက် နံနက် ၁၁ နာရီက ခေါင်လန်ဖူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခေါင်လန်ဖူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဝင်းက လတ်တလောဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဆောင်ရန် ရှောင်ရန်အချက်များ၊ ပြည်ပမှ ပြန်လာသူများရှိပါက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် တင်ပြပြီး စစ်ဆေးမှုခံယူကြရန် အသိပညာပေး ပြောကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက တက်ရောက်လာသော ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအား နိုင်ငံတော်မှ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများသို့ ထောက်ပံ့သည့် အခြေခံစားသောက်ကုန်(၅)မျိုးအား ပြည်သူများ လက်ဝယ်အရောက် အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးရန် တိုက်တွန်းပြောကြားပြီး အခြေခံစားသောက်ကုန် ထောက်ပံ့ပစ္စည်း (၅)မျိုးကို မြို့နယ်အတွင်းရှိ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ခဲ့သည်။

ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ မြို့ပေါ် လေးရပ်ကွက်နှင့် ကျေးရွာအုပ်စုကိုးအုပ်စုရှိ အိမ်ထောင်စု ၄၁၄ စုအား နိုင်ငံတော်အစိုးရက ဆန် ၁၀၈ အိတ်၊ ဆီ ၁၆၂ ပိဿာ၊ ဆား ၆၂ ပိဿာ၊ ကြက်သွန်နီ ၃၂၄ ပိဿာနှင့် ပဲ ၃၂၄ ပိဿာကို ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ငြိမ်းအိအိဖြိုး(ခေါင်လန်ဖူး)**

# မိတ္ထီလာမြန်မာ့စီးပွားရေးဘဏ်မှ ပင်စင်လာရောက်ထုတ်ယူသူများအား ကိုယ်အပူချိန်စစ်ဆေးပြီး တစ်ဦးသုံးပေစီအကွာအဝေးတွင် စနစ်တကျတန်းစီ ပင်စင်ထုတ်ယူနိုင်ရန် စီစဉ်

**မိတ္ထီလာ ဧပြီ ၂၁**

မိတ္ထီလာမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ ဧပြီ ၂၁ ရက် နံနက်ပိုင်းက ပင်စင်လစာ လာရောက်ထုတ်ယူသူများအား ကျန်းမာရေးစစ်ဆေးပြီး တစ်ဦးသုံးပေစီ အကွာအဝေးတွင် စနစ်တကျတန်းစီနေရာချထားပေးကာ ပင်စင်လစာထုတ်ယူနိုင်ရန် စီစဉ်လျက်ရှိသည်။

"ဒီနေ့ မိတ္ထီလာက မြန်မာ့စီးပွားရေးဘဏ်ကို ပင်စင်လာရောက်ထုတ်ယူတဲ့ နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ပင်စင်စားကြီးတွေကို ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်တဲ့အနေနဲ့ သာမိုဂန်းနဲ့ ကိုယ်အပူချိန်တိုင်းတာကာ ကျန်းမာရေးစစ်ဆေးတာ၊ တစ်ဦးနဲ့ တစ်ဦးအကွာအဝေး သုံးပေစီခွာပြီး စနစ်တကျ တန်းစီနေရာချထားပေးတာကို ဘဏ်ဝန်ထမ်းတွေ၊ ကျန်းမာရေးဝန်ထမ်း၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်တွေ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေ အဖွဲ့စုံပူးပေါင်းပြီး တာဝန်ရှိသူတွေရဲ့လမ်းညွှန်ဦးဆောင်မှုအတိုင်း ပူးပေါင်းဆောင်ရွက်ကြတာပါ" ဟု မိတ္ထီလာခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ခရိုင်တပ်ဖွဲ့မှူး ဦးနေဦးက ပြောသည်။

အဆိုပါ ပင်စင်လစာလာရောက်ထုတ်ယူသူများအား ကိုယ်အပူချိန်တိုင်းတာ၍ ကျန်းမာရေးစစ်ဆေးခြင်း၊ တစ်ဦးသုံးပေစီအကွာအဝေးတွင် စနစ်တကျနေရာချထားပေးခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ဆောင်ရွက်မှုအား ခရိုင်အုပ်ချုပ်ရေးမှူးဦးသက်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။ မိတ္ထီလာမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ ပင်စင်လာရောက်ထုတ်သူများအားလုံး နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်သည်။

မိတ္ထီလာမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် လစဉ်ပင်စင်ထုတ်ယူသူဦးရေ ၁၂၀၀၀ ကျော်ရှိပြီး ဧပြီ ၂၁ ရက်နောက်ပိုင်းတွင်လည်း ပင်စင်လစာများကို ထုတ်ယူနိုင်ကြောင်း ဘဏ်မှ အသိပေး ကြေညာထားသည်။ ပင်စင်လစာများထုတ်ပေးရာတွင် ယခုထက်ပိုမိုအဆင်ပြေပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ထိရောက်မှုရှိစေရန် နေရာကျယ်ဝန်းသော ဘဏ်နှင့်ခရီးမကွာဝေးသည့် အထက (၁) တွင် ထုတ်ပေးရန်စီစဉ်သင့်ကြောင်း ဒေသခံများက အကြံပြုကြကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# သင်္ဃန်းကျွန်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး ဘက်ပေါင်းစုံမှကြပ်မတ်ဆောင်ရွက်

**ရန်ကုန် ဧပြီ ၂၁**

သင်္ဃန်းကျွန်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီက မိမိတို့မြို့နယ်အတွင်း ရောဂါပြန့်ပွားမှုမဖြစ်စေရေး၊ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၀ ရက် နံနက်ပိုင်းတွင် စံပြဈေးကားမှတ်တိုင်တွင် YBS ယာဉ်စီးမည့်သူများအား နှာခေါင်းစည်းများ ဝေငှပေးခြင်း၊ ရပ်ကွက်ဈေးများတွင်လည်း ဈေးရောင်းချသူများအား လက်အိတ်၊ နှာခေါင်းစည်းများတပ်ဆင်ကာ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာမှ ရောင်းဝယ်ခြင်းများ ပြုလုပ်စေခြင်း၊ ဈေးဝယ်သူများအား ကိုယ်အပူချိန်စစ်ဆေးခြင်း၊ နှာခေါင်းစည်းများပေးဝေခြင်းများ၊ လူစုလူဝေးမဖြစ်စေရေးအထူးကြေညာခြင်းများဖြင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲမင်းထွန်း(ပြန်/ဆက်)**

# လယ်ဝေးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ယာယီပျံကျဈေးဖွင့်လှစ်

**လယ်ဝေး ဧပြီ ၂၁**

နေပြည်တော် လယ်ဝေးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် ကာကွယ်နိုင်ရေးအတွက် ဖောင်တော်ချက်မစေတီတော်အနီး ဘုရားဝင်းအတွင်း ယာယီပျံကျဈေးသတ်မှတ်ပေးပြီး ဧပြီ ၂၀ ရက် နံနက်မှ စတင်ရောင်းချခွင့်ပြုလျက်ရှိကြောင်း သိရသည်။

အခြေခံ စားသောက်ကုန်နှင့် အဝတ်အထည်များ ဝယ်ယူနိုင်ရန် လယ်ဝေးမြို့သီရိရတနာမြို့မဈေးအား ပုံမှန်ဖွင့်လှစ်ထားရှိပြီး အဆိုပါ ယာယီပျံကျဈေးကို ဝယ်ယူစားသုံးသူများ အဆင်ပြေစေရန်နှင့် ဈေးရောင်းချသူများ ပုံမှန်ဝင်ငွေရရှိစေရန် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ လူစုလူဝေး မဖြစ်ပေါ်စေရန်နှင့် ဈေးအတွင်းသို့ နှာခေါင်းစည်း တပ်ဆင်ပြီးမှ ဝင်ရောက်ရန် စည်းကမ်းချက်များ ထုတ်ပြန်ထားသည်။

ဈေးရောင်းချရန် နေရာတွင် ဈေးသည် တစ်ဦးနှင့်တစ်ဦးခြောက်ပေကွာဝေးပြီး ယာယီဈေး၏ ဝင်ပေါက်များတွင် လက်ဆေးရန် ဘေစင်များ ဆောင်ရွက်ထားရှိသည်။ အဆိုပါ ယာယီပျံကျဈေးအား နေ့စဉ် နံနက် ၅ နာရီမှ ၁၀ နာရီအထိ ရောင်းချခွင့်ပြုထားကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း နေ့စဉ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် ပျံကျဈေးသည် ၅၅၀ ကျော် ရောင်းချလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်သူထံမှ သိရသည်။

**ဝေကြည်စန်းအောင်**
**(ပြန်/ဆက်)**

# ဟင်္သာတခရိုင်၌ နှာခေါင်းစည်းများ ချုပ်လုပ်ဖြန့်ဝေ

**ဟင်္သာတ ဧပြီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီက နှာခေါင်းစည်းများ ချုပ်လုပ်ပြီး အခမဲ့ဖြန့်ဝေလှူဒါန်းလျက်ရှိကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်ထံမှ သိရသည်။

လတ်တလောဖြစ်ပွားလျက်ရှိသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါသည် မြန်မာနိုင်ငံအတွင်း၌ ကူးစက်ခံရမှုမြင့်တက်နေရာ ခရိုင်နှင့် မြို့နယ်များအတွင်း ကူးစက်ခံရမှုမရှိစေရေး တစ်ကိုယ်ရေကာကွယ်အသုံးပြုနိုင်ရန်နှင့် နှာခေါင်းစည်းများ ဝယ်ယူနိုင်မှုအခက်အခဲများကို အဆင်ပြေစေရန်အတွက် ချုပ်လုပ်လှူဒါန်းရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ နှာခေါင်းစည်းချုပ်ရန် ကုန်ကြမ်းပစ္စည်းများကို ဟင်္သာတခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီက ဝယ်ယူထောက်ပံ့ပေးပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များက လုပ်အားဒါနပေးလှူ ချုပ်လုပ်ပေးနေကြောင်း ဦးဆောင်သူ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးမွန်က ပြောသည်။

ယခုလက်ရှိတွင် နှာခေါင်းစည်း ၁၀၀၀ ကျော်ကို ပြည်သူနှင့် အများဆုံးထိတွေ့ဆက်ဆံရသည့် ရုံးဌာနများနှင့် နှာခေါင်းစည်းဝယ်ယူရန် အခက်အခဲရှိသည့် ပြည်သူများအားထောက်ပံ့လှူဒါန်းပေးလျက်ရှိပြီး ဆက်လက်လှူဒါန်းရန် နှာခေါင်းစည်း ၁၀၀၀ ကျော် ထပ်မံချုပ်လုပ်နေကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



## လားရှိုးမန်ဆူရှမ်းကျောင်းဆရာတော်နှင့် အလှူရှင်များက ဆန်၊ ဆီ၊ ငါးခြောက်များ လှူဒါန်းထောက်ပံ့

**နောင်ချို ဧပြီ ၂၁**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးကာလအတွင်း ဆက်သွယ်အလှူခံလာသော ရှမ်းပြည်နယ်မြောက်ပိုင်းရှိမြို့နယ်များသို့ လားရှိုးမြို့ မန်ဆူရှမ်းကျောင်းတိုက်ဆရာတော်နှင့် အလှူရှင်များက စားနပ်ရိက္ခာများကို လှူဒါန်းထောက်ပံ့ကူညီပေးလျက်ရှိရာ ဧပြီ ၂၁ ရက်က သီပေါမြို့နယ် သိမ်တောင်တောရကျောင်း ရှစ်ကျောင်း၊ နောင်ချိုမြို့ သံသရာအေးကျောင်းတိုက်၊ စိန်ရတနာစာသင်တိုက်၊ ပြင်ကြီးကျောင်းတိုက်၊ ဟော်ကျောင်းတိုက်သီလရှင်ကျောင်းနှင့် နယ်ကျောင်းတိုက်အချို့ထံ ဆန်၊ ဆီ၊ ငါးခြောက်တို့ကို နောင်ချိုမြို့ဈေးရပ်ကွက်နေ ဦးကျော်သိန်းနှင့်မြို့ခံများ၏ အကူအညီဖြင့် သီပေါမြို့နယ်စာရေးဆရာအသင်းက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

လားရှိုးမြို့မန်ဆူရှမ်းကျောင်းတိုက်ဆရာတော်နှင့်အလှူရှင်များသည် လိုအပ်သည့်နေရာများအတွက် မတ် ၃၀ ရက်မှ ယနေ့အထိ ဆန်အိတ် ၁၀၀ ကျော်နှင့် ဆီ၊ ဆား၊ ငါးခြောက်၊ ခေါက်ဆွဲခြောက်တို့အပြင် အလှူငွေကျပ်သိန်း ၃၀ ကျော်တို့ကိုပါ လှူဒါန်းကူညီခဲ့ကြကြောင်း သိရသည်။

**သီပေါကိုလတ်**

## ညောင်တုန်းမြို့ရှိ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများအား စေတနာရှင်များက ဆန်အိတ်များ လှူဒါန်း

**ညောင်တုန်း ဧပြီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ပေါ်ရပ်ကွက် ၁၀ ခုတွင် နေထိုင်ကြသည့် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၄၀၀၀ ကျော်တို့အတွက် ရည်ရွယ်၍ ညောင်တုန်းမြို့နေ ဦးစိုးနိုင်(ကြည်တာစတိုး)မိသားစုက ဆန်အိတ် ၁၀၀၊ ကျော်ကျော်စတိုးမိသားစုက ဆန်အိတ် ၁၀၀၊ ဦးစံထွန်းအောင်(ရွှေဆိုင်)မိသားစုက ဆန်အိတ် ၁၀၀၊ စန်းသော်တာစတိုးမိသားစုက ဆန်အိတ် ၅၀၊ အောင်သပြေ(အိမ်/ဆောက်ပစ္စည်း)အရောင်းဆိုင်မိသားစုက ဆန် ၁၀အိတ် စုစုပေါင်း ဆန်အိတ် ၃၆၀ တန်ဖိုးငွေကျပ်သိန်း ၉၀ အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ ညောင်တုန်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဦးစီးကော်မတီသို့ ဧပြီ ၂၀ ရက် မွန်းလွဲပိုင်းက ထောက်ပံ့ပေးအပ်လှူဒါန်းရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

**ထွန်းကျော်**
**(ညောင်တုန်း)**

## သီတဂူဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရက ရွှေဘိုလူငယ်ဖွံ့ဖြိုးရေးစခန်းအတွက် အခြေခံစားသောက်ကုန် (၅) မျိုး လှူဒါန်း

**ရွှေဘို ဧပြီ ၂၁**

သီတဂူဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရက ရွှေဘို လူငယ်ဖွံ့ဖြိုးရေးစခန်းအတွက် အခြေခံစားသောက်ကုန် (၅)မျိုးကို ဧပြီ ၁၉ ရက် မွန်းလွဲ ၂ နာရီက လှူဒါန်းခဲ့ကြောင်း လူငယ်ဖွံ့ဖြိုးရေးစခန်းကော်မတီ ဥက္ကဋ္ဌ ဦးတင်ဝင်း (TWS) ထံမှ သိရသည်။



အဆိုပါ စားသောက်ကုန် (၅) မျိုးအား ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်း၊ အမှတ်(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်နှင့်အဖွဲ့က ဆရာတော်ကြီးကိုယ်စား လာရောက်လှူဒါန်းရာ လူငယ်ဖွံ့ဖြိုးရေး စခန်းကော်မတီ ဥက္ကဋ္ဌ ဦးတင်ဝင်း (TWS) နှင့် လူငယ်ဖွံ့ဖြိုးရေးစခန်း ကျောင်းအုပ်ကြီး ဒေါက်တာဦးသန်းထွန်းတို့က လက်ခံသည်။

ရွှေဘို လူငယ်ဖွံ့ဖြိုးရေးစခန်းအတွက် ဆရာတော်ကြီး လှူဒါန်းသော စားသောက်ကုန် (၅)မျိုးမှာ ဆန် ၅၅ တင်း၊ ဆီ ၅၅ ပိဿာ၊ ကြက်သွန်နီ ၅၅ ပိဿာ၊ ပဲ ၁၆၅ ပြည်၊ ဆား ၂၈ ပိဿာတို့ဖြစ်ကြောင်း သိရသည်။

ဆရာတော်ကြီးက ရွှေဘို လူငယ်ဖွံ့ဖြိုးရေးစခန်း အပါအဝင် ရွှေဘိုမြို့နယ်အတွင်းရှိ မေတ္တာရိပ် အမျိုးသမီးစောင့်ရှောက်ရေးဂေဟာ၊ သီရိမင်္ဂလာ ဘိုးဘွားရိပ်သာနှင့် ရွှေဘိုမြို့ အမှတ် (၄) ရပ်ကွက် ဒိုင်အိုကျောင်းဝင်းအတွင်းရှိ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ပရဟိတဂေဟာတို့တွင်လည်းလှူဒါန်းခဲ့ကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

## အာယုသုခဆရာတော်နှင့် အလှူရှင်များက သူနာပြုနှင့်သားဖွားဆရာမများအတွက် ဆန်အိတ်များလှူဒါန်း

**ပခုက္ကူ ဧပြီ ၂၁**

ပခုက္ကူခရိုင်ပြည်သူ့ဆေးရုံကြီးခန်းမ၌ အာယုသုခဆရာတော်က လှူဒါန်းသော ဆန်အိတ်များပေးအပ်ပွဲကို ဧပြီ ၂၁ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ရှေးဦးစွာ အာယုသုခဆရာတော်ဦးပညာဇောတက ဆန်အိတ်များလှူဒါန်းရခြင်းကို ရှင်းလင်းမိန့်ကြားရာတွင် မိမိအနေဖြင့် ကိုဗစ်-၁၉ရောဂါ တားဆီး၊ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ရှေ့တန်းက ပါဝင်ဆောင်ရွက်နေကြသည့် သူနာပြုနှင့် သားဖွားဆရာမများအတွက် လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ မိမိ၏လှူဒါန်းမှုမများသော်လည်း တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးရန်ရည်ရွယ်ပါကြောင်း မိန့်ကြားသည်။

ဆန်အိတ်လှူဒါန်းပွဲသို့ ပခုက္ကူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးပိုက်ကိုနှင့် ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီးဒေါက်တာကျော်နိုင်ဝင်းနှင့် ဆရာဝန်ကြီးများ၊ သူနာပြုများ တက်ရောက်ကြသည်။

ယနေ့လှူဒါန်းသော ဆန်အိတ်စုစုပေါင်းမှာ အိတ် ၄၀ ဖြစ်ပြီး ပခုက္ကူခရိုင်ပြည်သူ့ဆေးရုံကြီးမှ သူနာပြုဆရာ ဆရာမများနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာမများ၊ သားဖွားဆရာမများကို သီးသန့်ဆန်လှူဒါန်းခြင်းဖြစ်ကြောင်းနှင့် နံနက် ၆ နာရီကလည်း မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူကြသော နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များအား သန့်ရှင်းရေးပြုလုပ်ရန် လက်သန့်ဆေးရည် ၁၀ ဘူးနှင့် နှာခေါင်းစည်း ၁၀၀၀ ကို အာယုသုခ ဆရာတော်နှင့် အလှူရှင်များက လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## မင်းလှမြို့နယ် အားကစားကွင်း၌ ယာယီဈေးဖွင့်လှစ်

**အထက်မင်းလှ ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးမြို့နယ်အဆင့်လုပ်ငန်းကော်မတီကကြီးမှူး၍ ပြည်သူများအနေဖြင့် စားသောက်ကုန်များ ဝယ်ယူရေးအဆင်ပြေစေရန်၊ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန်နှင့် ဇေယျာသီရိဈေးမှ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်နှင့် ကုန်စိမ်းကုန်ခြောက်ရောင်းချသော ဈေးသည်များ အဆင်ပြေစေရန်အတွက် မြို့နယ်အားကစားကွင်း၌ ဧပြီ ၂၀ ရက် နံနက်မှစတင်၍ယာယီဈေးဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

**နေရာသတ်မှတ်ပေး**

အဆိုပါ ယာယီဈေးဖွင့်လှစ်ထားရှိမှုတွင် ဆိုင်ခန်းတစ်ခန်းလျှင် ခြောက်ပေ ပတ်လည်နှင့် ဆိုင်ခန်းတစ်ခန်းနှင့်တစ်ခန်း ရှစ်ပေစီခြားထားရှိပေးပြီး ဈေးဝယ်သူများအတွက် နေရာသတ်မှတ်ပေးထားခြင်း၊ ယာယီဈေးအတွင်း မဝင်ရောက်မီ လက်ဆေးရန်ဘေစင်များထားရှိပေးခြင်း၊ ဈေးရောင်းချသူများက လက်အိတ်နှင့်နှာခေါင်းစည်းများတပ်ဆင်ခြင်းနှင့် ဈေးဝယ်သူများလည်း နှာခေါင်းစည်းများတပ်ဆင်ပြီးမှ ယာယီဈေးအတွင်း ဝင်ရောက်စေခြင်း၊ စွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာများတွင် စည်းကမ်းတကျ စွန့်ပစ်ရေးနှင့် ဈေးရောင်း ဈေးဝယ်လာသူများအား ကိုယ်အပူချိန်တိုင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယာယီဈေးကို နေ့စဉ် နံနက် ၆ နာရီမှ နံနက် ၉ နာရီထိသာ ဖွင့်လှစ်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်နွယ်နွယ်အေးက ပြောသည်။

**ဇာဇာ(အထက်မင်းလှ)**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ဆပ်ပြာရည်နှင့် ပိုးသတ်ဆေးများဖျန်း

**ရန်ကုန် ဧပြီ ၂၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်၌ ရပ်ကွက်များနှင့် လမ်းများအလိုက် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမှ ကာကွယ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၀ ရက် ညနေ ၅ နာရီက ဒေါ်သိန်းတင်လမ်းမကြီးတစ်လျှောက် ဆပ်ပြာရည်များနှင့် ပိုးသတ်ဆေးများ ဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများ၏ကြီးကြပ်မှုနှင့် ပြည်သူများ၏ပူးပေါင်းမှုတို့ဖြင့် ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဒေါ်သိန်းတင်လမ်းမကြီးတစ်လျှောက်ဆပ်ပြာရည်များဖြင့် ဆေးကြောခြင်းနှင့် ပိုးသတ်ဆေးဖျန်းတို့ကို မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ရပ်ကွက်သာယာရေးအဖွဲ့များက ပူးပေါင်းကာဆောင်ရွက်ခဲ့ကြသည်။ ကိုဗစ်-၁၉ ရောဂါမှ ကာကွယ်နိုင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာသို့ အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဋ္ဌေးနှင့် မြို့နယ်တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချစ်စုဝေ (ပြန်/ဆက်)**

## မိုင်းခတ်မြို့ မြို့နယ်အားကစားကွင်း၌ ယာယီဈေးဖွင့်လှစ်ရောင်းချလျက်ရှိ

**မိုင်းခတ် ဧပြီ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့်လုပ်ငန်းကော်မတီက ပြည်သူများအဆင်ပြေစေရေးအတွက် စည်ပင်သာယာမြို့မဈေးမှ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်ရောင်းချလျက်ရှိသောဈေးသည်များအား မြို့နယ်အားကစားကွင်း၌ ဧပြီ ၂၀ ရက် နံနက်ပိုင်းမှစတင်၍ ယာယီဈေးအဖြစ် ဖွင့်လှစ်ပေးခဲ့သည်။



အဆိုပါယာယီဈေးတွင် ဆိုင်ခန်းတစ်ခန်းလျှင် ၁၀ ပေပတ်လည်နှင့် ဆိုင်ခန်းတစ်ခန်းနှင့်တစ်ခန်း ခြောက်ပေစီခြားထားပြီး ဈေးဝယ်သူများအတွက်လည်း သတ်မှတ်နေရာများထားရှိပေးကာ နေ့စဉ် နံနက် ၅ နာရီမှ ၉ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ဈေးရောင်း ဈေးဝယ်သူများအနေဖြင့် ယာယီဈေးအတွင်းမဝင်ရောက်မီ လက်ဆေးရန် လက်ဆေးဘေစင်များ စီစဉ်ပေးထားပြီး နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုမှသာ ဈေးအတွင်းဝင်ရောက်ခွင့်ပြုကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီအဖွဲ့၏ ပြောကြားချက်အရ သိရသည်။

**မိုးဒေ(ပြန်/ဆက်)**

# ဒလမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်မှတစ်ဆင့် ရန်ကုန်မြို့သို့ ဖြတ်သန်းသွားလာကြသော မော်တော်ယာဉ်မောင်းနှင်သူများနှင့် ခရီးသွားမိဘပြည်သူများအား ဒလမြို့အဝင် တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာအုပ်စုအနီးရှိ ဒလ-တွံတေးကားလမ်းမကြီးဘေး စုပေါင်းစစ်ဆေးရေးဂိတ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီး ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၀ ရက် မွန်းလွဲပိုင်းက ကိုဗစ်-၁၉ ရောဂါ အရေးပေါ်တုံ့ပြန်ရေးနှင့် မြို့နယ်အထောက်အကူပြုကော်မတီ နာယကများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေး စုပေါင်းစစ်ဆေးရေးဂိတ်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ပူးပေါင်း၍ မြို့နယ်အတွင်းသို့ ဖြတ်သန်းဝင်ရောက်ကြမည့် မော်တော်ယာဉ်များမှ ယာဉ်မောင်းများနှင့် ခရီးသည်များအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နှာခေါင်းစည်းမပါသော ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ပေးဝေခြင်းနှင့် စနစ်တကျလက်ဆေးခြင်းတို့ကို ပညာပေးဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါ တာဝန်ကျဝန်ထမ်းများအား လွှတ်တော်ကိုယ်စားလှယ်များနှင့် အထောက်အကူပြုကော်မတီမှ တာဝန်ရှိသူများက အားဖြည့်အချိုရည်၊ ရေသန့်ဘူးများ၊ မုန့်များကို လှူဒါန်းပေးခဲ့ကြသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများသည် ပျော်ဘွယ်ကြီးစံပြကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၊ ရွှေလှေချောင်ကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၊ မြို့မ(၄)ရပ်ကွက်ရှိ ဓမ္မာရုံ စသည့် စောင့်ကြည့်ရေးစခန်းများရှိ ပြည်တွင်းပြည်ပမှ ပြန်လာသူများအား စောင့်ကြပ်ကြည့်ရှုမှုအခြေအနေကို သွားရောက်ကြည့်ရှုခဲ့ပြီး အားဖြည့်အချိုရည်နှင့် ဌက်ပျောသီးများကို လှူဒါန်းခဲ့ကြသည်။

**နိုင်လင်းကျော်**

**(ပြန်/ဆက်)**



**တောင်ဥက္ကလာပမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံနှင့် နှာခေါင်းစည်းများ လှူဒါန်း**

**ရန်ကုန် မေ ၂၁**

တောင်ဥက္ကလာပမြို့နယ် (ဖ)ရပ်ကွက် အင်းဝလမ်းမိသားစုများက တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ အစုံ ၂၀နှင့် ဆရာဦးတင်ရွှေ ကုန်းဘောင်လမ်း(မိသားစု)က နှာခေါင်းစည်းနှစ်ဘူးတို့ကို ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လှူဒါန်းရာ မေ ၂၀ ရက် ညနေ ၃ နာရီက အလှူရှင်များကိုယ်စား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဦးနှင့်အဖွဲ့က လာရောက်ပေးအပ်ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးအေးမိုးနှင့် ကျန်းမာရေးဝန်ထမ်းများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**နေထက်အောင်**

# ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် အသိပညာပေး

**ကျွန်းစု မေ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် ကရုဏာနာရေးကူညီမှုအသင်း၊ ကြက်ခြေနီအသင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် အသိပညာပေးလုပ်ငန်းများကို မေ ၁၉ ရက် နံနက်ပိုင်းက ကျွန်းစုမြို့မှ ကျေးရွာခြောက်ရွာသို့ လှည့်လည်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆောင်ရွက်ရာတွင် ကျွန်းစုမြို့ ကရုဏာနာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးသန်းဇော်နှင့် အသင်းဝင်များ၊ ကျွန်းစုမြို့နယ်ကြက်ခြေနီအသင်းမှ တပ်ခွဲမှူး ဦးသက်လှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်း ၁၅ ဦးတို့က ကျွန်းစုမြို့မှ အထက်ပိကြပ်ကျေးရွာ၊ အောက်ပိကြပ်ကျေးရွာ၊ မရွှေဦးကျေးရွာ၊ ပသုတ်ကျွန်းကျေးရွာ၊ ပရည်ကျွန်းကျေးရွာနှင့် မစမ်းပါးကျေးရွာများသို့ လှည့်လည်သွားရောက်၍ ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် အသိပညာပေးဗီနိုင်းများ အများပြည်သူ



မြင်သာသည့်နေရာများတွင် ကပ်ပေးခြင်း၊ လက်ကမ်းစာစောင်များနှင့် လက်သန့်ဆေးရည်များ ဖြန့်ဝေပေးခြင်း၊ အဝတ်ဖြင့်ချုပ်ထားသည့် နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ ရောဂါကာကွယ်ရေးအတွက် ပြည်သူများ လိုက်နာရမည့်အချက်များကို ပညာပေးပြောကြားခဲ့ပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စည်သူရအောင်(ကျွန်းစု)**

# ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**မြို့သစ် မေ ၂၁**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ပခုက္ကူမြို့ အာယုသုခကျောင်း ဆရာတော် ဦးပညာဇောတနှင့်စေတနာရှင်၊ အလှူရှင်များက တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၃၂ စုံနှင့် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများကို ယမန်နေ့ မွန်းလွဲပိုင်းကမြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် မြို့သစ်မြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် ကူးစက်မှုမဖြစ်ပွားစေရေးအတွက် ပခုက္ကူမြို့ အာယုသုခကျောင်းဆရာတော် ဦးပညာဇောတက တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၅ စုံ၊ အာယုသုခအသင်း၏ အတွင်းရေးမှူး "မြင့်သစ္စာ" ရတနာရွှေဆိုင်မိသားစုက တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ခုနစ်စုံ၊ ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူးက တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀ စုံနှင့် ရောဂါကာကွယ်ရေး ပစ္စည်းများဖြစ်သည့် လက်သန့်ဆေးရည် ငါးဘူး၊ နှာခေါင်းစည်း အခုရေ ၁၀၀၊ လက်အိတ်အခုရေ ၁၀၀၊ ဆေးဖျန်းပုံး တစ်ပုံးတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်အဆင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီက လက်ခံယူခဲ့ကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

# တန့်ဆည်မြို့ စည်ပင်သာယာဈေး၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး

**တန့်ဆည် မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် စည်ပင်သာယာဈေး၌ အသိပညာပေးလုပ်ငန်းနှင့် နှာခေါင်းစည်းဖြန့်ဝေခြင်းကို မေ ၂၁ ရက် နံနက်ပိုင်းက အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးနှင့် ဦးကျော်ရွှေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စွာမင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဒေါ်သက်သက်ဦးနှင့် ဝန်ထမ်းများက ဈေးသူဈေးသားများအား စည်းကမ်းရှိစွာ ရောင်းချရန်၊ ဈေးလာရောက်ဝယ်ယူရာတွင် နှာခေါင်းစည်းများတပ်ဆင်ကြရန်၊ ဈေးအဝင်တွင် လက်ဆေးဘေစင်ထားရှိပေးကာ လက်ဆေးပြီးမှ ဈေးအတွင်းသို့ဝင်ရောက်ဝယ်ယူကြရန် အစရှိသည့် နှိုးဆော်ချက်များနှင့် အသိပညာပေးပြီး ဈေးသည်၊ ဈေးဝယ်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ငြိမ်းမင်းထွန်း(တန့်ဆည်)**

# မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ဈေးများနှင့် လမ်းများတွင် နှာခေါင်းစည်းများပေးဝေ

**မော်လမြိုင်ကျွန်း မေ ၂၁**

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ဈေးများနှင့် လမ်းများတွင် မေ ၂၀ ရက် ညနေပိုင်းက ကိုဗစ်-၁၉ ရောဂါ ကြိုတင် ကာကွယ်နိုင်ရေးအတွက် ဈေးဝယ်ပြည်သူများ၊ ခရီးသွားလာသူများအား အပြင်ထွက်ပါက နှာခေါင်းစည်း အမြဲတပ်ဆင်နိုင်ရန် အသိပေးပြောကြားပြီး နှာခေါင်းစည်း တပ်ဆင်လာခြင်း မရှိသူများကို နှာခေါင်းစည်းများ အခမဲ့ ပေးဝေခဲ့သည်။



ပြည်သူများအား အသိပညာပေးခြင်းလုပ်ငန်း၊ နှာခေါင်းစည်းများအခမဲ့ပေးဝေခြင်းလုပ်ငန်းကိုတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးဆောင်၍ မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များနှင့် စေတနာ့ဝန်ထမ်းလူငယ်များက စုပေါင်းဆောင်ရွက်ခဲ့ကြပြီး နောက်ရက်များတွင်လည်း လိုအပ်သူများကို အခမဲ့ပေးဝေခြင်းနှင့် နှာခေါင်းစည်းများအား အဆင်ပြေစွာအသုံးပြုနိုင်ရေး တန်ဖိုးအနည်းဆုံးဈေးနှင့်ဝယ်လိုသူများအား ဖြန့်ဖြူးရောင်းချ၊ အသိပညာပေးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သီတာအောင်**

**(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်း

**ပြည်ကြီးတံခွန် မေ ၂၁**

ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးဌာနကဦးဆောင်၍ ကိုဗစ်-၁၉ ရောဂါ ကြိုတင် ကာကွယ်ရေးအတွက် ရပ်ကွက်များအတွင်း တစ်အိမ်တက်ဆင်း ပိုးသတ်ဆေးဖျန်းပေးခြင်းကို မေ ၂၀ ရက်က မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်တွင် လှည့်လည်ဆောင်ရွက်ခဲ့သည်။

"တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့ ဆောင်ရွက်တာပါ၊ ပြည်ကြီးတံခွန်မြို့နယ်မှာ ရပ်ကွက် ၁၈ ရပ်ကွက်ရှိပါတယ်၊ ရပ်ကွက်တိုင်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းပေးနိုင်အောင် ဆောင်ရွက်နေပါတယ်၊ လူနေများတဲ့ ရပ်ကွက်တွေကို ဦးစားပေးပက်ဖျန်းပါတယ်၊ တစ်အိမ်တက်ဆင်း ပက်ဖျန်းတာပါ၊ နောက်ရက်တွေမှာ ဆက်လက်ဆောင်ရွက်ပေးသွားမှာပါ၊ ပိုးသတ်ဆေးဖျန်းချင်လို့ ဆက်သွယ်လာတဲ့ ရပ်ကွက်/ နေအိမ်များကိုလည်း လိုက်လံဆောင်ရွက်ပေးပါတယ်"ဟု ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ပြည်ကြီးတံခွန် မြို့နယ်တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းကို မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များက မြို့နယ်အတွင်းရှိ ဈေးများ၊ အများပြည်သူဆိုင်ရာနေရာများ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်များတွင်လည်း လှည့်လည် ဆောင်ရွက်လျက်ရှိသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



## ကျောက်မဲခရိုင်အတွင်းရှိ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်

**ကျောက်မဲ မေ ၂၁**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဖြင့် ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်မှ ထောက်ပံ့သည့် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဆောင်ရွက်နေ**

ကျောက်မဲခရိုင်အတွင်း ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ နမ္မတူ၊ နမ့်ဆန်၊ မန်တုံ စုစုပေါင်း ခြောက်မြို့နယ်ရှိပြီး အဆိုပါမြို့နယ်များမှ ကျေးရွာပေါင်း ၈၂ ရွာအတွက် နိုင်ငံတော်မှ ထောက်ပံ့သည့် ငွေကျပ်သိန်း ၈၂၀၀ ကို မတ်လမှ စတင်၍ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း၊ ကျေးရွာရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်း၊ ကျေးရွာအများသုံးခန်းမဆောက်လုပ်ခြင်း၊ စက်ရေတွင်း တူးဖော်ခြင်း၊ ကျေးရွာအတွင်း လျှပ်စစ်မီးသွယ်တန်းခြင်းနှင့် ရွာတွင်းလမ်းပေါ်ရှိ မြောင်းကူးတံတား ဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေခြင်း ဖြစ်သည်။

ရရှိသည့် ထောက်ပံ့ငွေအပြင် ပြည်သူများက ထည့်ဝင်ငွေကျပ် ၂၄၄ ဒသမ ၁၇၉ သိန်း အကုန်အကျခံကာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာများတွင် ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူလူထု ပူးပေါင်းပါဝင်မှုအားကောင်းကာ အခက်အခဲများကို စုပေါင်းအင်အားဖြင့် ကျော်လွှားနိုင်မည်ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်း၏ ပြောကြားချက်အရ သိရသည်။

**မင်းမြင့်မိုရ်**



## အမရပူရမြို့နယ်ရှိတောင်သူများ GAP စနစ်ဖြင့် စိုက်ပျိုးမှုများပြားလာစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပူးပေါင်းဆောင်ရွက်

**မန္တလေး မေ ၂၁**
မန္တလေးမြို့ အမရပူရမြို့နယ်တွင် နွေစပါး၊ မိုးစပါးနှင့်အခြားသီးနှံများကို နှစ်စဉ်လျာထားချက်များ ကိုက်ညီစေရန် စိုက်ပျိုးလျက်ရှိသကဲ့သို့ ဟင်းသီးဟင်းရွက်စိုက်ခင်းများ၊ ဥယျာဉ်ခြံများကိုလည်း စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(Good Agriculture Practices GAP)စနစ်ဖြင့် စိုက်ပျိုးမှုများပြားလာစေရန် စိုက်ပျိုးရေးဦးစီးဌာနက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းဖြိုးထံမှ သိရသည်။

လက်ရှိကာလတွင် မန္တလေးမြို့ အမရပူရမြို့နယ် ယဉ်တော်ကျေးရွာမှ တောင်သူ ဦးမျိုးဇော်ထွန်း၏ GAP စနစ်ဖြင့် စိုက်ပျိုးထားသော ဓာတုဆေးကင်းပြီး သန့်ရှင်းလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်စိုက်ခင်းမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ အဆိုပါ ဟင်းသီးဟင်းရွက်များ စားသုံးသူထံရောက်ရှိရေးကို အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မိမိတို့ခြံဝင်းအတွင်း Home Gardening စိုက်ပျိုးလိုပါက ဟင်းသီးဟင်းရွက်မျိုးစေ့များ ဆက်သွယ်ဝယ်ယူနိုင်ရန် ကူညီပေးလျက်ရှိကြောင်း သိရသည်။

အမရပူရမြို့နယ်တွင် လယ်မြေ၊ ယာမြေ၊ ကိုင်း/ကျွန်း၊ ဥယျာဉ်မြေများ မြေယာအသုံးချမှု စာရင်းအရ ၅၁၂၆၈ ဧကရှိပြီး လယ်မြေ ၁၇၀၂၄ ဧက၊ ယာမြေ ၃၇၄၂ဧက၊ ကိုင်းကျွန်းမြေ ၆၈၀၈ ဧက၊ ဥယျာဉ် ၃၁၇၉ ဧကနှင့် အခြားမြေများ ပါဝင်သည်။

လက်ရှိကာလ အမရပူရမြို့နယ်တွင် ဆည်တော်ကြီး ဆည်ရေမှ ပေးလွှတ်သောရေဖြင့် နွေစပါး ဧက ၇၄၈၀ နှင့် နှမ်းဧက ၄၈၀၀ ကို လျာထားစိုက်ပျိုးလျက်ရှိပြီး ဥယျာဉ်ခြံများကိုလည်း GAP စနစ်ဖြင့်စိုက်ပျိုးကာ GAP အသိအမှတ်ပြုလက်မှတ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည်။

အဓိကအားဖြင့် သရက်စိုက်ပျိုးမှုနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးမှုများတွင် GAP စနစ်ကို လိုက်နာကျင့်သုံးစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပေးစင်တာများအလိုက် ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းဖြိုး၏ ရှင်းပြချက်အရ သိရသည်။

**နွေနဒီ(မြစ်ငယ်)**

## တောင်ပေါ်ဒေသထွက် ရာသီစာ လိုင်ချီးသီးများ ဈေးကွက်သို့ စတင်ဝင်ရောက်

**ရေတာရှည် မေ ၂၁**
ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် တောင်ပေါ်ဒေသများမှ ထွက်ရှိသည့် ရာသီစာ လိုင်ချီးသီးများ မြို့ပြဈေးကွက်သို့ ယနေ့စတင်ရောက်ရှိလာကြောင်း သိရသည်။



ချိုချဉ်အရသာရှိသည့် လိုင်ချီးသီးများကို လက်ဆောင်ပေးရန်အတွက်လည်းကောင်း၊ မိသားစုအလိုက်စားသုံးရန်အတွက်လည်းကောင်း ဝယ်ယူလေ့ရှိကြပြီး လူစည်ကားရာနေရာ၊ ရထားဘူတာရုံ၊ ကားဂိတ်နေရာများတွင်ရောင်းချလျက်ရှိသည်။

"လိုင်ချီးသီးတွေက ခုမနက်မှ တောင်ပေါ်ကနေ ရောက်လာတာပါ၊ ပေါ်စဆိုတော့ ဈေးကောင်းတယ်။ တစ်ပိဿာကို ကျပ် ၃၀၀၀ ပါ"ဟု ဈေးရောင်းသူတစ်ဦးက ပြောသည်။

လိုင်ချီးသီးများမှာ မိုးမရွာခင်အချိန်တွင် အချဉ်အရသာပိုများပြီး မိုးရွာပြီး အသီးမှည့်ချိန်တွင် အချိုဓာတ်ပိုမိုများသည်ကိုသိရသည်။ လိုင်ချီးသီးပေါ်ချိန်တွင် တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသကို ကုန်စည်သယ်ဆောင်ခြင်းလုပ်ငန်း ဆောင်ရွက်ကြသည့် ဆိုင်ကယ်ကယ်ရီသမားများအတွက် ဝင်ငွေကောင်းမွန်ကြပြီး ၎င်းတို့အနေဖြင့် တောင်ပေါ်ဒေသများတွင် ကိုယ်တိုင်လိုက်လံဝယ်ယူခြင်း၊ တစ်ဆင့်ပြန်လည် ရောင်းချခြင်းတို့ကြောင့် စီးပွားရေးအရ တွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်**
**(ဆွာ)**



## မိုးဦးကာလရောက်ချိန်နီးလာ၍ တောင်သူများ သီးနှံစိုက်ပျိုးရန် မျိုးစေ့နှင့်မြေသြဇာများ ကြိုတင်ဝယ်ယူနေ

**ချောက် မေ ၂၁**
မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်ရှိကျေးရွာများတွင် မိုးဦးကာလရောက်ချိန်နီးလာ၍ တောင်သူများ မိုးရွာနေစဉ်စိုက်ပျိုးနိုင်ရန်အတွက် မျိုးစေ့ မြေသြဇာများအပြင် လယ်ယာလုပ်ငန်းခွင်သုံးပစ္စည်းများ ကြိုတင်စုဆောင်းဝယ်ယူလျက်ရှိကြောင်း တောင်သူများထံမှ သိရသည်။

"အခုတစ်ပတ်မှာ တောင်သူတွေ ယာမြေကို ထွန်ရေးညက်အောင်ထွန်ကြပြီး မိုးရွာရင် စိုက်ဖို့မြေယာပြုပြင်နေတယ်။ သီးနှံစိုက်ရန်အတွက် မြေပဲမျိုး၊ နှမ်းစမုံ၊ နှမ်းဖြူ၊ နှမ်းနီ၊ ပဲစင်းငုံ စတာတွေကို စုဆောင်းဝယ်ယူနေကြပါတယ်။ နှစ်စဉ်ကဆုန်လပြည့်ကျော်မှာ ရွာသွန်းတာကြောင့် ယခုနှစ်မှာ မိုးသီးနှံစိုက်ဖို့ပြင်ဆင်နေကြတယ်"ဟု ချောက်မြို့နယ် မန်းကျည်းကန်ကျေးရွာအုပ်စုနေ တောင်သူတစ်ဦးက ပြောသည်။

အထက်ပါမြို့နယ်များတွင် ယခင်နှစ်မိုးရာသီတွင်စိုက်သော မြေပဲစွန်တာနီ၊ နှမ်းစမုံနက်များမှာ ပြည်ပဝယ် လက်မှဝယ်ယူ၍ ဈေးကောင်းရသောကြောင့် ယခုနှစ်တွင်လည်း အဆိုပါသီးနှံများအဓိကထား စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်တွင် ယခင်နှစ်တွင် မိုးနှမ်းဧက ၄၃၉၇၇ ဧက၊ မိုးမြေပဲဧက ၃၆၀၉၇ ဧကအား လျာထားပြီး စိုက်ပျိုးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

**ဆန်းညွန့်**
**(ရေနံချောင်း)**

## ဈေးသူ ဈေးသားများ လက်ဆေးရန်အတွက် ပင်လည်ဘူးမြို့နယ် စည်ပင်သာယာဈေးသို့ သုံးရေများလှူဒါန်း

**ပင်လည်ဘူး မေ ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့၌ နေ့စဉ်ဖွင့်လှစ်ရောင်းချလျက်ရှိသည့် မြို့နယ်စည်ပင်သာယာဈေးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ဈေးသူ ဈေးသားများ လက်ဆေးရန်မြို့နယ်စည်ပင်သာယာဈေးအတွင်းရှိ ရေတွင်း ရေကန်များအတွင်းသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ ယနေ့ နံနက် ၈ နာရီခွဲက ရေများသွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပင်လည်ဘူးမြို့နယ်စည်ပင်သာယာဈေးတွင် ဈေးသူဈေးသားများ လက်ဆေးရန် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ လက်ဆေးဘေစင်များပြုလုပ်ထားရာ အဆိုပါလက်ဆေးဘေစင်များတွင် ရေများပြတ်လပ်မှုမရှိစေရန် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်ဖြင့် ရေဂါလန် ၁၆၀၀ ကို လှူဒါန်းခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**





# ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကြောင့် ရိုက်ခတ်လာမည့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် နိုင်ငံရေးအကျိုးဆက်များ

တက္ကသိုလ်ဟန်စိုးဦး

**နိဒါန်း**

(၂၁) ရာစုနှစ်ထဲမှာ လက်ရှိအချိန်အထိ တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်မှုအရှိဆုံးအရာဟာ ဘာလဲလို့မေးပါဆိုရင် ကိုဗစ်-၁၉ လို့ခေါ်တဲ့ ကိုရိုနာဗိုင်းရပ်စ် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါလို့ အားလုံးနီးပါးက ဖြေကြမှာ ဖြစ်ပါတယ်။ ဒီရောဂါဟာ လူကြီးလူငယ် ဆင်းရဲချမ်းသာ အယုတ်အလတ်အမြတ်မရွေး လူသားတိုင်းကို ခြောက်လှန့်မှုပြုနေသလို လူသားတွေရဲ့ နေ့စဉ်လူနေမှုဘဝမှာ လွတ်လွတ်လပ်လပ်သွားလာနိုင်ခွင့်တွေ ဆုံးရှုံးနေရပြီး အကန့်အသတ်တွေ၊ အထိန်းအကွပ်တွေ များစွာနဲ့ ရင်ဆိုင်ကြုံတွေ့နေကြရပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့မှာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက စတင်ဖြစ်ပွားခဲ့ပြီး နှစ်လ၊ သုံးလအတွင်း တစ်ကမ္ဘာလုံးကို ပြန့်ပွားသွားခဲ့ရာမှာ အခုဆိုရင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၅ နိုင်ငံမှာ ကိုဗစ်-၁၉ ကင်းစင်တဲ့ နိုင်ငံဟာ လက်ချိုးရေလို့ရတဲ့ အနေအထားမှာသာရှိပါတယ်။ ကိုဗစ်-၁၉ ကင်းစင်တဲ့နိုင်ငံတွေကို ကြည့်ရင်လည်း နိုင်ငံတကာနဲ့ ထိတွေ့ဆက်ဆံမှု အလွန်နည်းပါးတဲ့၊ ပထဝီအနေအထားအရ သီးခြားစီလိုဖြစ်နေတဲ့ နိုင်ငံငယ်လေးတွေသာဖြစ်တာကိုလည်း တွေ့ရှိနိုင်ပါတယ်။ ကိုဗစ်-၁၉ ကူးစက်ရောဂါနဲ့ပတ်သက်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံတွေရော၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေပါ ကြုံတွေ့နေရတဲ့ အခက်အခဲက ဒီကူးစက်ရောဂါဟာ အသစ်အဆန်းဖြစ်နေတဲ့အတွက် သူနဲ့ပတ်သက်တဲ့ သဘောသဘာဝ အသေးစိတ်အချက်အလက်တွေကို စတင်လေ့လာနေကြရဆဲဖြစ်သလို ကုသပျောက်ကင်းနိုင်မယ့် ဆေးဝါးကိုလည်း ရှာဖွေစမ်းသပ်နေကြဆဲ အခြေအနေမှာသာရှိနေပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံအားလုံးဟာ ဒီကူးစက်ရောဂါ ဆက်လက်ပြန့်ပွားမှု မရှိဖို့၊ ကြိုတင်ကာကွယ်တားဆီးနိုင်ဖို့ နည်းလမ်းတွေကိုသာ ပိုမိုအလေးပေး လုပ်ဆောင်နေရဆဲ ဖြစ်ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့မှာ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းကစပြီး ဖြစ်ပွားခဲ့တဲ့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါဟာ စတင်ဖြစ်ပွားခဲ့စဉ်ကတော့ တရုတ်နိုင်ငံအတွက် ကံမကောင်းအကြောင်းမလှတဲ့ ကူးစက်ရောဂါတစ်ခုအဖြစ်သာ ရှုမြင်ခဲ့ကြပေမယ့် ခရီးသွားလာမှုတွေကတစ်ဆင့် တစ်ကမ္ဘာလုံးကို ပြန့်ပွားသွားခဲ့ချိန်မှာတော့ နိုင်ငံအားလုံးအတွက် စိုးရိမ်ဖွယ်ရာအခြေအနေကို ရောက်ရှိလာခဲ့ပါတယ်။ အခုအချိန်မှာတော့ တစ်ကမ္ဘာလုံးမှာ ရောဂါပိုးအတည်ပြုတွေ့ရှိသူပေါင်း ၂ ဒသမ ၄၂ သန်းကျော်နဲ့ အသက်ဆုံးရှုံးသူပေါင်းက ၁၆၅၇၇၅ ဦး ရှိခဲ့ပြီ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကူးစက်ရောဂါဟာ အခုအချိန်အထိလည်း မြန်ဆန်တဲ့နှုန်းနဲ့ ကမ္ဘာအနှံ့ ဆက်လက်ပြန့်ပွားနေဆဲဖြစ်ပြီး တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ ကပ်ရောဂါတစ်ခု (Global pandemic) အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၁၁-၃-၂၀၂၀ ရက်နေ့ကစပြီး သတ်မှတ်ကြေညာခဲ့ပါတယ်။




ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါသည် ယခုအခါ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၅ နိုင်ငံအားလုံးနီးပါးအထိ ပျံ့နှံ့သွားခဲ့ပြီး ဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ဟာ လူအချင်းချင်းကနေ ကူးစက်ပြီး ကူးစက်ပြန့်ပွားမှုနှုန်းထားဟာလည်း အလွန်မြန်ဆန်တာကြောင့် ဗိုင်းရပ်စ်ကူးစက်ခံရတဲ့ နိုင်ငံတွေဟာ ဗိုင်းရပ်စ်မပြန့်ပွားစေရေးအတွက် နိုင်ငံတွင်းမှာ လူစုလူဝေးတွေမဖြစ်စေဖို့ ကျောင်းတွေ၊ တက္ကသိုလ်တွေ၊ လူစုလူဝေးအခမ်းအနားတွေကို ပိတ်ပင်ခဲ့ကြပြီး စက်ရုံ၊ အလုပ်ရုံတွေကိုလည်း ရပ်နားခြင်းစတဲ့ အရေးယူဆောင်ရွက်မှု (containment measures) တွေကို ဆောင်ရွက်လာခဲ့ကြရပါတယ်။ နိုင်ငံအချို့မှာဆိုရင် ညမထွက်ရ အမိန့်ထုတ်ပြန်ခြင်း၊ တစ်မြို့လုံးကို ပိတ်ပင်ထားခြင်း (lock down)၊ နိုင်ငံအလိုက် လူနှစ်ဦး (သို့) သုံးဦး (သို့) ငါးဦးထက် ပိုမစုဝေးရဆိုတဲ့ အမိန့်တွေလည်း ထုတ်ပြန်ခဲ့ကြရပါတယ်။ အလားတူ နိုင်ငံတွင်း ရောဂါပိုးသယ်ဆောင်သူတွေ ဝင်ရောက်လာမှု လျော့နည်းသွားအောင် ပြည်ဝင်ဗီဇာ စည်းမျဉ်းစည်းကမ်းချက်တွေမှာ ကန့်သတ်ချက်တွေတိုးမြှင့်တာ၊ ပြည်ဝင်ဗီဇာပိတ်ပင်တာ၊ လေကြောင်းပျံသန်းမှုခရီးစဉ်တွေ ရပ်နားတာတွေကိုလည်း ပြုလုပ်ခဲ့ကြပါတယ်။




တရုတ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားပြီးနောက် အများဆုံးဖြစ်ပွားရာဒေသများဖြစ်သည့် ဥရောပ နှင့် အမေရိကန်နိုင်ငံတို့အား ရောဂါကူးစက်မှုအခြေအနေကို တွေ့ရစဉ်။

ဒီလိုဆောင်ရွက်လိုက်ခြင်းကြောင့် ကုန်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းတွေမှာ ကုန်ကြမ်းပစ္စည်း ပြတ်လပ်မှုတွေ၊ သယ်ယူပို့ဆောင်မှုလမ်းကြောင်းတွေ ကမောက်ကမ ဖြစ်မှုတွေနဲ့ ကြုံတွေ့လာခဲ့ကြရပါတယ်။ လောင်စာဆီ စွမ်းအင်ဈေးနှုန်းတွေ ကျဆင်းလာခဲ့သော်လည်း ကမ္ဘာပေါ်မှာ ရေနံအများဆုံး ထုတ်လုပ်ဖြန့်ဖြူးနေကြတဲ့ အဓိကနိုင်ငံကြီးနှစ်နိုင်ငံက ရေနံထုတ်လုပ်မှုပမာဏကို မလျှော့ချဘဲ လက်ရှိနှုန်းထားအတိုင်း ဆက်လက်ထုတ်လုပ်သွားဖို့ ဆုံးဖြတ်ခဲ့တာကြောင့် ဈေးကွက်အတွင်းမှာ စိုးရိမ်ပူပန်မှုတွေ မြင့်မားလာမှုနဲ့အတူ တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ အခက်အခဲ အကျပ်အတည်း ကာလအတွင်းမှာ နိုင်ငံ့ခေါင်းဆောင်တွေအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်မှု အခြေအနေတွေ အပေါ်မှာလည်း သံသယဝင်လာခဲ့ကြပါတယ်။ ရောဂါပျံ့နှံ့မှုနှုန်း ဆက်လက်ဖြစ်ပွားနေတဲ့ အခုလိုအချိန်မှာ မသေချာမရေရာမှုတွေ ပိုမိုတိုးပွားများပြားလာနေပြီး ငွေကြေးဈေးကွက်အပေါ်မှာလည်း ရိုက်ခတ်မှုတွေ ရှိလာနေပါတယ်။

ကိုဗစ်-၁၉ ကူးစက်ကပ်ရောဂါကြီး ပြီးဆုံးသွားရင်တောင် နိုင်ငံတွေအကြား စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိတွေ့ဆက်ဆံမှုတွေဟာ ပုံစံအနည်းနဲ့အများ ပြောင်းလဲသွားမယ့်အနေအထားမှာ ရှိနေပါတယ်။ အထူးသဖြင့် အမေရိကန်နိုင်ငံနဲ့ တရုတ်နိုင်ငံအကြား ဖြစ်ပွားနေတဲ့ ကုန်သွယ်ရေးပဋိပက္ခနဲ့ အင်အားပြိုင်ဆိုင်မှုတွေဟာ ကိုဗစ်-၁၉ ကာလမှာ ဆက်လက်မြင့်မားနေဆဲဖြစ်တဲ့အတွက် ကူးစက်ရောဂါ ပူးပေါင်းတိုက်ဖျက်ရေးအတွက် အင်အားလျော့နည်းစေခဲ့တဲ့အပြင် ရေရှည်မှာအားပြိုင်ဆိုင်မှုတွေ ဆက်လက်မြင့်မားလာနိုင်မယ်လို့လည်း နိုင်ငံရေးလေ့လာသူတွေက သုံးသပ်ကြပါတယ်။

ဒါကြောင့် အခုဒီဆောင်းပါးမှာ ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ကမ္ဘာ့စီးပွားရေးနဲ့ ကမ္ဘာ့နိုင်ငံရေး အနေအထားအပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရှိလာနိုင်မလဲဆိုတာ လေ့လာတင်ပြသွားမှာ ဖြစ်ပါတယ်။

**စီးပွားရေးအရ အကျိုးသက်ရောက်မှုများ**

ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာရော ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာပါ စီးပွားရေးလုပ်ငန်းတွေ၊ ကုန်သွယ်ရောင်းဝယ်မှုတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ၊ ငွေကြေးကဏ္ဍတွေအပေါ်မှာ ပြင်းပြင်းထန်ထန် ရိုက်ခတ်မှုတွေကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှု (Global recession) ဖြစ်ပေါ်လာနိုင်ခြေအထိ ရှိလာခဲ့ပါတယ်။ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာ့စီးပွားရေးအပေါ်မှာ ဘယ်လောက်အတိုင်းအတာအထိ ဆက်လက်ရိုက်ခတ်လာနိုင်တယ်ဆိုတဲ့ အချက်ဟာ ဒီကူးစက်ရောဂါကို ဘယ်လောက်မြန်မြန် ထိန်းချုပ်နိုင်ကြမလဲဆိုတဲ့အချက်ရယ်၊ ဒီကူးစက်ရောဂါကြောင့် ထိခိုက်မှုခံစားကြရတဲ့ စီးပွားရေးလုပ်ငန်းတွေ၊ ပြည်သူတွေကို သက်ဆိုင်ရာနိုင်ငံအစိုးရတွေအနေနဲ့ အတိုင်းအတာ ဘယ်လောက်အထိ ကူညီပေးနိုင်တယ်ဆိုတဲ့ အချက်တွေအပေါ် အများကြီးတည်မှီနေပါတယ်။

တရုတ်နိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ရောဂါ စတင်ဖြစ်ပွားတော့ တရုတ်အစိုးရဟာ ပထမဆုံး ဝူဟန်မြို့ကို lock down ချပြီး ပြည်သူတွေဘယ်မှပေးမထွက်ဘဲ စက်ရုံ၊ အလုပ်ရုံတွေကိုလည်း အကုန်လုံးနီးပါး ရပ်နားခဲ့ရပါတယ်။ ဝူဟန်မြို့ကတစ်ဆင့် တရုတ်နိုင်ငံရဲ့ အခြားမြို့ကြီးတွေကို ကူးစက်သွားတော့လည်း အလားတူ လိုက်ပါဆောင်ရွက်ခဲ့ပါတယ်။ ကိုဗစ်-၁၉ ကူးစက်ရောဂါ မဖြစ်ပွားမီ အချိန်အထိ တရုတ်နိုင်ငံဟာ ကမ္ဘာပေါ်မှာ အကြီးမားဆုံး ကုန်ပစ္စည်းထုတ်လုပ်တဲ့နိုင်ငံ၊ တင်ပို့ရောင်းချတဲ့နိုင်ငံတစ်ခု ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် စက်ရုံ၊ အလုပ်ရုံတွေ ပိတ်သိမ်းခဲ့ရပြီးနောက် တရုတ်နိုင်ငံရဲ့ စီးပွားရေးအပေါ် သက်ရောက်မှုရှိလာတော့မယ်ဆိုတာ သိသာထင်ရှားတဲ့ အချက်ဖြစ်ပါတယ်။ ဒါပေမဲ့ လက်တွေ့မှာ တရုတ်နိုင်ငံရဲ့ စီးပွားရေးအပေါ် ကိုဗစ်-၁၉ ရဲ့အကျိုးသက်ရောက်မှုဟာ မူလခန့်မှန်းထားတာထက် အဆမတန် ပိုမိုဆိုးရွားခဲ့ပါတယ်။ ဆန်းစစ်လေ့လာချက်တွေအရ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ အရောက်မှာ တရုတ်နိုင်ငံရဲ့ ကုန်ပစ္စည်းထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍတွေဟာ အနိမ့်ဆုံးအဆင့်ကို ထိုးကျခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ ပြည်ပပို့ကုန်တင်ပို့မှုဟာ ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလအတွင်း ၁၇ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး မော်တော်ယာဉ်ရောင်းချမှုတွေဟာ စံချိန်တင် ၈၀ ရာခိုင်နှုန်းအထိ လျော့နည်းသွားခဲ့ပါတယ်။ တရုတ်အစိုးရရဲ့ တရားဝင်ထုတ်ပြန်မှုတွေအရလည်း စီးပွားရေးလုပ်ငန်းတွေဟာ ကျယ်ကျယ်ပြန့်ပြန့်ကို နှေးကွေးသွားခဲ့ကြောင်း ဖော်ပြခဲ့ကြပြီး စီးပွားရေးပညာရှင်တွေကလည်း နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းထားတွေကို ပြန်လည်ပြင်ဆင်တွက်ချက်ခဲ့ကြရပါတယ်။

ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် တရုတ်နိုင်ငံတွင်းမှာ စီးပွားရေးကျဆင်းမှုနဲ့အတူ ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှု၊ စက်ရုံ၊ အလုပ်ရုံများ ပိတ်မှုကြောင့် အလုပ်လက်မဲ့ဖြစ်မှုတွေနဲ့အတူ ပြည်တွင်းဝယ်ယူမှုတွေလည်း ကျဆင်းခဲ့ပါတယ်။ အလားတူ ကိုဗစ်-၁၉ ကူးစက်ရောဂါဟာ တရုတ်နိုင်ငံကနေ ကုန်ပစ္စည်း အများအပြားကို နှစ်စဉ်ဝယ်ယူတင်သွင်းနေတဲ့ နိုင်ငံတွေဆီကိုလည်း ပျံ့နှံ့သွားခဲ့တာကြောင့် အဆိုပါနိုင်ငံတွေဆီက ဝယ်လိုအားတွေလည်း ကျဆင်းသွားခဲ့ပါတယ်။ ဒီအခြေအနေတွေဟာ တရုတ်နိုင်ငံရဲ့ စီးပွားရေး ပြန်လည်နာလန်ထူလာရေး ကြိုးပမ်းမှုအပေါ် ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်လာခဲ့ပါတယ်။ အကောင်းဘက်ကနေ ကြည့်ပြန်ရင်လည်း တရုတ်နိုင်ငံတစ်ဝန်းမှာ စက်ရုံ၊ အလုပ်ရုံတွေ ရပ်နားထားမှု၊ မော်တော်ကား၊ ရေယာဉ်၊ လေယာဉ်တွေ လျော့နည်းပြေးဆွဲမှုတွေကြောင့် မီးခိုးငွေ့ ထုတ်လွှတ်မှုတွေ နည်းပါးသွားပြီး နိုင်ငံတွင်းမှာ လေထုညစ်ညမ်းမှုတွေ သိသိသာသာပဲ လျော့နည်းသွားခဲ့တာကိုလည်း တွေ့မြင်ကြရတယ်လို့ ဆိုပါတယ်။ ။

(ဆက်လက်ဖော်ပြပါမည်)



ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါဖြစ်ပွားချိန်တွင် လူဦးရေ ၁၁ သန်းကျော်ရှိသည့် ဝူဟန်မြို့တွင် လူသူအသွားအလာကင်းမဲ့သည့် အနေအထားကို တွေ့ရစဉ်။

## အသွားအလာကန့်သတ်ခံထားရတဲ့ ကာလအတွင်း ကလေးတွေကို သမိုင်းသင်ပေးမည့် ဒန်နီဒိုင်ယာ

ဟောလိဝုဒ်သရုပ်ဆောင်တစ်ဦးဖြစ်သူ ဒန်နီဒိုင်ယာဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် အသွားအလာကန့်သတ်ထားတဲ့ကာလအတွင်း နိုင်ငံတစ်ဝန်းမှ ကလေးငယ်တွေကို အွန်လိုင်းကနေတစ်ဆင့် ပညာသင်ကြားပေးမှုမှာ ပါဝင်မှာဖြစ်ပြီး သူဟာ သမိုင်းသင်ခန်းစာကို သင်ကြားပေးမှာဖြစ်ကြောင်း ဟာပါဘဇားဒ်ဂျာနယ်ရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒန်နီဒိုင်ယာဟာ ဟင်နရီ VIII အကြောင်းကို အသက်ငါးနှစ်မှ ခုနစ်နှစ်အတွင်းရှိတဲ့ ကလေးငယ်တွေကို သင်ကြားပေးမှာဖြစ်ပြီး သူ့ရဲ့ သင်ကြားမှုကို တိုက်ရိုက်ထုတ်လွှင့်ပေးမှာဖြစ်ကြောင်း ဘီဘီစီက ပြောကြားခဲ့ပါတယ်။

အခြားသော နာမည်ကျော် ကြယ်ပွင့်တွေလည်း အွန်လိုင်းကနေ ပညာသင်ကြားပေးမှုမှာ ပါဝင်ကြမှာဖြစ်ကြောင်း သိရပါတယ်။ ဘောလုံးကြယ်ပွင့်အဂူရိုဟာ ကလေးငယ်တွေကို စပိန်ဘာသာစကားနဲ့ပတ်သက်ပြီး သင်ကြားပေးသွားမှာပါ။ ဒါ့အပြင် သရုပ်ဆောင် အက်ဒ်ဘောစ်ကတော့ အသက် ၁၁ နှစ်မှ ၁၄ နှစ်အရွယ် ကလေးငယ်တွေကို သင်္ချာ သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။



ဆာဒေးဗစ် အဒမ်ဘိုရက်ဖ်က ပထဝီဝင်နဲ့ပတ်သက်တဲ့ သင်ခန်းစာတွေ သင်ကြားပေးမှာဖြစ်ပြီး ကမ္ဘာ့မြေပုံနဲ့ သမုဒ္ဒရာကြီးအကြောင်းတွေ သင်ကြားပေးသွားမှာပါ။ ပါမောက္ခ ကောက်ဇ်ကတော့ ရူပဗေဒပညာရပ်တွေနဲ့ပတ်သက်ပြီး ကမ္ဘာ့ဆွဲအားနဲ့ နေအဖွဲ့အစည်းအကြောင်းတွေ သင်ကြားပေးသွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

အွန်လိုင်းကနေ ပညာသင်ကြားမှုမှာ ဆရာ ၂၀၀ ကျော်ပါဝင်သွားမှာပါ။ ဒါ့အပြင် ကျော်ကြားတဲ့ ကြယ်ပွင့်တွေကလည်း ဒီအစီအစဉ်မှာ ပါဝင်ကူညီထားပြီး တေးသံရှင်လီယမ်ပိန်းနဲ့ အခြားသော ရုပ်သံတင်ဆက်သူတွေလည်းပါဝင်ထားကြောင်း သိရပါတယ်။

## သိပ္ပံဇာတ်လမ်းတွဲသစ်မှာ ပါဝင်ဖို့ရာ ဆွေးနွေးနေတဲ့ ဂွန်ရိုး



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဂွန်ရိုးဟာ မင်းသမီး ဘေဒိုနာနဲ့အတူ သိပ္ပံဇာတ်လမ်းတွဲတစ်ခုမှာ ပါဝင်သွားဖို့ရာ ဆွေးနွေးမှုတွေ ပြုလုပ်နေကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၂၁ ရက်မှာ ဒေသတွင်း မီဒီယာတစ်ခုက ဂွန်ရိုးဟာ နက်ဖလစ်ဇ်နဲ့ ပူးပေါင်းထုတ်လုပ်သွားမယ့် သိပ္ပံဇာတ်လမ်းတွဲတစ်ခုမှာ မင်းသမီး ဘေဒိုနာနဲ့အတူ ခေါင်းဆောင်တွေအဖြစ် တွဲဖက်ပါဝင်ဖို့ရာ ဆွေးနွေးမှုတွေ ပြုလုပ်နေကြောင်း သိရပါတယ်။ ယင်းဇာတ်လမ်းတွဲကိုတော့ The Sea of Silence လို့ ယာယီအမည်ပေးထားကြောင်းလည်း သိရပါတယ်။

အနုပညာသက်တမ်းတစ်လျှောက် ဇာတ်ကောင်စရိုက်များစွာမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ဂွန်ရိုးအတွက် အဆိုပါ ဇာတ်လမ်းတွဲမှာ ပါဝင်ဖြစ်မယ်ဆိုပါက နောက်ထပ်စိတ်ဝင်စားဖွယ် ဇာတ်ကောင်တစ်ခုကို ဖန်တီးခွင့်ရမှာ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းမှာ ဂွန်ရိုးပါဝင်ဖို့ရာ ဆွေးနွေးနေတဲ့ဇာတ်ကောင်ဟာ အာကာသနဲ့ လေကြောင်းစီမံခန့်ခွဲမှုဌာနမှာ တာဝန်ထမ်းဆောင်နေတဲ့ ဗိုလ်မှူးတစ်ဦး ဖြစ်ပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲရုပ်ရှင်ဟာ ၂၀၁၄ ခုနှစ်အတွင်း ဇာတ်လမ်းတိုရုပ်ရှင်ပွဲတော်တစ်ခုမှာ ထူးချွန်ဆုရရှိထားတဲ့ ရုပ်ရှင်ကို ဇာတ်လမ်းတွဲအဖြစ် ပုံဖော်သွားမှာပါ။ ဒီဇာတ်လမ်းတွဲမှာ မင်းသမီး ဘေဒိုနာလည်း ပါဝင်ဖို့ရာ လတ်တလောမှာ ဆွေးနွေးမှုတွေ ပြုလုပ်နေပြီး လာမယ့်ဩဂုတ်လအတွင်း ရိုက်ကူးရေးလုပ်ငန်းတွေကို စတင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

## ကျန်းမာရေးဝန်ထမ်းတွေအတွက် နေ့လယ်စာ လှူဒါန်းခဲ့တဲ့ ဂျိုဂျိုးနက်စ်နဲ့ ဆိုဖီယာတာနာ

ဟောလိဝုဒ်ကြယ်ပွင့် စုံတွဲတစ်တွဲဖြစ်တဲ့ ဂျိုဂျိုးနက်စ်နဲ့ ဆိုဖီယာတာနာတို့ဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေ ဖြစ်ပွားနေတဲ့ ကာလအတွင်း တိုက်ဖျက်ရေးလုပ်ငန်းတွေကို ရှေ့တန်းကနေ လုပ်ဆောင်နေကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေအတွက် လတ်တလောမှာ နေ့လယ်စာ လှူဒါန်းခဲ့ကြောင်း ဟာပါဘဇားဒ်ဂျာနယ်ရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ဂျိုဂျိုးနက်စ်နဲ့ ဆိုဖီယာတာနာတို့ဟာ ဟောလိဝုဒ်အရှေ့ပိုင်းဆေးရုံက ကျန်းမာရေးဝန်ထမ်းတွေအတွက် နေ့လယ်စာကို ဝန်ထမ်း ၁၀၀ အတွက် လှူဒါန်းခဲ့တာဖြစ်ပါတယ်။ ဒီလှူဒါန်းမှုတွေကို Fueling the Fearless အဖွဲ့နဲ့ပူးပေါင်းကာ လုပ်ဆောင်ခဲ့တာဖြစ်ပြီး ဒီအကြောင်းကို အဆိုပါအဖွဲ့ရဲ့ အင်စတာဂရမ်ပေါ်မှာ ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေ ဖြစ်ပွားနေတဲ့ ကာလအတွင်း ဟောလိဝုဒ်ကြယ်ပွင့်တွေဟာ ဗိုင်းရပ်စ် ထိန်းချုပ်၊ ကာကွယ်၊ တိုက်ဖျက်ရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေမှာ ပါဝင် ကူညီထောက်ပံ့လှူဒါန်းခဲ့ကြပါတယ်။ ဒီအထဲမှာ ဂျိုဂျိုးနက်စ်နဲ့ ဆိုဖီယာတာနာတို့ဟာ နောက်ဆုံး လှူဒါန်းခဲ့ကြတဲ့ ကြယ်ပွင့်တွေ ဖြစ်ကြကြောင်းလည်း သိရပါတယ်။

## ဆဲဂီနဲ့ အိုင်ရင်းတို့ Red Velvet ရဲ့ ပထမဆုံးသော သီးသန့်အဖွဲ့အဖြစ် လှုပ်ရှားမည်

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့ Red Velvet ရဲ့ အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ဆဲဂီနဲ့ အိုင်ရင်းတို့နှစ်ဦးဟာ ပထမဆုံးသော တေးအယ်လ်ဘမ်ကို တွဲဖက်ထုတ်လုပ်သွားမှာဖြစ်ပြီး အခြားသော အဖွဲ့ဝင်တွေမပါဘဲ သီးခြားအဖွဲ့အဖြစ် တေးအယ်လ်ဘမ်ဖန်တီးတာဟာ ဆဲဂီနဲ့အိုင်ရင်းတို့က ပထမဆုံးဖြစ်ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၂၁ ရက်မှာ ဆဲဂီနဲ့ အိုင်ရင်းတို့ တွဲဖက်ကာ တေးအယ်လ်ဘမ်သစ် ထုတ်လုပ်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာပါ။ လက်ရှိမှာတော့ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်မှုတွေ နောက်ဆုံးအဆင့် ရောက်ရှိနေပြီဖြစ်ကြောင်းလည်း သိရပါတယ်။

ဒီလို တေးအယ်လ်ဘမ်သစ် မထွက်ရှိမီမှာပင် သူတို့နှစ်ဦးဟာ ပရိုမိုးရှင်းအတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ ဗီဒီယို Be Natural နဲ့ပတ်သက်ပြီး ပရိသတ်တွေရဲ့ အာရုံကိုလည်း ဆွဲဆောင်ထားနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒီလိုအဖွဲ့ခွဲအဖြစ် တေးအယ်လ်ဘမ် ဖန်တီးထုတ်လုပ်တာဟာ Red Velvet အနေနဲ့ ၂၀၁၄ ခုနှစ်က တေးဂီတလောကအတွင်း စတင်ဝင်ရောက်ခဲ့ပြီး နောက်ပိုင်း ပထမဆုံးဖြစ်တယ်လို့လည်း သိရပါတယ်။

## ကြည့်ရှုသူ သန်း ၁၀၀ ပြည့်ခဲ့တဲ့ ITZY ရဲ့ ပထမဆုံးသော တေးဗီဒီယို WANNABE

တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ITZY ဟာ လတ်တလောမှာ အဖွဲ့ရဲ့ ဂီတခရီးမှာ မှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ပြီဖြစ်ပါတယ်။ အဖွဲ့ရဲ့ အောင်မြင်တဲ့ တေးဗီဒီယိုတစ်ခုဖြစ်တဲ့ WANNABE ဟာ လတ်တလောမှာ ကြည့်ရှုသူ သန်း ၁၀၀ ပြည့်ခဲ့ပြီဖြစ်ကာ ဒီလို မှတ်တိုင်သစ်ကို စိုက်ထူနိုင်တာဟာ ITZY အတွက်တော့ ပထမဆုံးဖြစ်ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ တေးဗီဒီယိုဟာ ITZY ရဲ့ နောက်ဆုံးတေးအယ်လ်ဘမ် IT'z ME မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး ပြီးခဲ့တဲ့ မတ် ၉ ရက်က စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ အဆိုပါတေးဗီဒီယိုဟာ မေ ၂၁ ရက်မှာ ကြည့်ရှုသူ သန်း ၁၀၀ ပြည့်ခဲ့တာကြောင့် စတင်ထုတ်လွှင့်ခဲ့သည်မှ တစ်လကျော်ကြာကာလအတွင်း ကြည့်ရှုသူ သန်း ၁၀၀ ပြည့်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။



## ကီယန်းနဲ့ ဘိုနာတို့ ချစ်သူတွေမဟုတ်ကြောင်း အေဂျင်စီငြင်းဆို



တောင်ကိုရီးယားပေါ့ပ်ကြယ်ပွင့်တွေ ဖြစ်ကြတဲ့ ကီယန်းနဲ့ ဘိုနာတို့ဟာ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ လတ်တလောမှာ ပေါ်ထွက်လာခဲ့ပြီး အဆိုပါ သတင်းတွေ မှန်ကန်မှုမရှိကြောင်း အေဂျင်စီဘက်က ငြင်းဆိုခဲ့တယ်လို့ ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အေဂျင်စီတစ်ခုတည်းအောက်မှာ လှုပ်ရှားနေကြတဲ့ အမျိုးသားတေးဂီတအဖွဲ့ MONSTA X ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကီယန်းနဲ့ အမျိုးသမီးတေးဂီတအဖွဲ့ Cosmic Girl ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဘိုနာတို့ ချစ်သူတွေဖြစ်နေကြတာဟာ ငါးနှစ်ခန့်ကြာခဲ့ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပါတယ်။ ဒီသတင်းတွေဟာ စတားရှစ်အင်တာတိန်းမန့်က မှန်ကန်မှုမရှိကြောင်း ငြင်းဆိုခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

စတားရှစ်အင်တာတိန်းမန့်က ကီယန်းနဲ့ ဘိုနာတို့ဟာ အေဂျင်စီတစ်ခုတည်းအောက်မှာ အနုပညာလှုပ်ရှားမှုတွေ လုပ်ဆောင်နေကြတဲ့ ရင်းနှီးတဲ့ မိတ်ဆွေတွေသာ ဖြစ်ကြောင်း၊ သူတို့နှစ်ဦးချစ်သူတွေဖြစ်နေကြတာ ငါးနှစ်ခန့်ကြာပြီဖြစ်ကာ အားလပ်ရက်ခရီးကိုလည်း အတူထွက်ခဲ့ကြကြောင်း ဖော်ပြခဲ့တဲ့ သတင်းတွေဟာ အခြေအမြစ်မရှိတဲ့ သတင်းတွေသာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။

သူတို့နှစ်ဦးချစ်သူတွေဖြစ်နေကြောင်း ရေးသားဖော်ပြခဲ့တဲ့ ချိုဆန်စပို့ထ်ကလည်း နောက်ပိုင်းမှာ ကြယ်ပွင့်နှစ်ဦးဟာ သူငယ်ချင်းတွေနဲ့အတူ အပြင်ထွက်လည်ကြတာဖြစ်နိုင်ကြောင်းနဲ့ သူငယ်ချင်းတွေနဲ့ ဂျယ်ဂျူကျွန်းကို အလည်အပတ်ထွက်ခဲ့ကြတာလည်း ဖြစ်နိုင်ကြောင်း ပြန်လည်ပြင်ဆင်ရေးသားဖော်ပြခဲ့တယ်လို့ သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

# ဘွန်ဒက်လီဂါပြိုင်ပွဲကို မေ ၉ ရက်တွင် စတင်နိုင်ရန်စီစဉ်နေ

ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်တွေကို မေ ၉ ရက်မှာ စတင်နိုင်ဖို့နဲ့ တံခါးပိတ်ကျင်းပဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

ဥရောပတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှု စတင်ချိန်ကစလို့ ဘောလုံးပြိုင်ပွဲတွေကို ရပ်နားထားခဲ့တာဖြစ်ပြီး အဲဒီလို ရပ်နားထားစဉ်မှာ ဘွန်ဒက်လီဂါ အမှတ်ပေးဇယားမှာ ဘိုင်ယန်မြူးနစ်အသင်းက ဒေါ့မွန်အသင်းကို လေးမှတ်ဖြတ်ကာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နိုင် ခဲ့တာ ဖြစ်ပါတယ်။ အမှတ်ပေးဇယား တတိယနေရာမှာတော့ လိုက်ဇစ်အသင်းက ရပ်တည်နေတာ ဖြစ်ပါတယ်။

လက်ရှိမှာတော့ ဘွန်ဒက်လီဂါအသင်းတွေဟာ အုပ်စုငယ်လေးတွေခွဲပြီး လေ့ကျင့်ရေးပြန်ဆင်းနေပြီဖြစ်လို့ ဘွန်ဒက်လီဂါ ပြိုင်ပွဲကို ပြန်လည်စတင်မယ်ဆိုရင် အသင်းအတော်များများက ယှဉ်ပြိုင်ဖို့ အသင့်အနေအထားရှိနေခဲ့တာလည်း ဖြစ်ပါတယ်။ ဘွန်ဒက်လီဂါ ကလပ်အသင်းတွေကတော့ ပြိုင်ပွဲကို ဇွန် ၃၀ ရက်မှာ ပြီးဆုံးနိုင်ဖို့လည်း မျှော်လင့်ထားကြတာ ဖြစ်ပါတယ်။

လက်ရှိအမှတ်ပေးဇယားမှာ ဘိုင်ယန်မြူးနစ်အသင်းက ထိပ်ဆုံးကနေ ဦးဆောင်နေပေမယ့် ပြိုင်ပွဲတွေ ပြန်လည်စတင်ချိန်မှာ ဒေါ့မွန်အသင်းက ရလဒ်ကောင်းပြီး ဘွန်ဒက်လီဂါချန်ပီယံဖြစ်မယ်လို့ ဒေါ့မွန်အသင်းကွင်းလယ်ကစားသမား အမ်မရီကန်က မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ဒေါ့မွန်အသင်းဟာ လက်ကျန်ပွဲစဉ်တွေထဲမှာ အမှတ်ပေးဇယားထိပ်ဆုံးက ဦးဆောင်နေတဲ့ ဘိုင်ယန်မြူးနစ်အသင်း၊ လိုက်ဇစ်အသင်းတို့နဲ့ ထိပ်တိုက်ရင်ဆိုင်ရဖို့လည်း ရှိနေသေးတာ ဖြစ်ပါတယ်။ ■



# အင်္ဂလန်ကစားသမား သုံးဦးကိုခေါ်ယူဖို့ မန်ယူအား အလန်ရှီးယား တိုက်တွန်း

နွေရာသီ စျေးကွက်အတွင်းမှာ မန်ယူအသင်း ခေါ်ယူဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်နေတဲ့ အင်္ဂလန်ကစားသမား သုံးဦးကို နွေရာသီ စျေးကွက်ဖွင့်ချိန်မှာ အရောက်ခေါ်ယူသွားဖို့ အလန်ရှီးယားက မန်ယူအသင်းကို တိုက်တွန်းထားပါတယ်။

မန်ယူအသင်းအနေနဲ့ ဒေါ့မွန် တောင်ပံကစားသမား ဂျာဒန်ဆန်ချို၊ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းနဲ့ အက်စ်တွန်ဗီလာ ကွင်းလယ်ကစားသမား ဂျက်ဂရီယယ်လစ်ရှ်တို့ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပြီး အဲဒီ ကစားသမား သုံးဦးစလုံးဟာလည်း လက်ရှိအသင်းတွေ၌ အနာဂတ်မှာဆက်ရှိဖို့ မသေမချာ ဖြစ်နေတာလည်း ဖြစ်ပါတယ်။

ဟယ်ရီကိန်းနဲ့ ဂျက်ဂရီယယ်လစ်ရှ်တို့ဟာ စပါးအသင်းနဲ့ အက်စ်တွန်ဗီလာအသင်းတို့မှာ ဆက်နေဖို့ ဆန္ဒမရှိတဲ့အပြင် ဂျာဒန်ဆန်ချိုကလည်း ဒေါ့မွန်အသင်းကနေ အင်္ဂလန်ကို ပြောင်းရွှေ့လာဖို့ စိတ်အားထက်သန်နေတာ ဖြစ်ပါတယ်။



မန်ယူအသင်းနည်းပြ ဆိုးရှားက လက်ရှိဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဘဏ္ဍာရေး အခက်အခဲတွေ ဖြစ်လာနိုင်တယ်လို့ ပြောကြားထားပေမယ့် ဘလက်ဘန်းအသင်းနဲ့ နယူးကာဆယ်အသင်းတို့ရဲ့ တိုက်စစ်မှူးဟောင်း အလန်ရှီးယားကတော့ လက်ရှိပစ်မှတ်ထားနေတဲ့ ကစားသမားသုံးဦးစလုံးကို မန်ယူအသင်းအနေနဲ့ ခေါ်ယူသင့်တယ်လို့ တိုက်တွန်းထားတာဖြစ်ပါတယ်။ ဒါ့ပြင် မန်ယူအသင်းအနေနဲ့ ထိပ်ဆုံးကို ပြန်လည်ရောက်ချင်တယ်ဆိုရင် ကစားသမား ခေါ်ယူမှုမှာ ငွေကြေး သုံးစွဲသွားဖို့လည်း အလန်ရှီးယားက ပြောကြားထားတာဖြစ်ပါတယ်။

**ငွေကြယ် ရေးသားသည်**

# ဒေးဗစ်ဒန်းနှင့် ဒွေးကိုကိုချစ်ကို သက်တမ်းတိုးရန် ရှမ်းယူနိုက်တက်အသင်း ညှိနှိုင်းနေ

MNL အမှတ်ပေးပြိုင်ပွဲ၏ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် မေလတွင် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည့် ညာနောက်ခံလူ ဒေးဗစ်ဒန်းနှင့် တိုက်စစ်မှူး ဒွေးကိုကိုချစ်တို့ကို သက်တမ်းတိုးရန် ကြိုးပမ်းလျက်ရှိသည်။

ရှမ်းယူနိုက်တက် အသင်းသည် ဒေးဗစ်ဒန်းနှင့် ဒွေးကိုကိုချစ်ကို သက်တမ်းတိုးရန် အပြင် ၂၀၀၉ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ကာလရှည်ကစားခဲ့ဖူးသည့် ဝါရင့်နောက်ခံလူ ဝင်းမင်းထွဋ်ကို ပြန်လည်ခေါ်ယူရန်လည်း ကြိုးပမ်းလျက်ရှိသည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် လက်ရွေးစင်အဆင့် ပြည်တွင်း ကစားသမားများကို လက်လွှတ်ဆုံးရှုံးခဲ့ရသောကြောင့် ယင်းကစားသမားများကို အသင်း၌ ဆက်ရှိနေရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ ရာသီမစမီ ဆွမ်လမန်နှင့် ထိုက်ထိုက်အောင်၊ ပြီးခဲ့သည့်ရက်ပိုင်းက ရန်နိုင်ဦးတို့ကို လက်လွှတ်ခဲ့ရသောကြောင့် ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီအတွက် လိုအပ်သည့်အင်အားဖြည့်တင်းမှုများ ပြုလုပ်နေခြင်းဖြစ်သည်။

ဒေးဗစ်ဒန်းသည် ၂၀၁၈ ရာသီဝက်တွင် ရန်ကုန်အသင်းမှ ပြောင်းရွှေ့လာသူဖြစ်ပြီး အဓိကကစားသမားအဖြစ် ပါဝင်ကစားနေသလို နှစ်နှစ်တာကာလအတွင်း ခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။ ဒေးဗစ်ဒန်းသည် ၂၀၁၉ ရာသီတွင် ရှမ်းယူနိုက်တက်အသင်းနှင့်အတူ အမှတ်ပေးချန်ပီယံဆု ရရှိခဲ့သူဖြစ်သည်။ ဒွေးကိုကိုချစ်သည် ၂၀၁၇ ရာသီဝက်တွင် ရခိုင်အသင်းမှ ပြောင်းရွှေ့လာသူဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်း အောင်မြင်မှုရသည့် ၂၀၁၇ ရာသီနှင့် ၂၀၁၉ ရာသီ နှစ်ရာသီစလုံးတွင် ပါဝင်ခဲ့သူဖြစ်သည်။ ဒွေးကိုကိုချစ်သည် ရှမ်းယူနိုက်တက်အသင်းနှင့်အတူ အမှတ်ပေးချန်ပီယံဆု နှစ်ကြိမ်၊ ရှုံးထွက်ချန်ပီယံဆု တစ်ကြိမ် ရရှိထားသည်။

**ရှိုင်းထက်ဇော်**

## အမှတ်တံဆိပ်နှင့် အမည်စာတမ်းအမှတ်အသား မူပိုင်ဖြစ်ကြောင်း အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်းနှင့် ဝါးတန်းလမ်းထောင့်၊ အမှတ်(၂၉၈)တွင် တည်ရှိသော အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်(SMALL & MEDIUM ENTERPRISES DEVELOPMENT BANK)သည် ယခင် အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်(SMALL & MEDIUM INDUSTRIAL DEVELOPMENT BANK)အမည်ဖြင့် ဖော်ပြပါအမှတ်တံဆိပ် (Logo)အား စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (စာချုပ်အမှတ် –၄/၂၂၈၈/၂၀၁၈)ဖြင့် မှတ်ပုံတင် တင်ထားရှိခဲ့ပြီးဖြစ်ပါသည်။ ယခုအခါတွင် အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အမည်အား အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် အမည်အဖြစ် ပြောင်းလဲအသုံးပြုရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏၂၁–၈–၂၀၁၉ရက်နေ့၊ ရက်စွဲပါ စာအမှတ်၊မဗဘ/MB/FIR/ ဘဏ်စိစစ်/ထွေ(၄၆၅/၂၀၁၉)ဖြင့် ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်ပါသည်။

SME- Development Bank
Dependable Financial Partner
အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်

၂။ အထက်တွင်ဖော်ပြထားသည့် အမှတ်တံဆိပ်အမည်စာတမ်းအမှတ်အသားဖြင့် မိမိတို့ဘဏ်က လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်သော ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်၊ ငွေပေးချေမှုစနစ်တွင် အသုံးပြုရန်၊ ဘဏ်ကတ်များဖြင့်ချိတ်ဆက်အသုံးပြုရန်၊ ငွေရေးကြေးရေးလုပ်ငန်းပေးချေမှုအရပ်ရပ်အား ဝန်ဆောင်မှုပေးရန်၊ နိုင်ငံတကာကွန်ရက်တွင် ချိတ်ဆက်အသုံးပြုရန်၊ ဘဏ်လုပ်ငန်းနှင့်ပတ်သက်သော ဝန်ဆောင်မှုလုပ်ငန်းများအားလုံး၊ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများအားလုံး၊အင်တာနက်ဘဏ် ဝန်ဆောင်မှုလုပ်ငန်းနှင့်ယင်းလုပ်ငန်းနှင့် ဆက်စပ်သောဝန်ဆောင်မှုလုပ်ငန်းများတွင်အသုံးပြုမည့် ဘဏ်ကတ်များ၊ လုပ်ငန်းသုံးငွေသွင်းငွေထုတ်စက်များ၊ ငွေပေးချေသောစနစ်သုံးစက်ပစ္စည်းကိရိယာအမျိုးမျိုး၊ အီလက်ထရွန်နစ်စက်အမျိုးမျိုး၊ လုပ်ငန်းနှင့်ဆက်စပ်သောကုန်ပစ္စည်းများ၊ စျေးကွက်ရှာဖွေခြင်းလုပ်ငန်းများတို့တွင်အသုံးပြုမည်ဖြစ်ပါသည်။ထို့ပြင် ယင်းလုပ်ငန်းများ တွင်အသုံးပြုမည့်ပစ္စည်းကိရိယာများအိတ်မျိုးစုံ၊အဝတ်အထည်များ၊ဦးထုပ်များ၊ လူ့အသုံးအဆောင်ပစ္စည်းများ၊ ရင်ထိုး၊ကပ်ခွာတံဆိပ်၊ စာအုပ်၊ မဂ္ဂဇင်း၊ ပို့စကပ်၊ ပြက္ခဒိန်၊ အလံ၊ ရုံးသုံးစာရွက်စာတမ်းများ၊အမှတ်တရလက်ဆောင်ပစ္စည်းများ၊ အထိမ်းအမှတ်ပစ္စည်းများ စသည့် ပစ္စည်းအမျိုးမျိုးတို့တွင်လည်းကောင်း၊ ဆိုင်းဘုတ်အမျိုးမျိုး၊ တိုက်နံရံဆိုင်းဘုတ်၊ ဘလောက်တံဆိပ်တုံး၊ ပြေစာဖြတ်ပိုင်းများ၊Letter Headများ၊သတင်းစာကြော်ငြာ၊ ရုပ်ရှင်ဆလိုက်ကြော်ငြာ၊ လက်ကမ်းစာစောင်၊စာစောင်များ၊ ဂျာနယ်၊ မဂ္ဂဇင်းအမျိုးမျိုးတို့တွင်လည်းကောင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ဗွီဒီယို၊ ဗွီစီဒီ၊ဒီဗွီဒီ၊ အင်တာနက်နှင့်အခြားလူထုဆက်သွယ်ရေးယန္တရားများတွင်လည်းကောင်း၊LEDမီးလုံးဖြင့်လည်းကောင်း၊ Vinylဖြင့်လည်းကောင်း၊ Printed Mediaဖြင့်လည်းကောင်း၊ ဆက်သွယ်ရေးမီဒီယာဖြင့်လည်းကောင်း၊ အင်တာနက်ဝက်ဆိုက်များ၊ အင်တာနက်စာမျက်နှာများ၊ (Webpage) များ၊လူမှုကွန်ရက် (Social Network)များ၊ Online Bank Marketing System အစရှိသော အင်တာနက် မီဒီယာများနှင့်မိုဘိုင်းဖုန်းအမျိုးမျိုးတို့တွင် အသုံးပြုနိုင်သော Applicationများ၊ Softwareများ အစရှိသောDigitalမီဒီယာလုပ်ငန်းအမျိုးမျိုးတို့တွင်ထည့်သွင်းအသုံးပြုကြေညာ၍ မိမိဘဏ်၏ မူပိုင်အမှတ်တံဆိပ် အမည်စာတမ်းအမှတ်အသားဖြင့် အရွယ်အစားအမျိုးမျိုး၊အရောင်အမျိုးမျိုးဖြင့် သုံးစွဲသွားမည်ဖြစ်ပါသည်။

ထို့ပြင် မိမိတို့ဘဏ်နှင့်ပတ်သက်သော ပစ္စည်းအားလုံးတို့တွင် ဘဏ်၏ မူပိုင်အမှတ်တံဆိပ်အမည်စာတမ်းအမှတ်အသားဖြင့် ရိုက်နှိပ်၍လည်းကောင်း၊ ကပ်နှိပ်၍လည်းကောင်း၊ ဖိနှိပ်၍လည်းကောင်း သုံးစွဲသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအမှတ်တံဆိပ်အမည်စာတမ်းအမှတ်အသားကို မိမိတို့ဘဏ်မှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ ဆင်တူယိုးမှားသော်လည်းကောင်း၊ ပုံတူထင်ယောင်ထင်မှားသော်လည်းကောင်း၊အတိအလင်းဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြစ်စေ၊ သံတူကြောင်းကွဲဖြစ်စေ၊ တုပသုံးစွဲအသုံးပြုပါကဥပဒေနှင့်အညီ တရားစွဲဆို အရေးယူခြင်းခံရမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်**
**အမှတ်(၂၉၈)၊ အနော်ရထာလမ်းနှင့် ဝါးတန်းလမ်းထောင့်၊ (၂)ရပ်ကွက်**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၁–၂၃၀၂၄၁၈၊ ၀၁–၂၃၀၂၃၃၇**

## Royal Golden Owls Company Limited၏(rgo47)အမည်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ စျေးရောင်းချခြင်းအပေါ် မသမာသူများမှ ကုမ္ပဏီ၏အမည်ကို အလွဲသုံးစားပြုလုပ်ကာ ငွေလိမ်လည်ရယူခြင်းများ ပြုလုပ်နေခြင်းကိစ္စနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း၊ (၅)မိုင်ခွဲ၊ အမှတ်(၁/အေ)တွင် ကုမ္ပဏီတည်ထောင်ဖွင့်လှစ်ထားသော Royal Golden Owls Company Limited (**rgo47**)ကုမ္ပဏီ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ Royal Golden Owls Co.,Ltd သည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော တရားဝင်ကုမ္ပဏီဖြစ်ပြီး ကုမ္ပဏီသည်(**rgo47**)အမည်ဖြင့် ကုန်အမှတ်တံဆိပ်ကို ကုမ္ပဏီများမှတ်ပုံတင်ရုံးတွင် ၂၀၁၃ခုနှစ်မှစ၍ တရားဝင်မှတ်ပုံတင်ထားပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လူမှုကွန်ရက်အွန်လိုင်းမှတစ်ဆင့် ကြော်ငြာပြီး လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ယုံကြည်စိတ်ချရသောဝန်ဆောင်မှု၊ သက်သာသောစျေးနှုန်းဖြင့် ကုန်ပစ္စည်းမျိုးစုံကို တိကျမှန်ကန်သောပို့ဆောင်မှု၊ လွယ်ကူသော ငွေပေးချေမှုစနစ်များဖြင့် ဝယ်ယူသူများထံသို့ တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးခဲ့ရာ ယခုအချိန်တွင် ကောင်းသတင်းဖြင့် အောင်မြင်လျက်ရှိနေသည်ကို လူပုဂ္ဂိုလ်အချို့သည် ကျွန်ုပ်မိတ်ဆွေ၏ (**rgo47**)Page ကြော်ငြာအမည်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အလွဲသုံးစားပြုလုပ်ကာ တုပသုံးစွဲလျက် ငွေကြေးလိမ်လည်မှုများ ပြုလုပ်နေကြကြောင်း ဝယ်ယူသူများ၏ ဖုန်းဖြင့်ဆက်သွယ်ပြောကြားခြင်း၊ ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် လိမ်လည်တုပပြုလုပ်ထားမှု သက်သေခံအထောက်အထားများကို ကုမ္ပဏီမှ ယခုအခါ မြင်တွေ့ကြားသိလာရပါသည်။

Royal Golden Owls Co.,Ltd ၏ကုန်အမှတ်တံဆိပ်ဖြစ်သော(**rgo47**)page ဖြင့် လူသုံးကုန်ပစ္စည်းမျိုးစုံအား ရောင်းချခဲ့ရာတွင် ကုမ္ပဏီပိုင် ဘဏ်ငွေစာရင်းအကောင့်များဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖွင့်လှစ်ထားသော ဘဏ်များအားလုံးတွင် Royal Golden Owls Co.,Ltd အကောင့်ဖြင့် ငွေလွှဲအပ်၍ ကုန်ပစ္စည်းများ ရောင်းချခြင်းရှိသကဲ့သို့ ရန်ကုန်မြို့တွင်းသို့ ကုမ္ပဏီမှ ပစ္စည်းများရောင်းချပါက အိမ်အရောက်ငွေရှင်းစနစ်ဖြင့်လည်းကောင်း၊ ဝေးလံသောဒေသများသို့ ကုန်ပစ္စည်းများ ပေးပို့ရောင်းချရာတွင် **Mobile Banking** ငွေကြိုလွှဲစနစ်ဖြင့်လည်းကောင်း ရောင်းချနေပါသည်။ ဝယ်ယူသူများမှ ကုန်ပစ္စည်းများကို ဝယ်ယူရာတွင် ငွေကြိုတင်လွှဲ၍ ပေးပို့ခြင်းမပြုမီ ကုမ္ပဏီ၏ဖုန်းနံပါတ်ဖြစ်သော(**09–779999947**)သို့ ကြိုတင်ဖုန်းဆက်ပြီး ငွေလွှဲရမည့်အကောင့်ကို စုံစမ်းမေးမြန်းပြီးမှသာ ကုမ္ပဏီသို့ ငွေလွှဲကြရန် သတိပေးအပ်ပါသည်။ (**rgo47**)အနေဖြင့် ငွေကြိုလွှဲရာတွင် လူပုဂ္ဂိုလ်နာမည်ဖော်ပြပြီး အင်တာနက်နှင့် ဖုန်းမှငွေကြိုတင်လွှဲပေးရန် တောင်းခံခြင်း၊ လူပုဂ္ဂိုလ်နာမည်ဖော်ပြပြီး ဘဏ်ငွေစာရင်းအကောင့်များပေးပို့၍ ငွေလွှဲရန်တောင်းဆိုခြင်းကိစ္စများကို ကုမ္ပဏီမှ မည်သည့်ဝန်ထမ်းတစ်ဦးတစ်ယောက်ကိုမျှ တာဝန်ပေးခိုင်းစေမှုမရှိပါကြောင်းနှင့် ကုမ္ပဏီအနေဖြင့် ကုန်ပစ္စည်းများကို ရောင်းချရာတွင် ကုမ္ပဏီပိုင်ဘဏ်စာရင်းများနှင့် ကုမ္ပဏီ၏ ဖုန်းနံပါတ်ဖြင့်ဖွင့်လှစ်ထားသော **Mobile Money** များထဲသို့ ကြိုတင်ငွေပေးချေ၍ ရောင်းချသောစနစ်နှင့် ရောင်းချသည့်ကုန်ပစ္စည်းများ ဝယ်ယူသူများလက်ဝယ်သို့ ရောက်ရှိမှ လာရောက်ပို့ဆောင်ပေးသူ ကုမ္ပဏီ၏ဝန်ထမ်းထံသို့ တိုက်ရိုက်ငွေပေးချေရသည့် စနစ်များဖြင့်သာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း အများပြည်သူသိရှိစေရန် အသိပေးအပ်ပါသည်။

ယခုအခါ မသမာသူများမှ **rgo47** page ကို ဆင်တူယိုးမှား page အတုပြုလုပ်ပြီး ခိုးယူသုံးစွဲ၍ ကုန်ပစ္စည်းများ ရောင်းချခြင်းများကို ပြုလုပ်လျက်ရှိသဖြင့်လည်းကောင်း၊ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ငွေကြေးလိမ်လည်မှုများ ပြုလုပ်လျက်ရှိသဖြင့် လည်းကောင်း၊ ကုန်ပစ္စည်းများမှာယူသည့်customerများထံသို့ မှာယူပစ္စည်းများအား အမှန်တစ်ကယ်ပေးပို့ခြင်းမရှိဘဲ ငွေလိမ်လည်ရယူခြင်းတို့ကို ပြုလုပ်လျက်ရှိနေပါသဖြင့် ကုမ္ပဏီ၏ကောင်းသောဂုဏ်သတင်းကို ညှိုးနွမ်းမှုဖြစ်ပေါ်နေပါသည်။ ထိုသို့ပြုလုပ်နေသူများကို ကုမ္ပဏီမှ ဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ်ပြီး ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(က)၊ ၆၆(ဂ)၊ ၆၆(ဃ)တို့ဖြင့် တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

**rgo47 facebook** page ကိုကြည့်ပြီး ဝယ်ယူအားပေးကြသော customer များအနေဖြင့် ငွေကြေးလိမ်လည်ခံရမှုများ မကြာခဏဖြစ်ပေါ်နေ၍ ကုမ္ပဏီအနေဖြင့် ထိုသို့ ထိခိုက်နစ်နာမှုများမဖြစ်စေရန် ဝယ်ယူအားပေးကြသော မိတ်ဟောင်းမိတ်သစ်များအနေဖြင့် လိမ်လည်ခြင်းမခံရစေရန် မေတ္တာစေတနာထား၍ သိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်တင်တင်ထွေး**
**LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၀၁၀)**
**အမှတ် (၅၀)၊ ပထမထပ်၊ အခန်း(အီး–၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–09–773363570, 09–955199515**

## သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်သောင်း**

**အသက်(၇၃)နှစ်**

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဦးမြင့်သောင်း(စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး)သည် ၂၀-၄-၂၀၂၀ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်အနိစ္စရောက်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဂေါပကအဖွဲ့
ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်သောင်း**

**အသက်(၇၃)နှစ်**

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး**

**"နာယက-မြန်မာနိုင်ငံစီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဝန်ထမ်းဟောင်းများအသင်း"**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၉)၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း(ရန်ကုန်တိုင်းဒေသကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး)သည် ၂၀-၄-၂၀၂၀ ရက်(တနင်္လာနေ့)ည ၇:၅၈နာရီတွင် Grand Hanther International Hospital တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ နှမြောဝမ်းနည်းကြေကွဲရပါကြောင်း၊ ဆရာဦးမြင့်သောင်း ကောင်းရာသုဂတိသို့ လားပါစေ...

မြန်မာနိုင်ငံစီမံကိန်းရေးဆွဲရေးဦးစီးဌာန
ဝန်ထမ်းဟောင်းများအသင်း(MFPDSA)

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်သောင်း**

**အသက်(၇၃)နှစ်**

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၉)၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း (တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး) အသက်(၇၃)နှစ်သည် ၂၀-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနနှင့်**
**ဝန်ထမ်းမိသားစုများ**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်-၂၅၅/၂၅၇ နေ ဒေါ်ဝေဝေဦး[၁၂/ဗတထ(နိုင်)၀၀၈၇၆၉]ကိုင်ဆောင်သူနှင့် ဒေါ်ရွှေယင်းမာ [၁၂/အလန(နိုင်)၀၂၁၉၇၁] ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်း၊ အမှတ်(၂၄)ဟုခေါ်တွင်သော မြေစာရင်းဌာနအခေါ်အားဖြင့် မြို့မြေတိုင်းရပ်ကွက်အမှတ်-၂/ဘီ၊ မြေကွက်အမှတ်-၄၉၄/A၅၊ ဧရိယာ(၁.၂၀၈) ဧကရှိ မြေပိုင်မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရောက်ပေးအပ်စေသည့် ဒီကရီရထိုက်ကြောင်း အဆိုပြု၍ ဦးစိုးသန်းပါ-၅ က ဒေါ်ဥမ္မာထွန်းပါ-၄ ဦးအပေါ် ၂၀၁၃ ခုနှစ်မှစ၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌ တရားစွဲဆိုခဲ့ပါသည်။ တရားမကြီးမှုအမှတ်မှာ-၅၄၃/၂၀၁၃ ဖြစ်ပါသည်။

အဆိုပါ တရားမကြီးမှုတွင် ကျွန်ုပ်တို့၏အမှုသည် ဒေါ်လှမြင့်သည် အမှတ်(၄)တရားပြိုင်အဖြစ်ပါဝင်ခဲ့ပါသည်။ ယင်းအမှုတွင် တရားလိုများသည် မည်သည့်သက်သာခွင့်ကိုမျှ မရထိုက်ကြောင်း သုံးသပ်၍ အမှုကို တရားရုံးမှ စားရိတ်နှင့်တကွ ပလပ်ခဲ့ပါသည်။

ယခုအခါ ကျွန်ုပ်တို့၏အမှုသည် ဒေါ်လှမြင့်သည် ၉၆ ပါးရောဂါဖြင့် ၁၄-၄-၂၀၂၀ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ဒေါ်လှမြင့် မကွယ်လွန်မီက ကိတ္တိမသမီးများအဖြစ် ဒေါ်ဝေဝေဦးနှင့် ဒေါ်ရွှေယင်းမာတို့ကို တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် မွေးစားခဲ့ပါကြောင်းနှင့် အထက်ပါမြေကွက်နှင့်ပတ်သက်၍ မွေးစားသမီးများမှ စီမံခန့်ခွဲရေးကိစ္စ၊ တရားရုံးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်တင်တင်ဆွေ(စဉ်-၁၁၁၁၅)** | **ဒေါ်သဇင်နွယ်(စဉ်-၁၀၈၆၃)** | **ဒေါ်ဝင်းသီရိဇော်(စဉ်-၁၅၂၅၈)** |
| **LL.B,DBL,DIL** | **LL.B** | **LL.B** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၆၃၊ ၃၇-လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၉၅၄၂၇**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်သောင်း**

**အသက်(၇၃)နှစ်**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး**

**ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်-၉၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း (ရန်ကုန်တိုင်းဒေသကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး) အသက်(၇၃)နှစ်သည် ၂၀-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊**
**ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်**
**လွှတ်တော်ရုံးဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်သောင်း**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး**

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ အမှတ်(၉)၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း (တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး)သည် ၂၀-၄-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**အကောက်ခွန်ဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)အသင်းအမှုဆောင် ဦးနေဝင်း၏ဇနီး ဒေါ်စန်းစန်းဝင်း(မြန်အောင်)သည် ၂၀-၄-၂၀၂၀ ရက် ၁၃:၄၆ နာရီတွင် ကွယ်လွန်သွားပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)မှ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)**

---

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

**တင်ဒါဖွင့်ဖောက်မည့်ရက်အား ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာခြင်း**

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ စက်ရုံများတွင် အသုံးပြုရန် လိုအပ်သော Power Cable များဝယ်ယူရန်အတွက် တင်ဒါအမှတ် 51(LPT) Power Cable/MPE/2019-2020 ဖြင့် တင်ဒါခေါ်ယူခဲ့ပြီး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် ၂၄-၄-၂၀၂၀ ရက်၌ တင်ဒါဖွင့်ဖောက်ရမည်ဖြစ်ပါသည်။ ယခုဖြစ်ပွားလျက်ရှိသော Coronavirus Disease 2019 (COVID-19) ကာကွယ်ထိန်းချုပ်ရေး အခြေအနေများအရ တင်ဒါဖွင့်ဖောက်နိုင်ခြင်းမရှိပါကြောင်းနှင့် တင်ဒါဖွင့်ဖောက်နိုင်မည့်ရက်အား ကြိုတင်အသိပေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၀၈**

---

**"၃.၄.၂၀၂၀ ရက်စွဲပါ ကြေးမုံသတင်းစာတွင် ဒေါ်ဟန်စုယဉ် (၈/ရနခ(နိုင်)၁၃၀၁၇၅)၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးဝင်းဇော်အောင်(ဥပဒေဘွဲ့၊ စဉ်-၁၆၄၃၀) တို့၏ အများသိစေရန်ဟု ကြေညာချက်အား အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း"**

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သီရိမော်၊ ဦးခွန်သီဟန်ထက်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်သီရိမော် နှင့် ဒေါ်ဟန်စုယဉ်တို့သည် ပိုးထည်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ရာမှ ခေါက်ပြန်ကြေးဖြင့် အထည်ယူ ငွေပြန်ပေးဆပ်သည်ကို လူကြီးမင်းအသိပင်ဖြစ်ပါသည်။ လူကြီးမင်းနှင့် ကျွန်ုပ်မိတ်ဆွေသည် လွန်ခဲ့သော (၂၀၁၀)ခုနှစ်ခန့်ကတည်းက ခေါက်ပြန်ကြေးဖြင့် အထည်ပေး၊ ငွေယူလုပ်ကိုင်လာရာ လုပ်ငန်း၏ အခက်အခဲကြောင့် ကျွန်ုပ်မိတ်ဆွေမှာ လူကြီးမင်းအား အထည်ဖိုးကျန်ငွေ(၁၇၀)သိန်းကျပ်ပေးရန်ရှိနေ၍ ၎င်းငွေအား (၁.၁၀.၂၀၁၉) ရက်နေ့တွင် စာချုပ်ချုပ်ထားသည်ကို လူကြီးမင်းမှ ၎င်းနေ့တွင်ပင် အထည်ဖိုးများယူသည်ဟုဆိုကာ မဟုတ်မမှန် သတင်းစာတွင် ကြေညာထားသည့်အပြင် လူကြီးမင်းအား ကျွန်ုပ်မိတ်ဆွေမှ ဖုန်းဆက်၊ လူကိုယ်တိုင်တွေ့ထားသည်ကို ရှောင်တိမ်းနေသည်ဟုလည်းကောင်း၊ လူကြီးမင်း၏ Han Su Yin အကောင့်ဖြင့်လည်း ကျွန်ုပ်မိတ်ဆွေအား ဂုဏ်သိက္ခာကျဆင်းအောင် အရှက်တကွဲအကျိုးနည်းဖြစ်အောင် အလုပ်လုပ်ကိုင်၍ မရအောင် အထည်ဖိုးကျန်ငွေ(၁၇၀)သိန်းကျပ်ကို (၁.၄.၂၀၂၀)ရက်နေ့တွင် မပေးနိုင် သည်ကို ဥပဒေနှင့်အညီသက်ဆိုင်ရာမှာ ကုစားနိုင်ပါလျက် ကျွန်ုပ်မိတ်ဆွေအားအမျိုးမျိုး ဂုဏ်သိက္ခာ ကျဆင်းအောင် ပြုလုပ်နေခြင်းဖြစ်ကြောင်း၊ လူကြီးမင်းမှ ကျွန်ုပ်မိတ်ဆွေအား မမှန်မကန်ပြုလုပ် နေကြောင်း ပြန်လည်၍ ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်သိန်းသိန်းဆင့်(LL.B) | ဦးထွေး(LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၉၆၉၇/၂၇.၂.၂၀၁၄) | (စဉ်-၁၂၃၂၀/၄.၄.၂၀၁၇) |
| အောင်မေတ္တာလမ်း၊ (၃)ရပ်ကွက်၊ ခရမ်းမြို့ | (၂)ရပ်ကွက်၊ ကျောင်းကြီးလမ်း၊ ခရမ်းမြို့ |

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသောင်းစိန်**

**အသက်(၈၁)နှစ်**

ဗိုလ်မှူးကြီးရဲနိုင်(ငြိမ်း)-ဇနီး ဒေါ်အေးဆုမွန်တို့၏ ဖခင်ဖြစ်သူ ဦးသောင်းစိန် အသက်(၈၁)နှစ်သည် ၁၄-၄-၂၀၂၀ ရက်တွင် မအူပင်မြို့၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၅)မှ သူငယ်ချင်းများနှင့်**
**မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်သောင်း**

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး**

**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၉)၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း(တိုင်းဒေသကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး) အသက် (၇၃) နှစ်သည် ၂၀-၄-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်**
**မြန်မာ့အာမခံလုပ်ငန်း မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်သောင်း**

**အသက်(၇၃)နှစ်**

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၉)၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း(တိုင်းဒေသကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး) အသက်(၇၃)နှစ်သည် ၂၀-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်တိုင်းဒေသကြီး
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်သောင်း**

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး**

**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၉)၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း(တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး) အသက် (၇၃) နှစ်သည် ၂၀-၄-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။ [ဦးမြင့်သောင်း (ဝန်ကြီး) ကောင်းရာ သုဂတိလားပါစေ။]

**Mottama Holdings Limited. မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးနုဒေါ်မြရီ ဖောင်ဒေးရှင်းမှ အခမဲ့ ခြေတုတပ်ဆင်ပေးခဲ့သော ၂၀၁၇ မှ ၂၀၂၀ အထိ စဉ်ဆက်မပြတ် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အကူအညီပေးခဲ့သော စီမံ/ဘဏ္ဍာဝန်ကြီး ဦးမြင့်သောင်း ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သန်းသန်းနု (ဥက္ကဋ္ဌ)**
**ဦးနုဒေါ်မြရီဖောင်ဒေးရှင်း**

---

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၇၅)၊ မြေအကျယ်အဝန်း(၄၀×၆၀)ပေရှိသည့်အနက် (၂၀×၆၀)ပေရှိ (ခြေရင်းခြမ်း)မြေကွက်နှင့် နေအိမ်အဆောက်အအုံ၏အကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆက်စပ်စာချုပ်ဖြင့် တရားဝင်ပိုင်ဆိုင်ထားသူ **ဒေါ်အေးအေးသင်း(၁၂/ဒဂမ(နိုင်)၀၀၀၄၈၂)**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်မြင့်မြတ်သိန်းသည်** (၁၄.၃.၂၀၁၈)ရက်နေ့တွင် ဥပဒေနှင့်အညီ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့်နေအိမ်အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေ၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အာမခံတင်သွင်းခြင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်းမြေပုံကူးခြင်း၊ အရောင်းအဝယ်မြေပုံကူးခြင်း၊ မြေဂရန်အမည်ပြောင်းခြင်း၊ အခြားသောကိစ္စအရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေသိရှိခြင်းမရှိဘဲ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်မျိုးထက် (LL,B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၂၇)

အမှတ်(၅၀)၊E-5၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။၀၉-၉၅၄၀၈၇၁၇၇၊၀၉-၄၂၀၀၈၇၁၇၇၊

**ဒေါ်တင်တင်အုံး**
**အသက်(၈၅) နှစ်**
**ပန်းတောင်းမြို့**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်(၆)ရပ်ကွက်၊ ကုန်းဘောင်(၁၃)လမ်း၊ အမှတ် ၇၈၈(ခ)နေ ဗိုလ်မှူးတင်စိန်(ငြိမ်း)၏ ဇနီး၊ ဒေါ်နီနီစိန်–ဦးညွန့်သိန်း၊ ဦးအောင်ကျော်မြင့်–ဒေါ်ဝင်းမင်းထိုက်၊ ဒေါ်သိလ္လာစိုး(MRTV)–ဦးရွှေသွင်၊ ဒေါ်နမ့်ပန်(မန်နေဂျာ– ငြိမ်း၊ MFTB)–(ဦးထွန်းအောင်)၊ ဦးသက်အောင်(တပ်မတော်–ရေ)–ဒေါ်သင်းသင်းသွယ်၊ ဦးပြည့်ဖြိုးအောင်(ဒုအကောက်ခွန်မှူး၊ အကောက်ခွန်ဦးစီးဌာန)–ဒေါ်အိခိုင်ဇင်(MD Bank)တို့၏ မွေးသမိခင်၊ မြေး(၈)ယောက်တို့၏အဘွားသည် (၂၁–၄–၂၀၂၀)ရက်နေ့ ည ၈:၃၅ နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် (၂၃–၄–၂၀၂၀)ရက်နေ့ မွန်းလွဲ ၃:၀၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၀၀ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၂၇–၄–၂၀၂၀ ရက်၊ တနင်္လာနေ့၊ နံနက် ၇:၀၀ နာရီမှ ၉:၀၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်တင်တင်အုံး (၈၅) နှစ်**
**ပန်းတောင်းမြို့**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် (၆) ရပ်ကွက်၊ ကုန်းဘောင်(၁၃)လမ်း၊ အမှတ် ၇၈၈(ခ)နေ ဒေါ်သိလ္လာစိုး (ဒုတိယညွှန်ကြားရေးမှူး–အသံလွှင့်)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ချစ်လှစွာသောမိခင်သည် ၂၁–၄–၂၀၂၀ ရက် (အင်္ဂါနေ့) ည(၈:၃၅) နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးမြင့်သောင်း**
**အသက်(၇၃)နှစ်**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၉)၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း (တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး)အသက်(၇၃)နှစ်သည် ၂၀–၄–၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးလှမြင့်**
**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

# ဦးရဲထွန်း(လေထီး Force 136)

## လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)

**(နာယက၊ ဇီဝိတဒါနသံဃာ့ဆေးရုံ)**

## အသက် (၉၈) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ်(၁၄၆–$N^2$)၊ ခေမာသီရိလမ်း၊ (၉)မိုင်နေ ဦးအောင်ကျော်စိုး–ဒေါ်ဝါဝါ၊ ဦးနေဝင်း–ဒေါ်သီရိအောင်၊ ဦးမင်းဇော်–ဒေါ်ခင်အေးလွင်တို့၏ ဖခင်၊ မသက်ဇံဖြူ၊ ဦးဇော်ရဲဟိန်း–ဒေါ်ပြည့်ပြည့်မင်းဇော်၊ မောင်သီဟမင်းဇော်တို့၏ အဘိုး၊ ဒေါ်ခင်မာမာ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၉–၄–၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၆:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သည့် ရုပ်ကလာပ်အား ၂၀–၄–၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**မူးယစ်ကို**

**ပစ်**

**ပန်းတိုင်သစ်**

**စိတ်သစ်**

**လူသစ်**

**ဘဝသစ်**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးမြင့်သောင်း (၇၃) နှစ်**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၉)၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း(တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး) အသက် (၇၃) နှစ်သည် ၂၀–၄–၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးမြင့်သောင်း**
**အသက်(၇၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းသည် ၂၀–၄–၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါသည်။

**မန်နေးဂျင်းဒါရိုက်တာ၊ ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ**
**ရန်ကုန်စတော့အိပ်ချိန်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

# ဦးမျိုးခင် (Tiny Tin Nyunt)

**B.Sc Chemistry (1975)**


**St.Paul ကျောင်းသားဟောင်း**

## အသက် (၇၁) နှစ်

[ဦးတင်ညွန့်(ရုပ်ရှင်ဒါရိုက်တာမင်းသားကြီး)]–ဒေါ်ညွန့်ရီ၊ ဒေါ်သန်းနွဲ့တို့၏ ချစ်လှစွာသော သားကြီး၊ ဒေါ်လှလှကြည်(ဦးဆောင်ညွှန်မှူး–ငြိမ်း၊ ရေနံဓာတု)၊ ဒေါက်တာကျော်ငြိမ်း(လ/ထ ညွှန်မှူး–ငြိမ်း၊ ကျန်းမာဦးစီး)–ဒေါ်အေးသန်းခိုင်၊ ဒေါ်ထွေးထွေးရီ (Free Lance Teacher)၊ ဒေါ်ငွေးငွေးရီ(YCDC)၊ ဦးစိုးအောင်(Feel Group)–ဒေါ်ခင်မာရည်၊ ဒေါ်စမ်းစမ်းရီ(Free Lance Teacher)တို့၏ ချစ်လှစွာသော အစ်ကိုကြီး၊ မောင်ချမ်းမြေ့အောင်(JSM SHIP MANAGEMENT)–မဝင့်သဥ္ဇာမော်(Free Lance Teacher)၊ မောင်ဇော်ထွန်းနိုင်(SITA)–ဒေါက်တာစုစုလှိုင်၊ မောင်ဝေယံအောင် (MTM SHIP MANAGEMENT)၊ မောင်ရဲလင်းသက်(MNA)–မယမင်းထွန်း(MRTV–4)တို့၏ ချစ်လှစွာသောဘကြီး၊ စုပြည့်စုံထွန်း၏ ချစ်လှစွာသောဘိုးဘိုးသည် ၁၄–၄–၂၀၂၀ (အင်္ဂါနေ့) နံနက် ၃:၂၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၄–၂၀၂၀ ရက်တွင် ကျန်ရစ်သူမိသားစုများမှ လိုက်ပါပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု




**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

Hot Plate သုံး၍ရေနွေးအိုးတည်ပါက ရေနွေးဆူမှတ်ထက် အချိန်ကျော်လွန်မှ လူကမီးခလုပ်ကိုပိတ်နိုင်၍ လျှပ်စစ်ကိုအသုံးပိုစေပါသည်။





ရေဆူမှတ်ရောက်သည်နှင့်ခလုပ်ကို အလိုအလျောက်ပိတ်စေသော ရေနွေးတည်ခရားကို သုံးခြင်းဖြင့် လျှပ်စစ်ကို ချွေတာသင့်ပါသည်။

# လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန်လိုအပ်ပါက လယ်ယာဝန်ဆောင်မှုသမဝါယမအသင်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တောင်သူလယ်သမားများ နွေနှင့် မိုးစပါးစိုက်ပျိုးထွန်ယက်ခြင်းနှင့် ထွက်ရှိလာသောသီးနှံများ ရိတ်သိမ်းခြွေလှေ့ချိန် လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနမှ လယ်ယာဝန်ဆောင်မှုသမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ပျဉ်းမနားမြို့နယ်တွင် သမဝါယမအသင်းစုချုပ်၏ လယ်ယာဝန်ဆောင်မှုအသင်းနှင့် လယ်ဝေးမြို့နယ်တွင် လယ်ယာဝန်ဆောင်မှုသမဝါယမအသင်းများမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိပါသည်။

သို့ဖြစ်ပါ၍ တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာလုပ်ငန်းများမှထွက်ရှိလာမည့် စပါးများ ရိတ်သိမ်းခြွေလှေ့လိုလျှင်လည်းကောင်း၊ ရာသီအမီစိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်မှုများ ပြုလုပ်လိုလျှင်လည်းကောင်း ဝန်ဆောင်မှုသမဝါယမအသင်းများမှ သင့်လျော်သောဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် –

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ**

| | |
|---|---|
| ဒုတိယညွှန်ကြားရေးမှူး | – ၀၉–၂၆၂၇၅၈၃၆၅ / ၀၉–၇၉၆၉၂၉၈၁၈ |
| လက်ထောက်ညွှန်ကြားရေးမှူး | – ၀၉–၂၅၆၀၈၈၅၂၅ |
| ဦးကျော်ဆန်း (အတွင်းရေးမှူး) | – ၀၉–၄၂၀၇၅၀၁၈၄ |
| အသင်းစုချုပ်လယ်ယာဝန်ဆောင်မှုကော်မတီ(ပျဉ်းမနား) | |
| ဦးသန်းနွဲ့(အတွင်းရေးမှူး) | – ၀၉–၇၉၈၃၄၃၆၂၂ |
| လယ်ဝေးမြို့နယ်သမဝါယမအသင်းစု | |
| ဦးစိုးဝင်းသန်း (အတွင်းရေးမှူး) | – ၀၉–၇၉၉၁၉၉၄၄၅/၀၉–၄၂၀၇၇၀၁၁၅ |
| လယ်ဝေးမြို့နယ်လယ်ယာဝန်ဆောင်မှုအသင်း | |

**သမဝါယမဦးစီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးမြင့်သောင်း**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး**
**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၉)၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း(တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး) အသက်(၇၃)နှစ်သည် ၂၀-၄-၂၀၂၀ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဝန်ထမ်းမိသားစုများ**
**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးမြင့်သောင်း**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဇော်ဂျီလမ်း၊ အမှတ်(၉) နေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း(တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး) အသက် (၇၃)နှစ်သည် ၂၀-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ အစ်ကိုကြီး ကောင်းရာသုဂတိလားပါစေ။

**ဦးလှကျော်(ဒုတိယဝန်ကြီး) ဇနီး ဒေါ်သန်းသန်းဌေး**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးမြင့်သောင်း**
**အသက်(၇၃)နှစ်**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်(၁၉၆၄-၆၈)**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းသည် ၂၀-၄-၂၀၂၀ (တနင်္လာနေ့) ည ၇:၅၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း**
**MIEGA**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးမြင့်သောင်း**
**အသက်(၇၃)နှစ်**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း အသက်(၇၃)နှစ်သည် ၂၀-၄-၂၀၂၀ (တနင်္လာနေ့) ည ၇:၅၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးမြင့်သောင်း**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၉)၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း(တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး) အသက် (၇၃) နှစ်သည် ၂၀-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ကိုကျော်စွာလင်း (ခ) ကိုလင်း (တောင်ကြီး) ရန်ကုန်**
**အသက် (၄၅) နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ မသီတာအောင်သိန်း၏ခင်ပွန်းဖြစ်သူ ကိုကျော်စွာလင်း (ခ) ကိုလင်းသည် ၂၀-၄-၂၀၂၀ (တနင်္လာနေ့) နံနက် ၅:၄၅ နာရီတွင် ရန်ကုန်မြို့၊ အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကွယ်လွန်သူ၏မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ (ကိုလင်း ကောင်းရာသုဂတိလားပါစေ။)

**ကိုထွန်းလင်းနိုင်(MD၊ မြတ်ပန်းဝါ ဆောက်လုပ်ရေးကုမ္ပဏီ) တောင်ငူ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ကိုကျော်စွာလင်း (ခ) ကိုလင်း (တောင်ကြီး) ရန်ကုန်**
**အသက် (၄၅) နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ မသီတာအောင်သိန်း၏ခင်ပွန်းဖြစ်သူ ကိုကျော်စွာလင်း (ခ) ကိုလင်းသည် ၂၀-၄-၂၀၂၀ (တနင်္လာနေ့) နံနက် ၅:၄၅ နာရီတွင် ရန်ကုန်မြို့၊ အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကွယ်လွန်သူ၏မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ (ကိုလင်း ကောင်းရာသုဂတိလားပါစေ။)

**ကိုထွန်းသိန်း-ရဲမှူးကြီး ဧရာဝတီတိုင်း သတင်းတပ်ဖွဲ့ တာဝန်ခံ-မသဇင်ငြိမ်းဦး**
**ကိုမျိုးခိုင်-မသီတာလင်း (တောင်ငူ)**
**ကိုခွန်ဇင်-မမီးမီး(ငွေဆောင်ဟိုတယ်)-တောင်ငူ**
**မမီးငယ်(စခန်းသာ)၊ မဇင်(တောင်ငူ)**
**ဗိုလ်ကြီးအောင်သူ-မမွန်သော်(ကောင်းကင်စံ ဆောက်လုပ်ရေးကုမ္ပဏီ)-တောင်ငူ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးမြင့်သောင်း**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၉)၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း(တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး) အသက်(၇၃)နှစ်သည် ၂၀-၄-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းခိုင်နှင့် ဇနီး ဒေါ်လှလှမူ**
**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**Mr.Alan Stanley**
**အသက် (၇၃) နှစ်**

ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့တွင် နေထိုင်သော ဒေါ်တင်တင်မြိုင်၏ခင်ပွန်း Mr.Alan Stanley သည် ၁၉-၄-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာသံရုံး၊ လန်ဒန်မြို့မိသားစုနှင့်**
**ပြည်ထောင်စုမြန်မာနိုင်ငံသားများအသင်း (ယူကေ)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးမြင့်သောင်း**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၉)၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း (တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး) အသက်(၇၃)နှစ်သည် ၂၀-၄-၂၀၂၀ ရက်နေ့ ညတွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးမြင့်သောင်း**
**အသက် (၇၃) နှစ်**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း အသက် (၇၃) နှစ်သည် ၂၀-၄-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးမြင့်သောင်း (၇၃)နှစ်**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၉)၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း (တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီး)အသက် (၇၃)နှစ်သည် ၂၀-၄-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးမြင့်သောင်း (၇၃) နှစ်**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၉)၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း(တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီး) အသက် (၇၃) နှစ်သည် ၂၀-၄-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ**
**ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ**

---

**ဦးအောင်မြင့် (ကွေ့ဝမ်းကျေးရွာ)**
**အသက်(၇၀)**

မုဒုံမြို့နယ်၊ ကွေ့ဝမ်းကျေးရွာနေ (ဦးထွန်းဝင်း-ဒေါ်အေးမြိုင်)တို့၏ သား၊ (ဦးသောင်းဟိန်-ဒေါ်မအောင်)တို့၏ ညီ/မောင်၊ (ဦးအောင်သန်း)၊ ဦးဟန်သိန်း - ဒေါ်ဖြူဖြူအောင်၊ ဦးရွှေဘ-ဒေါ်ဝင်းသန်း၊ ဦးရွှေဌေး-ဒေါ်တင်တင်ဝေတို့၏ ချစ်လှစွာသောအစ်ကို၊ အမှတ်(၁၃၈)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်စောညွန့်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုပြည့်ဖြိုးကျော်-မဝေသီတာ၊ ကိုအေးမင်းထွန်း၊ ကိုမင်းဇင်လတ်-မသင်ဇာမိုး၊ မသင်းမြတ်မိုးတို့၏ဖခင်ကြီး၊ မောင်ဟိန်းမာန်စစ်၊ မရွှန်းအိန္ဒြေစံတို့၏ အဘိုးသည် ၂၀-၄-၂၀၂၀(တနင်္လာနေ့) နံနက် ၁၁:၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခိုင်သင်းသင်း**
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့နေ (ဦးဦးခိုင်-ဒေါ်အုန်းကြူ)တို့၏ သမီး၊ (ဦးမောင်မောင်-ဒေါ်ထွေး)တို့၏ သမီးချွေးမ၊ ဗိုလ်ကြီးဝင်းဇော်(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ [ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(လေ-ငြိမ်း)]-ဒေါ်တင်တင်စိန်၊ (ဒေါက်တာကြည်ကြည်ခိုင်)တို့၏ ညီမ၊ (လေယာဉ်မှူးကြီး ဦးသန့်ဇင်)၊ ဦးမျိုးခိုင်-ဒေါ်ကြည်ကြည်ညွန့်လွင်တို့၏ အစ်မ၊ ဦးသီဟ-ဒေါ်စန္ဒီစိမ့်၊ ဗိုလ်ချုပ်မြင့်အောင်(ငြိမ်း)-ဒေါ်သဇင်ခိုင်တို့၏ မိခင်၊ ဇာနည်မြင့်အောင်-သန္တာဦး၊ ထက်မြင့်အောင်၊ ထူးမြင့်အောင်တို့၏အဘွား ဒေါ်ခိုင်သင်းသင်းသည် ၂၀-၄-၂၀၂၀ (တနင်္လာနေ့) ညနေ ၄:၄၅နာရီတွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၂၀(အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

မြောင်းမြမြို့နယ်အသင်း (ရန်ကုန်)
**ဦးမြင့်သောင်း (၇၃) နှစ်**
**ရန်ကုန်တိုင်းအစိုးရအဖွဲ့**

မြောင်းမြမြို့နယ်အသင်း (ရန်ကုန်)၏နာယက ဒေါ်ရီရီသိန်း၏ ခင်ပွန်း ဦးမြင့်သောင်း(တိုင်းဒေသကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး)သည် ၂၀-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသား/သူများကို အကြောင်းကြား အသိပေးအပ်ပါသည်။

မြောင်းမြမြို့နယ်အသင်း
အမှုဆောင်အဖွဲ့

---

**ရဟန်းဒါယိကာမကြီး**

**ဒေါက်တာဒေါ်စိန်စိန်အေး (မန်း)**
**(ဆေးတက္ကသိုလ်-ငြိမ်း)**
**အသက် (၇၆) နှစ်**

ရန်ကုန်မြို့နေ (ဦးဘစုံ-ဒေါ်အေးကြည်)တို့၏သမီး၊ ဒေါ်သိန်းဌေး၏ ညီမ၊ ဦးမောင်သွင်-ဒေါ်စိန်စိန်မြင့်၊ (ဦးစိန်လွင်)-ဒေါ်နုနုထွေး(ခ)ဒေါ်နန္ဒာထေရီတို့၏အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏ကြီးမေ ဒေါက်တာဒေါ်စိန်စိန်အေးသည် ၁၇-၄-၂၀၂၀ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၂၀ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## သစ်တောနဲ့ သစ်ပင်ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

---

**ရဲအုပ်ရဲကျော်သူ ဦးကျော်စံဝင်း(သတင်းတပ်ဖွဲ့-ငြိမ်း)**
**သူရ-၁၂**
**(ဟသ်ာတအသင်း-အမှုဆောင်)**
**အသက်(၇၅)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နေ (ဦးသိမြ-ဒေါ်လှရှိန်)တို့၏ သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ချမ်းသာလမ်း၊ တတိယထပ်(ဝဲ)၊ အမှတ်(၉)နေ (ဒေါ်ညိုညိုဟန်)၏ ခင်ပွန်း၊ ဦးမျိုးသူရကျော် (2nd Engineering F.G)-ဒေါ်နှင်းဝတ်ရည်၊ ဒုတိယဗိုလ်မှူးကြီး ခိုင်မင်းသန့် (တပ်မတော်-ရေ)-ဒေါ်တင်ယုဇနကျော်တို့၏ ဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဦးကျော်စံဝင်း အသက်(၇၅)နှစ်သည် ၂၀-၄-၂၀၂၀ ရက် မွန်းလွဲ ၁:၁၀ နာရီတွင် နှလုံးသွေးကြောပိတ်ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အဆောင် အမှတ်(၃/ခ)သို့ တရားနာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူသားသမီးမြေးတစ်စု

---

**ဦးမြင့်သိန်း (သဘော်သား)**
**အသက် (၆၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၄)၊ အခန်း(၄၅)နေ (ဦးဉာဏ်ထွန်း-ဒေါ်လှရင်)တို့၏သား၊ ဦးလှကြည်-ဒေါ်ညို (ခ) ဒေါ်သန်းသန်းမြင့်တို့၏သားသမက်၊ (ဦးခင်မောင်ရီ)၊ ဒေါ်စန်းစန်းမြင့်၊ ဦးတင်မြင့်၊ ဒေါ်ခင်ခင်မြင့်၊ ဦးလှအေး-ဒေါ်နုနုရီတို့၏မောင်၊ ဦးခင်မောင်လွင်-ဒေါ်စန်းစန်းမော်တို့၏အစ်ကို၊ ဒေါ်စိုးစိုးဝင်း၏ ခင်ပွန်း၊ မောင်ဟိန်းထက်သူ၏ဖခင်ဖြစ်သူ ဦးမြင့်သိန်း အသက်(၆၀)သည် ၁၉-၄-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၂၀ (အင်္ဂါနေ့) တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**မမွန်မြတ်သူ**
**ဒု-ဦးစီးမှူး**
**မြို့နယ်ရွေးကောက်ပွဲကော်မရှင် မင်္ဂလာတောင်ညွန့်မြို့နယ်**
**အသက်(၂၉)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၂၂၅)၊ ခြောက်လွှာနေ ဦးအောင်မိုး-ဒေါ်မြင့်မြင့်သိန်းတို့၏ သမီး၊ ဒေါ်စန်းစန်းရီ(ဒု-ညွှန်ကြားရေးမှူး-ငြိမ်း၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)၊ ဦးသက်နိုင်-ဒေါ်စန်းစန်းလွင်၊ ဦးရင်ထွေး-ဒေါ်စန္ဒာတို့၏ တူမ၊ ကိုကိုဦး၏ ညီမ၊ ကိုဘုန်းပြည့်ကျော်၊ မအေးစုလှိုင်တို့၏အစ်မ မမွန်မြတ်သူသည် ၂၀-၄-၂၀၂၀ ရက် ညနေ ၃:၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ကိုဗစ်-၁၉ အလွန် ဒေသတွင်း စီးပွားရေးနှင့် ကမ္ဘာ့စီးပွားရေး ပြန်လည်နိုးထရေး နိုင်ငံတစ်နိုင်ငံချင်းဆောင်ရွက်ရုံနှင့် မလုံလောက်နိုင် ဒေသတွင်းရိက္ခာဖူလုံရေး၊ ရောဂါကာကွယ်ကုသရေးနှင့် စီးပွားရေးများ ပုံမှန်လည်ပတ်နိုင်ရန် ဘဏ္ဍာရေးအကူအညီရရှိရေးမှာ အရေးကြီး

## ကမ္ဘာ့စီးပွားရေးဖိုရမ်အဖွဲ့က ကြီးမှူးကျင်းပသည့် ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်းသည့် အာရှ-ပစိဖိတ်ဒေသ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်

**နေပြည်တော် မေ ၂၁**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)နှင့် ပူးပေါင်း၍ ကမ္ဘာ့စီးပွားရေးဖိုရမ် (WEF) က Video Conference စနစ်ဖြင့် ကျင်းပသည့် ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ အာရှ-ပစိဖိတ်ဒေသ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ ဦးဆောင်သူများ၏ ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံးခန်းမှ ပါဝင်တက်ရောက်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ကမ္ဘာ့စီးပွားရေးဖိုရမ်အဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများမှ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ တာဝန်ရှိသူများနှင့် အသိပညာရှင် အတတ်ပညာရှင်များ ပါဝင်တက်ရောက်ကြပြီး

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍




ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့စီးပွားရေးဖိုရမ်တို့ ပူးပေါင်း၍ Video Conference စနစ်ဖြင့် ကျင်းပသည့် ကိုဗစ်-၁၉ နှင့်စပ်လျဉ်း၍ အာရှ-ပစိဖိတ်ဒေသဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးစဉ်။

# ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၂၁**

Coronavirus Disease 2019(COVID-19)ထိန်းချုပ်ရေးနှင့်အရေးပေါ် တုံ့ပြန်ရေးကော်မတီမှ ကိုဗစ်-၁၉ Call Center ကို ဖွင့်လှစ်ထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း(၄၃)ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန်(၁၇)ဦး၊ စုစုပေါင်း(၆၀)ဖြင့် မေပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

## ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။



# မန္တလေးတောင်ခြေအနီးရှိ ဘုန်းတော်ကြီးကျောင်းလေးကျောင်း၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး မေ ၂၁**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမှ ကာကွယ်တားဆီးနိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို မန္တလေးခရိုင် မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများ ပူးပေါင်း၍ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေအနီးရှိ ဘုန်းတော်ကြီးကျောင်းလေးကျောင်း၌ ယနေ့နံနက် ၈ နာရီတွင် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို မန္တလေးတောင်ခြေအနီးရှိ သိကြားဂူရိပ်သာ၊ ဖားအောက်တောရ၊ ပြည်အေးချောင်နှင့် ဇိနောဒယျ ဘုန်းတော်ကြီးကျောင်းများ၌ တစ်ကျောင်းလျှင် ဆေးရည်ပုံး ၁၂ ပုံးမှ ၁၅ ပုံး အထိဖျန်း၍ ရောဂါပိုးကူးစက်မှုမရှိစေရန် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း မန္တလေးခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်အောင်က ပြောသည်။

စာမျက်နှာ ၄ ကော်လံ ၄ သို့ ❖

ကြေးမုံ ယနေ့ ဖတ်စရာ

ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးအတွက် ပြည်သူများအား ပူးပေါင်းဆောင်ရွက်ရန် အာဘေားပြောကြား
စာမျက်နှာ » ၁၁

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
စာမျက်နှာ » ၁၅

ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကြောင့် ရိုက်ခတ်လာမည့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့်နိုင်ငံရေး အကျိုးဆက်များ
ဆောင်းပါး စာမျက်နှာ » ၂၅

ဘွန်ဒက်လီဂါပြိုင်ပွဲကို မေ ၉ ရက်တွင် စတင်နိုင်ရန် စီစဉ်နေ
စာမျက်နှာ » ၂၇

ကြေးမုံ အထူးကဏ္ဍ

နိုင်ငံတော်အစိုးရ၏

ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

ဧပြီ ၂၂၊ ၂၀၂၀ (ဗုဒ္ဓဟူးနေ့)

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ သက်တမ်းကာလအတွင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲတိုးတက်မှုအခြေအနေများ

**တွေ့ဆုံမေးမြန်း - နန္ဒာဝင်း၊ ဓာတ်ပုံ - တာရာ**

တိုင်းရင်းသားများ၏ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသလို တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တန်းတူညီမျှမှုရှိစေရေးကို နိုင်ငံတော်အစိုးရအနေဖြင့် သမိုင်းတစ်လျှောက် ဦးတည်ကြိုးပမ်းခဲ့သည်။ တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်ကြသော မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်၌ ပြဋ္ဌာန်းခဲ့သော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် တိုင်းရင်းသားရေးရာ ကိစ္စရပ်များနှင့် တိုင်းရင်းသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးရန် ဖွဲ့စည်းခဲ့သည်မှာ စတုတ္ထနှစ်ကာလကို ရောက်ရှိခဲ့ပြီဖြစ်ရာ ဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲ တိုးတက်မှုအခြေအနေများနှင့် ပတ်သက်၍ ပြည်သူများ သိရှိစေရန် တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည် –



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်

**နိုင်သက်လွင်(ပြည်ထောင်စုဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)**

**မေး။** နိုင်ငံတော်အစိုးရရဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်းမှာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို ပြောပြပေးပါဦးရှင့်။

**ဖြေ။** တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ စတုတ္ထနှစ်မှာ အရှိန်ကောင်းလာပါတယ်။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းမှာ ကျင်းပတဲ့ သွေးချင်းတို့ရဲ့ပွဲတော်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်အားပေး ဖွင့်လှစ်ပေးခဲ့ပြီး ဒေသဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး စတာတွေနဲ့ စပ်လျဉ်းပြီး တိုင်းရင်းသားတွေ လိုက်နာဖို့၊ ဝိုင်းဝန်းကူညီပံ့ပိုးဖို့ မှာကြားခဲ့ပါတယ်။

နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး/ပြည်နယ်တွေက တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတွေကို သမ္မတအိမ်တော်မှာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၁ ရက် ပြည်ထောင်စုနေ့အကြိုနေ့မှာ တွေ့ဆုံမှာကြားခဲ့ပါတယ်။ တိုင်းရင်းသားဒေသတွေက အားကိုးပြီးရွေးချယ်ထားတဲ့ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဖြစ်လို့ ကိုယ့်တိုင်းရင်းသားတွေရဲ့ အရေးအရာကိစ္စတွေကို ဆောင်ရွက်ပေးကြပါ။ လူငယ်ကစ လူကြီးတွေအားလုံးရဲ့ ခံစားချက်တွေ ငြိမ်းချမ်းရေး အရသာတွေ သိရှိအောင်လုပ်ကြပါ။ ငြိမ်းချမ်းရေးရှိလာရင် ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ကောင်းမွန်ပြီး ကုန်ထုတ်လုပ်မှုတွေ လုပ်နိုင်မယ်။ တိုင်းရင်းသားဒေသမှာ အသိဉာဏ်ဗဟုသုတတိုးပွားပြီး စီးပွားရေးကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းအသိဉာဏ်ပေးဖို့ မှာကြားခဲ့ပါတယ်။

၂၀၁၉ ခုနှစ်မှာ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ရရှိခဲ့တယ်။ ပြည်သူလူထုသိအောင် ကြော်ငြာဆိုင်းဘုတ်တွေ ထောင်တယ်။ အဆောက်အဦတွေ ပြုပြင်တယ်။ အရင်ကထက် ပြည်သူလူထုတွေ လာကြည့်ကြတယ်။ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ကို တိုင်းရင်းသားတွေ လေ့လာရုံမက ကမ္ဘာကပါ သိရှိလာနိုင်အောင်၊ အခုထက်ပိုမိုတိုးတက်လာအောင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စတုတ္ထနှစ်မှာ ရုံးအဆောက်အဦသစ် ၃ ရုံးကို ဖွင့်ပွဲလှစ်ပေးခဲ့တယ်။ တိုင်းရင်းသားရေးရာကိစ္စရပ်တွေ ပေါ်ပေါက်လာရင် တိုင်းရင်းသားတွေက ရုံးကိုလာပြီး ဝန်ထမ်းတွေကို ဆွေးနွေး ပြောပြလို့ရတယ်။ တိုင်းရင်းသားတွေရဲ့ လိုအပ်ချက်တွေကို လေ့လာပြီး သက်ဆိုင်ရာ ဌာနတွေနဲ့ ဆက်စပ်ဖော်ဆောင်ပေးခဲ့ပါတယ်။

ဒါ့အပြင် တိုင်းရင်းသားလူမျိုးတွေရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးသာမက ငြိမ်းချမ်းရေးကို အထောက်အကူပြုစေမယ့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကို ဝန်ကြီးဌာနက ဖွဲ့စည်းပေးနိုင်ခဲ့ပြီး တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနဲ့ ကျင်းပပေးနိုင်ခဲ့ပါတယ်။

**မေး။** တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်နဲ့ ပတ်သက်ပြီးတော့လည်း သိရှိလိုပါတယ်။

**ဖြေ။** ဝန်ကြီးဌာနဟာ တိုင်းရင်းသားတွေရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် Ethnic Sustainable Development Forum ကို ၂၀၁၈ ခုနှစ်မှာကျင်းပခဲ့ပါတယ်။ ဆွေးနွေးပွဲရဲ့ အကျိုးသက်ရောက်မှုတစ်ခုအဖြစ် တိုင်းပြည်ရဲ့ စီးပွားရေးသာမက ငြိမ်းချမ်းရေးကိုပါ အထောက်အကူပြုစေမယ့် မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းကို ၂၀၁၈ ခုနှစ် မတ်လ ၁၇ ရက်မှာ ဖွဲ့စည်းခဲ့ပါတယ်။

မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက တိုင်းဒေသကြီး၊ ပြည်နယ်အသင်းရုံးခွဲတွေ ဖွင့်လှစ်ပေးခြင်းဖြင့် အသေးစား၊ အငယ်စား၊ အလတ်စား တိုင်းရင်းသားလုပ်ငန်းရှင်တွေက ဒေသထွက်ကုန်တွေကို ပြည်တွင်းပြည်ပ ဈေးကွက်ဝင်စီးပွားရေးလုပ်ငန်းတွေအဖြစ် ဖွံ့ဖြိုးပြီးဒေသတွေကိုပါ ချိတ်ဆက်လုပ်ကိုင်လာနိုင်မှာ ဖြစ်တဲ့အတွက် တိုင်းရင်းသားတွေအနေနဲ့ တန်းတူညီမျှတဲ့ စီးပွားရေးလုပ်ငန်းတွေအပြင် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ရရှိနေပြီဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ကြီးမှူးပြီး တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် (Ethnic Sustainable Development Forum) ကို နေပြည်တော်မှာ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီဖိုရမ်ကို တိုင်းရင်းသားလုပ်ငန်းရှင်တွေ အချင်းချင်း ဆက်သွယ်ချိတ်ဆက်နိုင်မှု အားကောင်းလာစေဖို့၊ စီးပွားရေးတိုးမြှင့်ဖော်ဆောင်ရာမှာ တိုင်းရင်းသားကဏ္ဍ ပိုမိုပါဝင်လာနိုင်စေဖို့၊ ဒေသထုတ်ကုန်တွေကို တန်ဖိုးမြင့် ထုတ်ကုန်တွေအဖြစ် နိုင်ငံတကာသို့ ထိုးဖောက်နိုင်စေဖို့၊ စီးပွားရေးဈေးကွက် အခွင့်အလမ်းတွေ ပိုမိုအားကောင်းလာစေဖို့နဲ့ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်တွေကို ဖိတ်ခေါ်ပြီး တိုင်းရင်းသားဒေသတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဆောင်ရွက်နိုင်စေဖို့စတဲ့ ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်ဖို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက လမ်းညွှန်မှာကြားခဲ့ပါတယ်။

ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်ရာမှာလည်း မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၈ – ၂၀၃၀ (MSDP)နဲ့ ချိတ်ဆက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။** သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ကျင်းပတဲ့အတွက် အကျိုးကျေးဇူးရရှိမှုကို ပြောပြပေးပါရှင့်။

**ဖြေ။** မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ကြီးမှူးပြီး တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုပြပွဲနဲ့ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အပါအဝင် တိုင်းရင်းသားတွေရဲ့ ချစ်ကြည်ရင်းနှီးမှုနဲ့ စည်းလုံးညီညွတ်မှုတို့ကို ဖော်ဆောင်တဲ့ "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ (Myanmar Ethnic Cultures Festival )"ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်မှ ၃၀ ရက်အထိ ပထမအကြိမ်အဖြစ် ကျင်းပခဲ့ပါတယ်။

အထူးကဏ္ဍ [ ခ ] သို့ »»»



ရန်ကုန်မြို့ ကျိုက္ကဆံ အားကစားကွင်း၌ ဖေဖော်ဝါရီ ၁ ရက်က ကျင်းပသည့် သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၀) ဖွင့်ပွဲအခမ်းအနားတွင် ကယားလူမျိုးတို့၏ တံခွန်တိုင်အကကို တွေ့ရစဉ်။ ဓာတ်ပုံ– တင်စိုး(မြန်မာ့အလင်း)





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့က ကျင်းပသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများနှင့် တွေ့ဆုံပွဲတွင် လမ်းညွှန်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

»»» အထူးကဏ္ဍ [ က ] မှ

၂၀၂၀ ပြည့်နှစ်မှာ "သွေးချင်းတို့ရဲ့ပွဲတော်ဆီ(၂၀၂၀)"ကို ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးကြိုးပမ်းခဲ့ရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ လမ်းညွှန်မှုနဲ့ မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းနဲ့ ကယားတိုင်းရင်းသားလုပ်ငန်းရှင်အသင်းတို့က ဦးဆောင်ပြီး သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ကို ဖေဖော်ဝါရီလ ၁ ရက်မှ ၇ ရက်အထိ ဒုတိယအကြိမ်အဖြစ် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းမှာ ထပ်မံကျင်းပခဲ့ပါတယ်။

ဒီလို သွေးချင်းတို့ရဲ့ပွဲတော်ဆီကို ကျင်းပခြင်းဖြင့် မြန်မာနိုင်ငံရဲ့ လှပတဲ့တောတောင်ရေမြေအလှကို သိရှိစေပြီး ခရီးသွားလုပ်ငန်းတွေ ပိုမိုတိုးတက်ဖွံ့ဖြိုးလာမယ်၊ မြန်မာနိုင်ငံတိုင်းရင်းသားတွေရဲ့ ဒေသထုတ်ကုန်တွေ၊ ရိုးရာအဝတ်အထည်တွေကို နိုင်ငံတကာဈေးကွက်တွေကို တင်ပို့ဖြန့်ဖြူးရောင်းချနိုင်တဲ့ အခွင့်အလမ်းနဲ့ မြန်မာနိုင်ငံတိုင်းရင်းသားလူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိလာမယ်စတဲ့ အကျိုးကျေးဇူးတွေ ရရှိလာမှာဖြစ်ပါတယ်။

**မေး။ ပြည်ထောင်စု ဝန်ကြီးအနေနဲ့ တိုင်းရင်းသား မိဘပြည်သူတွေကို အသိပေးပြောကြားလိုတာရှိရင်လည်း ပြောကြားပေးပါဦးရှင်။**

**ဖြေ။** တိုင်းရင်းသားတွေရဲ့ နေ့ထူးနေ့မြတ်များ သတ်မှတ်ပေးနိုင်ရေး၊ တိုင်းရင်းသားဝတ်စုံနဲ့ စပ်လျဉ်းပြီး အသိအမှတ်ပြုနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများရဲ့ တိုင်းရင်းသားစာပေနဲ့ယဉ်ကျေးမှုအဖွဲ့တွေ၊ လူမျိုးစုအသင်းအဖွဲ့တွေက အချင်းချင်းညှိနှိုင်းတိုင်ပင်ပြီး မိမိလူမျိုး ဘိုးဘွားအစဉ်အဆက် တိုင်းရင်းသားရိုးရာဓလေ့ထုံးစံတွေအရ ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုတွေကိုအားလုံးသဘောတူညီမှုနဲ့ သတ်မှတ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ငြိမ်းချမ်းရေး၊ တိုင်းရင်းသားချစ်ကြည်ရင်းနှီးစေရေး ရည်ရွယ်ဖော်ဆောင်တဲ့အနေနဲ့ နိုင်ငံတော်က အကုန်အကျခံပြီး တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာရှိတဲ့ တိုင်းရင်းသားလူမျိုးစုတွေကို ဖိတ်ခေါ်ကာ နေပြည်တော်နဲ့ ရန်ကုန်မြို့များသို့ လေ့လာရေးခရီးစဉ် ၅ ကြိမ်ဆောင်ရွက်ခဲ့ပါတယ်။

ဝန်ကြီးဌာနက ဝန်ထမ်းတွေကို လုပ်ငန်းတာဝန်တွေနဲ့ ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း သိရှိစေဖို့နဲ့ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ထိရောက်မြန်ဆန်မှန်ကန်စွာ ဆောင်ရွက်နိုင်ဖို့အတွက် တိုင်းဒေသကြီးပြည်နယ် ဦးစီးဌာနရုံးတွေမှာ တာဝန်ခံအရာရှိတွေ သတ်မှတ်ခဲ့ပါတယ်။ ဝန်ကြီးဌာနကို ကိုယ်စားပြုသူတွေ၊ ဝန်ကြီးဌာနအပေါ် တိုင်းရင်းသားပြည်သူတွေက အားကိုးအထင်ကြီးပြီး ဒေသခံတွေရဲ့ လိုအပ်ချက်တွေကို အလျင်မြန်ဆုံးနဲ့ အကောင်းမွန်ဆုံး ဝန်ဆောင်မှု ပေးနိုင်သူတွေ၊ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတွေရဲ့ လက်စွဲတွေအဖြစ် ဆောင်ရွက်နိုင်အောင်လည်း လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါတယ်။

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေရဲ့ အကျိုးစီးပွားဖော်ဆောင်နိုင်ဖို့အတွက် တိုင်းရင်းသားရေးရာ ကိစ္စရပ်တွေကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးရေးနဲ့ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးတို့မှာ ပါဝင်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ရဲ့ ရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုပေါ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်မှုတွေမှာ တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်နေပါတယ်**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေရဲ့ အကျိုးစီးပွားဖော်ဆောင်နိုင်ဖို့အတွက် တိုင်းရင်းသားရေးရာ ကိစ္စရပ်တွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးရေးနဲ့ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးတို့မှာ ပါဝင်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ရဲ့ ရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုပေါ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်မှုတွေမှာ တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်နေပါတယ်လို့ ပြောကြားလိုပါတယ်။

**ဦးလှမော်ဦး(ဒုတိယဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)**

**မေး။ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်)ကို တိုးတက်ပြောင်းလဲလာစေရေး ဆောင်ရွက်ထားမှုအခြေအနေကို သိပါရစေရှင့်။**

**ဖြေ။** ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)ကို ၂၀၁၉ ခုနှစ် ဇွန်လ ၆ ရက်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လွှဲပြောင်းမှု စတင်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁ ရက်မှာ တရားဝင် လွှဲပြောင်းယူခဲ့ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာရဲ့ ရည်ရွယ်ချက်ကိုလည်း ပြင်ပါတယ်။ အရင်က ပြုပြင်လက်စတွေကို ဆက်လက်လုပ်ဆောင်သလို ဖြည့်စွက်တာတွေရှိပါတယ်။ ရန်ကုန်မှာရှိတဲ့ တိုင်းရင်းသားတွေသာမက တစ်နိုင်ငံလုံးက တိုင်းရင်းသားများရဲ့ ဆုံမှတ်နေရာအဖြစ် သတ်မှတ်ပြီး အပန်းဖြေအနားယူတာ တစ်ခုတည်းမဟုတ်ဘဲ တစ်နေရာတည်းမှာ တိုင်းရင်းသားယဉ်ကျေးမှုတွေ တစုတစည်းတည်း ရှိတာကို လေ့လာနိုင်အောင် ပြုပြင်ပြောင်းလဲမှုတွေကို စတင်အကောင်အထည်ဖော်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးထဲက တိုင်းရင်းသားလူမျိုးစုတွေရဲ့ စာပေယဉ်ကျေးမှုအသင်းအဖွဲ့တွေနဲ့ အစည်းအဝေးတွေ လုပ်ပါတယ်။ အရင်ထက် ပြည်သူတွေပိုပြီး လာရောက်လေ့လာကြပါတယ်။ အခါကြီးရက်ကြီး ရုံးပိတ်ရက်တွေမှာ ပိုပြီးလာရောက်ကြသလို တိုင်းရင်းသား လူမျိုးစုတွေရဲ့ ပြည်နယ်နေ့၊ အမျိုးသားနေ့အခမ်းအနားတွေ လာရောက်ကျင်းပခွင့်ပြုပါတယ်။ တိုင်းရင်းသားတွေရဲ့ ထုတ်ကုန်တွေ အစားအသောက်ရောင်းတာတွေကို စီစဉ်ဆောင်ရွက်ပေးပါတယ်။

ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်)ကို နိုင်ငံတော်သမ္မတကြီးက ကြည့်ရှုစစ်ဆေးပြီး လမ်းညွှန်ချက်တွေ ပေးပါတယ်။ တိုင်းရင်းသားရေးရာ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနဲ့ ဖော်ဆောင်မှုရေးရာကော်မတီ ဥက္ကဋ္ဌဖြစ်တဲ့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူကလည်း နှစ်ခေါက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်တဲ့လမ်းညွှန်ချက်တွေပေးပါတယ်။ တိုင်းရင်းသားလူမျိုးတွေရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေကို တစ်နေရာတည်းမှာ တစုတစည်းတည်း လေ့လာနိုင်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုကိန်းအောင်းခိုင်မာလာစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုဖြစ်ထွန်းလာစေပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို တိုင်းရင်းသားမျိုးနွယ်စုတွေ စုစည်းရာနေရာ Ethnic Communication Centre – ECC အဖြစ် သတ်မှတ်အသုံးပြုနိုင်ဖို့ နိုင်ငံတကာတွေမှာ ဆောင်ရွက်နေသလို အဆင့်မြင့်မားလာအောင် ဆောင်ရွက်နေပါတယ်။

အဲဒီလိုဆောင်ရွက်ရာမှာ တိုင်းရင်းသားပြည်သူတွေ အပန်းဖြေနိုင်ဖို့ ရည်ရွယ်ပြီး အပတ်စဉ် ဖျော်ဖြေရေးအစီအစဉ်တွေ၊ တိုင်းရင်းသားစာပေနဲ့ ယဉ်ကျေးမှုအသင်းအဖွဲ့တွေရဲ့ ရိုးရာယဉ်ကျေးမှု ဖျော်ဖြေတင်ဆက်မှု အပါအဝင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ ပူးပေါင်းဖျော်ဖြေတင်ဆက်မှုတွေနဲ့ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းရင်းသားလူမျိုးတွေရဲ့ ရိုးရာအက၊ ရိုးရာတူရိယာ အတီးအမှုတ်သင်တန်းတွေကို ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာ(ရန်ကုန်)မှာ ဖွင့်လှစ်ခဲ့ပြီး လက်ဆင့်ကမ်းအမွေပေးနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**မေး။ တိုင်းရင်းသားတွေပညာသင်ကြားဖို့နဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိဖို့ ဖော်ဆောင်ပေးနေမှုတွေကိုလည်း သိရှိလိုပါတယ်။**

**ဖြေ။** တိုင်းဒေသကြီး/ပြည်နယ်တွေမှာရှိတဲ့ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတွေက ပညာအရည်အချင်း အသင့်အတင့်ရှိတဲ့ လူငယ်တိုင်းရင်းသားတွေကို ဖော်ထုတ်ပေးတယ်။ ဝန်ကြီးဌာနအနေနဲ့ အဲဒီတိုင်းရင်းသားလူငယ်တွေကို အလုပ်အကိုင်ဖန်တီးပေးနိုင်ဖို့ ပညာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး ၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်အတွင်း နေ့စားလပေး Teaching Assistant ၅၁၆၁ ဦး၊ ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်မှာ Teaching Assistant နှင့် တိုင်းရင်းသားဘာသာသင် Language Teacher ၇၂၆၃ ဦးတို့ကို အခြေခံပညာကျောင်းတွေမှာ ခန့်ထားနိုင်ခဲ့ပါတယ်။

ဒါ့အပြင် တိုင်းရင်းသားလူငယ်တွေ အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်စေဖို့ ဆုထူးပန် ပညာဒါနဖောင်ဒေးရှင်းက တည်ထောင်တဲ့ ကျောက်မျက်ရတနာ အချောထည် ထုတ်လုပ်ရေးနဲ့ အသက်မွေးမှုအတတ်ပညာသိပ္ပံကျောင်းမှာ မျိုးဆက်သစ်လူငယ်တွေ တက်ရောက်ခွင့်ရရှိရေးအတွက် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများရဲ့ ထောက်ခံမှုနဲ့ ဝန်ကြီးဌာနက ရွေးချယ်သင်ကြားပေးခဲ့ပါတယ်။ အသက်မွေးဝမ်းကျောင်းသင်တန်းအမှတ်စဉ်(၁)ကို ၂၀၁၉ ခုနှစ် ဇွန်လ ၁၈ ရက်က စတင်ပြီး စာတွေ့လက်တွေ့ တစ်နှစ်ကြာ မန္တလေးမြို့မှာ အခမဲ့ ဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်။ ကျောက်စိမ်း ကွန်ပျူတာပန်းပုပညာ၊ ကျောက်စိမ်းလက်မှု ပန်းပုပညာ၊ ပတ္တမြားနီလာ ဖြတ်သွေး(အပွင့်)ပညာ၊ စက်ပန်းထိမ်ပညာ၊ လက်ပန်းထိမ်ပညာ၊ ကျောက်စိမ်း (အပွင့်)ပညာ၊ ကျောက်စိမ်းပုတီးပညာ၊ ကျောက်စိမ်းလက်ကောက်ပညာ၊ တရုတ်စာပညာ၊ ကျောက်စီပန်းချီပညာနဲ့ ပန်းချီပညာတို့ကို သင်ကြားပေးနိုင်ခဲ့ပါတယ်။

**မေး။ တိုင်းရင်းသားလူမျိုးစုတွေရဲ့ ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှု ထိန်းသိမ်းခြင်းဆိုင်ရာ ဆောင်ရွက်ချက်တွေကို ပြောပြပေးပါရှင့်။**

**ဖြေ။** တိုင်းရင်းသားလူမျိုးစုတွေဟာ မတူကွဲပြား အရောင်အသွေးစုံစွာ တစုတစည်းတည်း နေထိုင်လာကြတယ်၊ ဒါပေမယ့် ခေတ်ကာလအလိုက် တိုင်းရင်းသားလူမျိုးစုတွေရဲ့ ရိုးရာဝတ်စားဆင်ယင်မှုတွေ ပြောင်းလဲလာတာကို တွေ့မြင်ရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တိုင်းရင်းသားမျိုးစုံရဲ့ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုတွေကို ခေတ်ကာလ ပြောင်းလဲလာမှုအရ မှတ်တမ်းအဖြစ် ပြုစုထားရှိဖို့လိုအပ်လာပါတယ်။ တိုင်းရင်းသားလူမျိုးစု အမျိုးသား၊ အမျိုးသမီး ဝတ်စားဆင်ယင်မှုအားလုံးကို စုံစုံလင်လင် မှတ်တမ်းတင်ထားရှိဖို့ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် စုဆောင်းထားတဲ့ မှတ်တမ်းဓာတ်ပုံတွေကို အပြန်အလှန်ဖလှယ်မှုပြုပြီး စုစည်းနေပါတယ်။ စုစည်းရရှိပြီးတဲ့ ဓာတ်ပုံတွေကို တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေ ထိန်းသိမ်းစောင့်ရှောက်ရေးရှုထောင့်နဲ့ သေချာစိစစ်ပြီး မှတ်တမ်းတင်ပြုစုနိုင်ဖို့ သာမက စာအုပ်အဖြစ်ထုတ်ဝေနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ တိုင်းရင်းသားတွေကို လေ့လာရေးခရီးစဉ်တွေ ဆောင်ရွက်ပေးဖြစ်ပုံကိုလည်း သိရှိလိုပါတယ်ရှင့်။**

**ဖြေ။** ၂၀၁၉ ခုနှစ်မှာ ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ ရခိုင်ပြည်နယ်မှ တိုင်းရင်းသားလူမျိုးစု ၉၄ ဦးကို ပထမအကြိမ်၊ ကချင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးမှ တိုင်းရင်းသားလူမျိုးစု ၉၀ ကို ဒုတိယအကြိမ်၊ ကယားပြည်နယ်နဲ့ ချင်းပြည်နယ်မှ တိုင်းရင်းသားလူမျိုးစု ၁၀၇ ဦးကို တတိယအကြိမ် နေပြည်တော်လေ့လာရေးခရီးစဉ်တွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် စတုတ္ထအကြိမ်

အထူးကဏ္ဍ [ ဂ ] သို့ »»»





နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်မြို့ ကျိုက္ကဆံ အားကစားကွင်း၌ ဖေဖော်ဝါရီလ ၁ ရက်နေ့က ကျင်းပသည့် သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၀) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

»»» အထူးကဏ္ဍ [ ခ ] မှ

အဖြစ် စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့မှ တိုင်းရင်းသား လူမျိုးစု ၁၀၁ ဦး၊ ၂၀၂၀ ပြည့်နှစ်မှာနေပြည်တော်ပြည်ထောင်စုနယ်မြေ၊ မကွေးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်းမှ တိုင်းရင်းသားလူမျိုးစု ၉၂ ဦးကို ပဉ္စမအကြိမ်စတဲ့ တိုင်းရင်းသားစာပေနဲ့ ယဉ်ကျေးမှုအသင်းအဖွဲ့ ကိုယ်စားလှယ်တွေကို နေပြည်တော် အပါအဝင် ရန်ကုန်တိုင်းဒေသကြီးကို လေ့လာရေးခရီးစဉ်တွေအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလို အရှေ့နဲ့အနောက်၊ တောင်နဲ့မြောက်တို့မှ တိုင်းရင်းသားလူမျိုးစုတွေကို ဖိတ်ခေါ် တွေ့ဆုံမှုပြုလုပ်ခဲ့တဲ့အတွက် တိုင်းရင်းသားအချင်းချင်း ရင်းရင်းနှီးနှီး တွေ့ဆုံခွင့်ရရှိပြီး ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေကို ထိန်းသိမ်းလိုစိတ်တွေ ပွားများလာမှာဖြစ်ပါတယ်။ တစ်ဦးနဲ့တစ်ဦး အမြင်ချင်းဖလှယ်ပြီး ချစ်ကြည်ရင်းနှီးမှုတွေ ပိုမိုတိုးပွားလာမယ်၊ ပြည်ထောင်စုစိတ်ဓာတ်တွေ ပိုမိုခိုင်မာလာပြီး ငြိမ်းချမ်းရေးရရှိရေးဟာ အဓိကဖြစ်တာကို သိမြင်လာစေမယ်၊ ဒေသန္တရဗဟုသုတတွေရရှိလာစေမယ်စတဲ့ အကျိုးတရားတွေ ရရှိစေမှာဖြစ်ပါတယ်။

**ဦးမင်းအေးကို (ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)**

**မေး။** တိုင်းဒေသကြီးပြည်နယ် ဦးစီးဌာနရုံး အဆောက်အဦသစ်များကို Ethnic Communication Centre – ECC အဖြစ် အသုံးပြုနိုင်ရန် ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းပြပေးပါရှင့်။

**ဖြေ။** ၂၀၁၇ ခုနှစ်ကစတင်ပြီး တိုင်းဒေသကြီးပြည်နယ်တွေမှာ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနအနေနဲ့ ဦးစီးဌာနရုံး ၁၄ ရုံး ဖွင့်လှစ်ခဲ့ပါတယ်။ ကိုယ်ပိုင်မြေနေရာမှာ ကိုယ်ပိုင်အဆောက်အဦ ၉ ခု ဖွင့်လှစ်နိုင်ခဲ့ပါပြီ။ ၂၀၁၈ ခုနှစ်မှာ မော်လမြိုင်မြို့၊ ဘားအံမြို့၊ လွိုင်ကော်မြို့၊ ၂၀၁၉ ခုနှစ်မှာ ပုသိမ်မြို့၊ ပဲခူးမြို့၊ ရန်ကုန်မြို့နဲ့ ၂၀၂၀ ပြည့်နှစ်မှာ မုံရွာမြို့၊ ဟားခါးမြို့တို့မှာ ဦးစီးဌာနရုံး အဆောက်အဦသစ်တွေ ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်ရုံး – စစ်တွေမြို့မှာ ရုံးအဆောက်အဦသစ် ဆောက်လုပ်ပြီးစီးလို့ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်မှာပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ်နဲ့ ကချင်ပြည်နယ်ရုံး – မြစ်ကြီးနားမြို့၊ တနင်္သာရီတိုင်းဒေသကြီးရုံး – ထားဝယ်မြို့၊ မကွေးတိုင်းဒေသကြီးရုံး – မကွေးမြို့တို့မှာ ဦးစီးဌာနရုံး အဆောက်အဦသစ်တွေ တည်ဆောက်တဲ့ လုပ်ငန်းတွေကို သက်ဆိုင်ရာ တိုင်းဒေသကြီးပြည်နယ်အစိုးရအဖွဲ့တွေကို လုပ်ငန်းအပ်နှံခဲ့ပြီး ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြီးစီးနိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီရုံး အဆောက်အဦသစ်တွေမှာ အစည်းအဝေးပွဲတွေ၊ တိုင်းရင်းသားဒေသသင်ရိုးများ ရေးဆွဲရေးအခမ်းအနားတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေစတဲ့ တိုင်းရင်းသားရေးရာကိစ္စရပ်တွေ ကျင်းပနိုင်ရေး၊ သက်ဆိုင်ရာ တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့တွေ အပါအဝင် ဒေသခံတိုင်းရင်းသားတွေရဲ့ ဆုံစည်းရာနေရာ Ethnic Communication Centre – ECC အဖြစ် အသုံးပြုနိုင်ရေးဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

**မေး။** ဒြပ်မဲ့ယဉ်ကျေးမှုကို ဖော်ထုတ်ထိန်းသိမ်းဖို့ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်နေတာတွေကို ရှင်းပြပေးပါရှင့်။

**ဖြေ။** ဒြပ်မဲ့ယဉ်ကျေးမှု ဖော်ထုတ်ထိန်းသိမ်းရေးကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆောင်ရွက်နေသလို ဝန်ကြီးဌာနကလည်း ပူးပေါင်းဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားလူမျိုးစုတွေရဲ့ ဘာသာစကား၊ အတွေးအခေါ်၊ ကိုးကွယ်ယုံကြည်မှု၊ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာနဲ့ ပွဲတော်တွေဟာ ဒြပ်မဲ့ယဉ်ကျေးမှုတွေ ဖြစ်ကြပါတယ်။ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုနဲ့ အမျိုးသားအဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းတင်သွင်းမှုဆိုင်ရာ လုပ်ငန်းစဉ်၊ လုပ်ထုံးလုပ်နည်းတွေကို ဝန်ကြီးဌာနမှ ဝန်ထမ်းတွေ သိရှိနားလည်ကာ ပြန်လည်အသုံးချနိုင်စေဖို့ ရည်ရွယ်ပြီး ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေကို ကျင်းပပြုလုပ်ပေးခဲ့ပါတယ်။ အမျိုးသား ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း ကောက်ယူရေးလုပ်ငန်းတွေကို ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းတွေက တိုင်းဒေသကြီးပြည်နယ်တွေမှာ ဆောင်ရွက်နေပါတယ်။

ဒိုင်ချင်းတိုင်းရင်းသားလူမျိုးရဲ့ နှာခေါင်းနဲ့ ပလွေမှုတ်ခြင်းကို ဝန်ထမ်းတွေအားလုံး သိရှိနိုင်ဖို့ သရုပ်ပြသမှုပြုလုပ်ခဲ့ပါတယ်။ နှာခေါင်းနဲ့ ပလွေမှုတ်တဲ့အတတ်ပညာကို ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)က ဝန်ထမ်းတွေကို လက်ဆင့်ကမ်းသိရှိနိုင်ဖို့ သင်တန်းဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကို ဝန်ကြီးဌာနက တစ်ဖက်တစ်လမ်းက ထိန်းသိမ်းစောင့်ရှောက်နေပါတယ်။

**ဦးဝင်းနိုင်(ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန)**

**မေး။** တိုင်းရင်းသားလူမျိုးတွေရဲ့ အမျိုးသားရေးလက္ခဏာနဲ့ သမိုင်းအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေမှုတွေကို ပြောပြပေးပါရှင့်။

**ဖြေ။** ဒုတိယအကြိမ် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ၂၀၂၀"မှာ မြန်မာနိုင်ငံရှိပြည်သူလူထုတွေအပြင် နိုင်ငံခြားသားတွေပါ အကုန်လုံးသိရှိအောင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြခန်းကို ဒီနှစ်မှာ စတင်ခင်းကျင်းပြသနိုင်ခဲ့ပါတယ်။ ပြခန်းအတွင်း တိုင်းရင်းသားဝတ်စားဆင်ယင်မှု ရိုးရာဝတ်စုံ အစုံ ၇၀ ကျော် ခင်းကျင်းပြသနိုင်ခဲ့ပါတယ်။ တိုင်းရင်းသား စာအုပ်စာတမ်းတွေ၊ ပုံပြပုံပြင်စာအုပ်တွေ၊ တိုင်းရင်းသားလူမျိုးတွေရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ဥပဒေကို ဘာသာပြန်ထားတဲ့ စာအုပ်တွေ၊ တိုင်းရင်းသားတွေရဲ့

**တိုင်းရင်းသားစာပေတတ်မြောက်ရေးအနေနဲ့ ၂၀၁၈ - ၂၀၁၉ ဘတ်ဂျက်နှစ်မှာ တိုင်းရင်းသားဘာသာ ၆၆ မျိုးနဲ့ ပုံနှိပ်ထားတဲ့ တိုင်းရင်းသားပုံပြပုံပြင်စာအုပ်ရေ စုစုပေါင်း ၃၄ သိန်းကျော် ပုံနှိပ်နိုင်ခဲ့ပြီး အုပ်ရေ ၁၀ သိန်းကျော်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး ပြည်နယ်အသီးသီးကို ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ လာမယ့်မေလ ကျောင်းမဖွင့်ခင် နောက်ထပ်အုပ်ရေ ၁၀ သိန်းကျော်ကို ပြည်သူလူထု လက်ဝယ်အရောက် ဖြန့်ဖြူးသွားမယ့် အစီအစဉ်ရှိပါတယ်။**

ပုံနှိပ်စာအုပ်တွေကို ခင်းကျင်းပြသခဲ့ပြီး ပြည်သူလူထုက စိတ်ဝင်တစား လေ့လာကြတာကို တွေ့ရပါတယ်။

တိုင်းရင်းသားစာပေတတ်မြောက်ရေးအနေနဲ့ ၂၀၁၈ – ၂၀၁၉ ဘတ်ဂျက်နှစ်မှာ တိုင်းရင်းသားဘာသာ ၆၆ မျိုးနဲ့ ပုံနှိပ်ထားတဲ့ တိုင်းရင်းသားပုံပြပုံပြင်စာအုပ်ရေ စုစုပေါင်း ၃၄ သိန်းကျော် ပုံနှိပ်နိုင်ခဲ့ပြီး အုပ်ရေ ၁၀ သိန်းကျော်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး ပြည်နယ် အသီးသီးကို ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ လာမယ့်မေလ ကျောင်းမဖွင့်ခင် နောက်ထပ် အုပ်ရေ ၁၀ သိန်းကျော်ကို ပြည်သူလူထု လက်ဝယ်အရောက် ဖြန့်ဖြူးသွားမယ့် အစီအစဉ်ရှိပါတယ်။

ဒေသသင်ရိုးလို့ခေါ်တဲ့ တိုင်းရင်းသားဘာသာနဲ့ ပညာသင်ကြားရေးအတွက် UNICEF နဲ့ ညှိနှိုင်းပြီး ပြည်နယ် ၄ ခုမှာ တိုင်းရင်းသားဘာသာစကားနဲ့ ပြုစုထားတဲ့ ဒေသသင်ရိုးစာအုပ် Level I, II, III ပုံနှိပ်ထုတ်ပြန်နိုင်ဖို့ ပညာရေးဝန်ကြီးဌာနနဲ့ ချိတ်ဆက်ဆောင်ရွက်ခဲ့ပါတယ်။ အလားတူ တိုင်းရင်းသား အစားအသောက်တွေနဲ့စပ်လျဉ်းတဲ့ Documentary ရိုက်ဖို့ အစီအစဉ်လည်း ရှိပါတယ်။ တိုင်းရင်းသားအစားအသောက်တွေက ကျန်းမာရေးညီညွတ်အောင် ကျန်းမာရေးရှုထောင့်အမြင် ရိုးရာယဉ်ကျေးမှုအမြင်ရောသုံးသပ်ဖို့ အစီအစဉ်တွေလည်း ရှိပါတယ်။

တိုင်းရင်းသားစာပေနဲ့ ယဉ်ကျေးမှုတွေ ဖွံ့ဖြိုးတိုးတက်ရေး၊ တိမ်ကောပပျောက်မှု မရှိစေရေး၊ အစဉ်တည်တံ့ခိုင်မြဲစေရေးစတဲ့ ဦးတည်ချက်တွေနဲ့ နွေရာသီကာလအတွင်း အခြေခံပညာကျောင်းတွေမှာ တိုင်းရင်းသားစာပေသင်ကြားမှု၊ ဒေသသင်ရိုးညွှန်းတမ်းရေးဆွဲမှု၊ တိုင်းရင်းသားဘာသာ ၆၄ မျိုး သင်ကြားခွင့်ရရှိစေရေးဆောင်ရွက်မှု၊ မူကြိုနဲ့ KG တန်းတွေအတွက် တိုင်းရင်းသားဘာသာ၊ မြန်မာဘာသာနှစ်မျိုးနဲ့ ရိုက်နှိပ်ဖော်ပြထားတဲ့ ပုံပြပုံပြင်စာအုပ် (ရုပ်ပြ)တွေကို တိုင်းရင်းသားဘာသာ ၆၆ မျိုးနဲ့ ဘာသာပြန် ဆောင်ရွက်နေပါတယ်။

တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ တိုင်းရင်းသားစာပေ၊ လူမျိုးစုတွေရဲ့ ရိုးရာဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ လူနေမှုဘဝပုံစံ၊ ကိုးကွယ်ယုံကြည်မှု၊ ပွဲတော်တွေကို ကွင်းဆင်းမှတ်တမ်းတင်မှု၊ တိုင်းရင်းသားလူမျိုးတွေရဲ့ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ အသုံးအဆောင်ပစ္စည်းတွေနဲ့ တူရိယာပစ္စည်းတွေ ခင်းကျင်းပြသမှု၊ တိုင်းရင်းသားစာပေနဲ့ ယဉ်ကျေးမှုအသင်းအဖွဲ့တွေကို တရားဝင်အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့် ရရှိအောင်ဆောင်ရွက်မှု၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးစာစောင်တွေ၊ UNICEF က ထုတ်ဝေတဲ့ နို့ဆေ့ပညာပေး ပိုစတာတွေကို တိုင်းရင်းသားဘာသာတွေနဲ့ ပြန်ဆိုမှုဆောင်ရွက်နေပါတယ်။ ဒါ့အပြင် တိုင်းရင်းသားလူမျိုးတွေရဲ့ အမည်နာမရှေ့မှာတပ်တဲ့ အခေါ်အဝေါ်တွေ ပြုစုထားတာလည်း ခရီးရောက်နေပါပြီ။

ကျန်းမာရေး စံပြုအချက်အလက်စာအုပ် Version–1 မှာ အာဟာရပြည့်ဝတဲ့ တိုင်းရင်းသား ရိုးရာအစားအစာ ၃၇၄ မျိုး ထည့်သွင်းဖော်ပြနိုင်ရေး စုစည်းမှု၊ တိုင်းရင်းသားလူမျိုးတွေရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေ၊ နည်းဥပဒေတွေကို တိုင်းရင်းသားဘာသာနဲ့ ပြန်ဆိုမှုတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

တိုင်းရင်းသား စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ တိုင်းရင်းသားအဖွဲ့တွေ ဖွံ့ဖြိုးစေဖို့ ရည်ရွယ်ပြီး ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်မှာ နေပြည်တော်ကောင်စီနယ်မြေက ၈ ဖွဲ့၊ ကချင်ပြည်နယ်က ၁၂ ဖွဲ့၊ ကယားပြည်နယ်က ၁၃ ဖွဲ့၊ ချင်းပြည်နယ်က ၁၃ ဖွဲ့နဲ့ စစ်ကိုင်းတိုင်းဒေသကြီးက ၄ ဖွဲ့ စုစုပေါင်း တိုင်းရင်းသားစာပေနဲ့ ယဉ်ကျေးမှုအဖွဲ့ ၅၀ ကို ထောက်ပံ့ငွေကျပ် သန်း ၂၀ ကျော် ပေးအပ်ခဲ့ပါတယ်။

**မေး။** တိုင်းရင်းသားလူမျိုးတွေရဲ့ အခမ်းအနားတွေ နေ့ထူးနေ့မြတ်တွေ ကျင်းပပေးခြင်းဖြင့် ရရှိလာတဲ့ အကျိုးကျေးဇူးတွေကို ပြောပြပေးပါရှင့်။

**ဖြေ။** နိုင်ငံတော်အစိုးရအနေနဲ့ သက်ဆိုင်ရာလူမျိုးစုတွေရဲ့ ပွဲတော်တွေ ကျင်းပခွင့်ပြုတဲ့အပြင် တိုင်းရင်းသားလူမျိုးစုတွေကို ဂုဏ်ပြုအားပေးတာတွေ ဆောင်ရွက်ခဲ့ပါတယ်။ ပွဲတော် အခမ်းအနားတွေကို နိုင်ငံတော်အကြီးအကဲတွေ တက်ရောက်တာ၊ သဝဏ်လွှာပေးပို့တာ၊ ပြည်ထောင်စုဝန်ကြီးတွေ တက်ရောက်တာ၊ သက်ဆိုင်ရာအစိုးရအဖွဲ့တွေ တက်ရောက်တာ၊ ပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းစဉ်တွေမှာ ပေါင်းစပ်ညှိနှိုင်းပေးတာ၊ ထောက်ပံ့ငွေပေးအပ်တာတွေကို ဆောင်ရွက်ပေးနေတဲ့အတွက် တိုင်းရင်းသားလူမျိုးစုတွေ အခွင့်အရေးတွေရရှိနေပြီ ဖြစ်ပါတယ်။

တိုင်းရင်းသားတွေက မြန်မာနိုင်ငံအတွင်း ပျံ့နှံ့နေထိုင်ကြပြီး ပွဲတော်တွေ ကျင်းပပြုလုပ်ခြင်းဖြင့် တိုင်းရင်းသားအချင်းချင်း ရင်းနှီးစွာတွေ့ဆုံခွင့်ရရှိမယ်၊ တစုတစည်းတည်း စည်းလုံးညီညွတ်မှုကို ပြသနိုင်မယ်၊ မိမိလူမျိုးနဲ့ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံတွေကို ထိန်းသိမ်းလိုစိတ်ရှိလာမယ်၊ အမြင်ချင်းဖလှယ်ပြီး

အထူးကဏ္ဍ [ ဃ ] သို့ »»»

ဖြူမှုံ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ
မေ ၂၂၊ ၂၀၂၀
(ဗုဒ္ဓဟူးနေ့)




၂၅-၁၀-၂၀၁၉ ရက်နေ့၌ ဒိုင်ချင်းလူမျိုးတစ်ဦး၏ နှာခေါင်းဖြင့် ပလွေမှုတ် သရုပ်ပြမှုကိုတွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ဂ ] မှ

ချစ်ကြည်ရင်းနှီးမှု၊ ပြည်ထောင်စုစိတ်ဓာတ်တွေ ပိုမိုခိုင်မာလာမှုကို ပြသနိုင်တဲ့အတွက် ငြိမ်းချမ်းရေးရရှိရေးကြိုးပမ်းမှုနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးမှာ အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။

**ဒေါက်တာအယ်လ်တူးမိန်းဂေါင်**

**(ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန)**

**မေး။** တိုင်းရင်းသားလူမျိုးတွေရဲ့ အခွင့်အရေးတွေကို ဥပဒေနဲ့အညီ အပြည့်အဝရရှိခံစားနိုင်ဖို့ ဆောင်ရွက်ခဲ့မှုတွေကို ပြောပြပေးပါဦးရှင့်။

**ဖြေ။** တိုင်းရင်းသားအခွင့်အရေး၊ ရပိုင်ခွင့်နဲ့ စပ်လျဉ်းပြီး တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးကို ဝန်ထမ်းတွေက ဖြန့်ကြက်ကွင်းဆင်းပြီး ပြည်သူလူထုကို နီးနီးကပ်ကပ် ပညာပေး ဆောင်ရွက်ခဲ့ပါတယ်။ ကွင်းဆင်းစစ်တမ်းကောက်ယူရရှိတဲ့ အခြေအနေပေါ်မူတည်ပြီး တိုင်းရင်းသား အခွင့်အရေးအတွက် ရေရှည်ဆောင်ရွက်သွားရမယ့် မဟာဗျူဟာမူကြမ်းကို ရေးဆွဲပြုစုခဲ့ပါတယ်။ မဟာဗျူဟာ မူကြမ်းရေးဆွဲမှုမှာ တိုင်းဒေသကြီးပြည်နယ်များရှိ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးတွေကို ဖိတ်ကြားပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၉ ရက်မှာ ညှိနှိုင်းအစည်းအဝေး ဆောင်ရွက်ခဲ့ပါတယ်။ ဆွေးနွေးချက် Outcome တွေနဲ့ ပထမ မူကြမ်းရရှိခဲ့ပါတယ်။ သက်ဆိုင်ရာ State Holders တွေကို ဖိတ်ကြားပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမယ့် တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ မဟာဗျူဟာ ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မဟာဗျူဟာကို မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း ၂၀၁၈ – ၂၀၃၀ (MSDP)နဲ့ ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၉ – ၂၀၂၀ ခုနှစ်မှာ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောခြင်းနဲ့ ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက် ဆန်းစစ်စီမံခြင်းအစီအစဉ်ကို တိုင်းဒေသကြီးပြည်နယ်တွေမှာ ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် မတ်လအထိ ၂၄ ကြိမ် ဆန်းစစ်မှုပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ အစီအစဉ်မှာ တိုင်းရင်းသားအခွင့်အရေးနဲ့ ရပိုင်ခွင့်၊ အမျိုးသမီး အခွင့်အရေး၊ မသန်စွမ်းအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ ကလေးသူငယ်ပြုစုပျိုးထောင်ရေးနဲ့ ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒတွေကို အသိပညာပေးတာနဲ့ တိုင်းရင်းသားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းလက်လှမ်းမီရရှိစေရေးတွေ ပါဝင်ပါတယ်။

ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက် ဆန်းစစ်ခြင်းမှ ဒေသနဲ့ကိုက်ညီတဲ့ အသက်မွေးဝမ်းကျောင်းသင်တန်းတွေ ထွက်ပေါ်လာမှာဖြစ်တဲ့အတွက် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ပညာရပ်တွေ သင်ယူခွင့်ရရှိပြီး ဒေသခံတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

**မေး။** တိုင်းရင်းသားလူမျိုးတွေရဲ့ အခွင့်အရေးတွေ ကာကွယ်စောင့်ရှောက်ရေး နည်းဥပဒေတွေနဲ့စပ်လျဉ်းပြီး ပြည်သူသိရှိအောင် ပြောပြပေးပါရှင့်။

**ဖြေ။** တိုင်းရင်းသားလူမျိုးတွေရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးကို ဥပဒေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပိုမိုရှင်းလင်းလွယ်ကူစွာ လုပ်ဆောင်နိုင်ဖို့၊ ဖြစ်ပွားနေတဲ့ အငြင်းပွားမှုတွေ ထိရောက်စွာဖြေရှင်းနိုင်ဖို့ ရည်ရွယ်ပြီး တိုင်းရင်းသားလူမျိုးတွေရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေကို ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၃ ရက်မှာ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

နည်းဥပဒေကို လွှတ်တော်နှစ်ရပ်သို့ ပေးပို့ထားပြီး လွှတ်တော်နှစ်ရပ်က ဖြည့်စွက်ပြင်ဆင် ချက်အပေါ် အတည်ပြုချက်ရရှိရင် နည်းဥပဒေတွေကို ပြင်ဆင်ချက်ထုတ်ပြန်ကြေညာသွားမှာပါ။ နည်းဥပဒေထဲမှာ တိုင်းရင်းသားအခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အသေးစိတ်လုပ်ငန်းစဉ်တွေ ထည့်သွင်းရေးဆွဲထားတဲ့အတွက် တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေရဲ့ အခွင့်အရေးကို ထိပါးခံရတယ်ဆိုရင် ဝန်ကြီးဌာနအနေနဲ့ စနစ်တကျတင်ပြပေးနိုင်မှာဖြစ်ပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကို တိုင်းရင်းသားဒေသတွေအတွင်း ဆောင်ရွက်တဲ့ စီမံကိန်း၊ စီမံချက်တွေက တိုင်းရင်းသားတွေရဲ့ လူမှုရေး၊ စီးပွားရေးအပေါ်မှာ ဘယ်လိုသက်ရောက်မှုရှိလဲ ဆန်းစစ်ဖော်ထုတ်ဖို့ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတွေက တင်ပြကြပါတယ်။ ဒါကို တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ နည်းဥပဒေမှာလည်း ထည့်သွင်းရေးဆွဲထားပါတယ်။ စီမံကိန်းကြီးတွေ တိုင်းရင်းသားဒေသတွေမှာ ဆောင်ရွက်မယ်ဆိုရင် စီမံကိန်းကြီးတွေနဲ့ ပတ်သက်တဲ့ အကျိုးအပြစ်၊ လားရာအားလုံးကို ဒေသခံတိုင်းရင်းသားတွေကိုပြီးပြည့်စုံစွာ သေချာချပြဆောင်ရွက်သွားဖို့ သက်ဆိုင်ရာ တိုင်းဒေသကြီးပြည်နယ်အစိုးရနဲ့ ဝန်ကြီးဌာန အားလုံးက စီမံကိန်းဆိုင်ရာ အချက်အလက်တွေကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ပေးပို့ပြီး ညှိနှိုင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

**ဦးလဖိုင်ခွန်ဆာ(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်အသင်း)**

**မေး။** မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းအနေနဲ့ တိုင်းရင်းသားတွေရဲ့ စီးပွားရေးဖွံ့ဖြိုး တိုးတက်စေဖို့ ဆောင်ရွက်နေမှုကို ရှင်းပြပေးပါရှင့်။

**ဖြေ။** ၂၀၂၀ ပြည့်နှစ်မှာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းပြီး တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို နေပြည်တော်မှာ ကျင်းပနိုင်ဖို့ ဆွေးနွေးထားပါတယ်။ ဖိုရမ်မှာ ဆွေးနွေးချက်ရလဒ်တွေအရ တိုင်းရင်းသား အကျိုးစီးပွားအတွက် ဖော်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုကျင်းပနိုင်ရေးအတွက် မွန်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက Mon Business Forum ကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂ ရက်မှ ၃ ရက်အထိ မွန်ပြည်နယ် မော်လမြိုင်မြို့မှာ ကျင်းပခဲ့ပါတယ်။ ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက Kachin Business Forum ကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်မှ ၁၅ ရက်အထိ ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှာ ကျင်းပခဲ့ပါတယ်။

**မင်းဗညားစန်း**

**(အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း)**

**မေး။** တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြောပြပေးပါဦးရှင့်။

**ဖြေ။** တိုင်းရင်းသားဒေသတွေ၊ တိုင်းရင်းသားတွေရဲ့ စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းက ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့ ကူညီပံ့ပိုးမှု မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပတဲ့ သွေးချင်းတို့ရဲ့ ပွဲတော်တွေ ကျင်းပနိုင်တာဖြစ်တယ်။ ဒါကြောင့် ဝန်ကြီးဌာနကို အားရပါတယ်။

**ဒေါက်တာနုမြဖံ (ပြတိုက်ပညာရှင်)**

**မေး။** တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနရဲ့ ဆောင်ရွက်နေမှုအပေါ် အမြင်ကို ပြောပြပေးပါရှင့်။

**ဖြေ။** တိုင်းရင်းသားပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဟာ စတုတ္ထ (၁) နှစ်တာမှာ တိုင်းရင်းသားစာပေသင်ယူခွင့် ပိုမိုပြည့်စုံလာပါတယ်။ ပိုမိုတိကျတဲ့ သင်ကြားခွင့်တွေ ရရှိလာပါတယ်။ တိုင်းရင်းသားအခွင့်အလမ်းတွေ ဖော်ဆောင်ပေးပါတယ်။ အခမ်းအနား၊ ပွဲတော်နဲ့ စာပေတွေ အားပေးမြှင့်တင်ပေးပါတယ်။ တိုင်းရင်းသားရုပ်ပြပုံပြင် စာအုပ်တွေ ပုံနှိပ်ထုတ်ဝေပေးပါတယ်။ တိုင်းရင်းသားပေါင်းစုံက သက်ဆိုင်ရာ တိုင်းရင်းသား ဘာသာစကားတွေနဲ့ ဘာသာပြန်၊ အသီးသီးပုံနှိပ်ပြီး မြန်မာနိုင်ငံအနှံ့အပြားက တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ အခြေခံပညာကျောင်းတွေအရောက် ဖြန့်ချိပေးပါတယ်။

ဒြပ်မဲ့အမွေအနှစ်တွေ စာရင်းကောက်ယူတဲ့နေရာမှာ တိုင်းရင်းသားလူမျိုးတွေရဲ့ ဒြပ်မဲ့အမွေအနှစ်တွေမပါရင် ပြီးပြည့်စုံခြင်းမရှိပါဘူး။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ဒြပ်မဲ့အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးသင်တန်း ဖွင့်လှစ်ပို့ချပေးပြီး တတ်မြောက်သွားတဲ့ ဝန်ထမ်းတွေက တိုင်းရင်းသားတွေရဲ့ ဒြပ်မဲ့အမွေအနှစ်တွေကို စာရင်းကောက်ယူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဘက်ကို ပေးပို့တဲ့အတွက် ကောင်းမွန်တဲ့ ပူးပေါင်းဆောင်ရွက်မှုဖြစ်ပါတယ်။

“သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀” ကျင်းပမှုဟာ ပြည်ထောင်စုနေ့တစ်ခုလို အနှစ်သာရ ရှိပါတယ်။ သွေးချင်းတို့ရဲ့ပွဲတော်ဆီ Facebook Page မှာ ပြည်သူလူထုရဲ့ အဖြေအများဆုံးဟာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနပြခန်းကို အကြိုက်ဆုံးလို့ပြောကြပါတယ်။

တိုင်းရင်းသားတွေကလည်း ဝန်ကြီးဌာနရဲ့စေတနာနဲ့ လုပ်ဆောင်ပေးချက်တွေကို အသိအမှတ်ပြုပြီး အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုပါတယ်။ နိုင်ငံတော်ကြီးဟာ အားလုံးသော တန်းတူညီတူ အခွင့်အလမ်းတွေရရှိပြီး ငြိမ်းချမ်းသာယာတဲ့ နိုင်ငံတော်ကြီးအဖြစ် ဦးတည်သွားမှာ ဖြစ်ပါတယ်။



၂၉- ၅- ၂၀၁၉ ရက်နေ့၌ နေပြည်တော်တွင် လေ့လာရေးခရီးလာရောက်ကြသည့် တိုင်းရင်းသားလူမျိုးစုများ မဟာသကျရံသီဘုရားအား ဖူးမြော်ကြည်ညိုပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။